# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၂၁ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# (၂၀-၉-၂၀၁၁)

**အချိန် ၊၁၀ ႏ ၀၀။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၁ ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၅.၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကိုကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်မှာဖြစ်သော်လည်း မနေ့က လွှတ်တော်မှာစတင်ဆောင်ရွက်ခဲ့တဲ့ လယ်ယာမြေဥပဒေကြမ်းကို ယနေ့အပြီးဆောင်ရွက်ဖို့ အစီအစဉ်ရှိတဲ့အတွက် အစီအစဉ် ၁၀၊ ၁၁၊ ၁၂ က ဒီနေ့အစီအစဉ်မှာ မဆောင်ရွက်တော့ဘဲနဲ့ နောက်ရက်ကိုရွှေ့ဆိုင်းမှာဖြစ်ပါတယ်။ ယခု ခုနကတင်ပြတဲ့အစီအစဉ်ကလွဲလို့ ကျန်တဲ့အစီအစဉ်များကိုကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဗိုလ်မှူးတင်မောင်လွင် (တပ်မတော်သားကိုယ်စားလှယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြန်တမ်းဝင်အမှတ် ကြည်း ၁၈၉၉၇ ဗိုလ်မှူးတင်မောင်လွင် ဖြစ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့

ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၈၈၁ ဗိုလ်မှူးထွန်းထွန်းဦးနဲ့ ပြန်တမ်းဝင်အမှတ် ကြည်း ၃၃၄၅၀ ယာယီတပ်ခွဲမှူး ဗိုလ်မှူး ဗိုလ်ကြီးအောင်မြတ်ဌေးတို့နှစ်ဦးဟာ တုပ်ကွေးရောဂါဖြစ်ပွားနေပါသဖြင့် ယနေ့ ၂၀-၉-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် သည် ၎င်း၏ဇနီးနေမကောင်းပါသဖြင့် ရန်ကုန်သို့သွားရပါတယ်။ ထို့ကြောင့် ယနေ့ ၂၀-၉-၂၀၁၁ ခုနှစ်၊ ယနေ့ကိုခွင့်တစ်ရက်အဖြစ် ခွင့်ပြုပေးပါရန် ဦးကြည်တင့်ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမှာခွင့်တွေကြိုတင် တင်ထားတာရှိသေးတယ်။ မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း ကြိုတင်ခွင့်တင်ထားပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းသည် ယနေ့ နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင့်ရှင်းစင်တာတွင် အားကစားဝန်ကြီးဌာနမှကျင်းပပြု လုပ်မည့် အစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ကြားခံရပါသဖြင့် ယနေ့ ၂၀ ရက်နေ့ ပြည်သူ့ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်မည်မဟုတ်ပါ၍ ခွင့်တစ်ရက်ပေးနိုင်ပါရန် ကာယကံရှင် ကိုယ်စား ကျွန်တော် ရွှေကူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာဖြစ်ပြီး ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းအတွက် ခွင့်တောင်းခံပေးမှာဖြစ်ပါတယ်ရှင်။ ဒေါ်မိမြင့်သန်းသည် ဆေးစစ်ချက်ပြန်လည်ခံယူရန်အတွက် ခုတင် ၁၀၀၀ ဆေးရုံ ပြင်ပလူနာဌာနသို့ သွားရောက်ရမည်ဖြစ်ရာ ယနေ့ ၂၀-၉-၂၀၁၁ ရက်နေ့ (အင်္ဂါနေ့)ကို ခွင့်တစ်ရက်အဖြစ်သတ်မှတ် ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာအပေါင်း ခညောင်းပါစေလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံ/ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ယခုကျင်းပဆဲ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မေးခွန်းမေးလိုတာကတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ၎င်းတို့ရှိရာနယ်မြေဒေသများနှင့် စပ်လျဉ်း၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံဆောင်ရွက်နေမှုများနှင့် ကမ္ဘာ့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုအခြေအနေများ သိရှိလိုပါသဖြင့် ရှင်းလင်းဖြေကြားနိုင်ပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်း ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံ/ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ သမိုင်းမတင်မီခေတ်က ကျန်ရစ်ခဲ့တဲ့အထောက်အထားများ၊ သမိုင်းတင်ပြီးခေတ်ကျန်ရစ်ခဲ့တဲ့ အထောက်အထားများအရ အလွန်အင်မတန်မှယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ အဲဒီ ယဉ်ကျေးမှုအမွေအနှစ်များဟာ ကျွန်တော်တို့လူမျိုးရဲ့ကိုယ်ပိုင်စရိုက်လက္ခဏာများဖြစ်ပြီး ကမ္ဘာ့အလယ်မှာထည်ထည်ဝါဝါ ရပ်တည်နိုင်ဖို့အထောက်အကူပြုထားတဲ့အမွေအနှစ်များဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီ ယဉ်ကျေးမှုအမွေအနှစ်များကိုစနစ်တကျထိန်းသိမ်း ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ အဲဒီလို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာလည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ရာအတွက် ၁၉၉၈ ခုနှစ်မှာ ရှေးဟောင်းအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၁၁ ခုနှစ်မှာ အဲဒီရှေးဟောင်းဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေရဲ့ နည်းဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းအတည်ပြုပြီးဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါကြောင့် ကနေ့အခါမှာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီနိုင်ငံတော်အစိုးရ ဒေသအာဏာပိုင်နဲ့ ပြည်သူများပါ ပါဝင်ပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ဒ့ါအပြင်လည်းပဲ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ ၁၉၅၇ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ရှေးဟောင်းယဉ်ကျေးမှုဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေနဲ့အညီလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် အဲဒီ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပိုမိုပြီးကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ထိန်းသိမ်းနိုင်ဖို့ရန်အတွက် အဲဒီ ၁၉၅၇ ခုနှစ်ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းတဲ့ဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ မကြာခင်မကြာမီမှာ Cabinet တင်နိုင်မှာဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်တင်ပြီးတဲ့အခါမှာ အဲဒီဥပဒေဟာ အတည်ဖြစ်လာမှာ ဖြစ်တယ်ဆိုတာကို ရှင်းလင်းပြောကြားလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီလို ရှေးဟောင်းအမွေအနှစ်တွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ ကျွန်တော်တို့ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ရာအတွက် ဥပဒေနှင့်အညီ ရှေးဟောင်းယဉ်ကျေးမှုဇုန်များလည်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို သတ်မှတ်ဆောင်ရွက်တဲ့ ရှေးဟောင်းယဉ်ကျေးမှုဇုန်များဟာ မြန်မာနိုင်ငံအတွင်းမှာ ၃၇ ဇုန် ရှိပါတယ်။ အဲဒီတော့ ဒီ ၃၇ ဇုန်ရဲ့ အမည်စာရင်းကိုတော့ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော် အသေးစိတ်ဖတ်ကြားရှင်းလင်းခြင်း မပြုတော့ပါဘူး။ အဲဒီလို ၃၇ ဇုန်သတ်မှတ်တဲ့နေရာမှာ သတ်မှတ်ပုံ၊ သတ်မှတ်နည်းကို ယေဘူယျအားဖြင့် ကျွန်တော် ရှင်းလင်းပြောကြားရလို့ရှိရင် ကျွန်တော်တို့ ရှေးဟောင်းလူတူပရိုင်းမိတ်များ၊ တွေ့ရှိရာဒေသများ၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှု ထွန်းကားရာဒေသများ၊ ပျူခေတ်ရှေးဟောင်းမြို့ပြများ၊ သမိုင်းတင်ခေတ်ဖြစ်တဲ့

ပုဂံခေတ်၊ ဟံသာဝတီခေတ်၊ ရတနာပုံခေတ်ဒေသများ၊ နောက်တစ်ခါ ကျွန်တော်တို့ ပုဂံ၊ စစ်ကိုင်း၊ မြောက်ဦး၊ မိုင်းမော၊ ဝိုင်းကျွန်းစတဲ့ဒေသများ၊ ရှေးဟောင်းဂူတွေဖြစ်တဲ့ ခရုန်ဂူ၊ ရသေ့ပျံဂူစတဲ့ဂူများ၊ ရှေးဟောင်း စေတီများဖြစ်တဲ့ ရွှေဘုန်းပွင့်စေတီ၊ ဗိုလ်တထောင်စေတီ၊ ကျိုက်ထီးရိုးစေတီ၊ ဆူးလေစေတီနဲ့ ရွှေတိဂုံစေတီတော်ဒေသများ စသည်ဖြင့်ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့ ရှေးဟောင်းယဉ်ကျေးမှု ဒေသများ သတ်မှတ်ပြီးဆောင်ရွက်တဲ့အခါမှာလည်းပဲ ယဉ်ကျေးမှုအမွေအနှစ်များကို ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းနိုင်ဖို့နဲ့ အဲဒီပတ်ဝန်းကျင်မှာနေထိုင်တဲ့ ပြည်သူများရဲ့ နေ့စဉ်နေထိုင်လုပ်ကိုင် စားသောက်မှုမှာ မလိုလားအပ်တဲ့အခက်အခဲတွေ မဖြစ်ပေါ်စေနိုင်ဖို့ရာအတွက် ရည်ရွယ်ပြီးတော့ အဲဒီ ၃၇ ခုသော ရှေးဟောင်းယဉ်ကျေးမှု ဇုန်တိုင်းဇုန်တိုင်းမှာ ကျွန်တော်တို့ အဆင့်သုံးဆင့် ခွဲခြားသတ်မှတ် ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်(၁)ကတော့ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ Ancient Monument ဇုန်ဖြစ်ပါတယ်။ ဒီဇုန်ကတော့ ရှေးဟောင်း ပစ္စည်းများကို ကာကွယ်ထိန်းသိမ်းမှုစည်းကမ်းသတ်မှတ်ချက် အမြင့်ဆုံးဖြစ်ပါတယ်။ နံပါတ်(၂) အဆင့်ကတော့ ရှေးဟောင်းနေရာတည်ရှိရာဇုန် ဖြစ်ပါတယ်။ Ancient Site ဇုန် ဖြစ်ပါတယ်။ ရှေးဟောင်း ပစ္စည်းများ ကာကွယ်ထိန်းသိမ်းမှု စည်းကမ်းသတ်မှတ်ချက် အလယ်အလတ် ဖြစ်တဲ့အဆင့် ဖြစ်ပါတယ်။ နံပါတ်(၃) အဆင့်ကတော့ ကာကွယ်ထိန်းသိမ်းသောဇုန် Protective and Preserve ဇုန် ဖြစ်ပါတယ်။ ဒီဇုန်ကတော့ ရှေးဟောင်းပစ္စည်းများကို ကာကွယ်ထိန်းသိမ်းမှု စည်းကမ်း သတ်မှတ်ချက် ပျော့ပြောင်းတဲ့ နယ်မြေဖြစ်ပါတယ်။ အဲဒီဇုန်များအတွင်းမှာ ပါဝင်နေတဲ့ နယ်မြေများမှာတော့ ကျွန်တော်တို့ အဆောက်အဦ အသစ်များဆောက်လုပ်ခြင်း၊ အဆောက်အဦ အဟောင်းများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ ရှေးဟောင်း အဆောက်အအုံ စေတီပုထိုးများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ လမ်းတံတားများတည်ဆောက်ခြင်း၊ ရေတွင်းရေကန်၊ ငါးကန်များတူးဖော်ခြင်း၊ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးထွန်ယက်ခြင်းများဟာ အဲဒီ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများအတွင်းကသာ ဆောင်ရွက်ခွင့်ပြုတာဖြစ်ပါတယ်။ အဲဒီ စည်းမျဉ်းစည်းကမ်းများနဲ့အညီဖြစ်အောင်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိကြောင်းကို ရှင်းလင်းပြောကြားလိုပါတယ်။ အဲဒီလို ကျွန်တော်တို့ ရှေးဟောင်း ယဉ်ကျေးမှုဇုန် ၃၇ ခုမှာ အဆင့်သုံးဆင့် သတ်မှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့ ယဉ်ကျေးမှု နယ်မြေကတော့ ၈ ခုရှိပါတယ်။ ပုဂံယဉ်ကျေးမှုနယ်မြေ၊ တကောင်းယဉ်ကျေးမှုနယ်မြေ၊ ဟန်လင်း ယဉ်ကျေးမှုနယ်မြေ၊ အင်းဝမြို့ဟောင်းယဉ်ကျေးမှုနယ်မြေ၊ မြင်စိုင်းမြို့ဟောင်းယဉ်ကျေးမှုနယ်မြေ၊ ပင်းယ မြို့ဟောင်းယဉ်ကျေးမှုနယ်မြေ၊ ပလိပ်ဒေသယဉ်ကျေးမှုနယ်မြေနဲ့ မြောက်ဦးမြို့ဟောင်းယဉ်ကျေးမှုနယ်မြေ တို့ ဖြစ်ပါတယ်။ အဆင့်နှစ်ဆင့်သတ်မှတ်ပြီးတော့ ဆောင်ရွက်နေတဲ့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ

ကလည်း ရှစ်ခုပဲရှိပါတယ်။ ဒါကတော့ မန္တလေးမှာရှိတဲ့ ဗားကရာကျောင်းတော်ကြီး၊ အတုမရှိကျောင်းတော်ကြီး၊ ရွှေနန်းတော်ကျောင်းတော်ကြီး၊ နန်းတော်ရာစန္ဒမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ နံပါတ်(၃)ကတော့ သရေခေတ္တရာမြို့ဟောင်း၊ နံပါတ်(၄)ကတော့ ဗိဿနိုးမြို့ဟောင်း၊ နံပါတ်(၅)ကတော့ ခရုန်ဂူ၊ နံပါတ်(၆)ကတော့ ရသေ့ပျံဂူ၊ နံပါတ်(၇)ကတော့ ကော့ဂွန်းဂူနဲ့ နံပါတ်(၈)က ရွှေတိဂုံစေတီတော်တို့ ဖြစ်ပါတယ်။ ကျန်တဲ့ ရှေးဟောင်းယဉ်ကျေးမှုဒေသ ၂၁ ခုကတော့ အဆင့်တစ်ခုတည်းနဲ့ သတ်မှတ်ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို ကျွန်တော် ရှင်းလင်းပြောကြားလိုပါတယ်။ အဲဒီလို ယဉ်ကျေးမှုဒေသများကို အဆင့်များခွဲခြားသတ်မှတ်ပြီးတဲ့အခါမှာ နိုင်ငံတော်ရဲ့အား၊ ဒေသအာဏာပိုင်များရဲ့အား၊ နောက်တစ်ခါ စေတနာရှင်ပြည်သူများရဲ့အား၊ နိုင်ငံတကာရဲ့ ပူးပေါင်းဆောင်ရွက်မှုအားများနဲ့ ပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ ပြုပြင်မွမ်းမံတည်ဆောက်မှုကို ဆွေးနွေးတင်ပြရရင်တော့ အဲဒီရှေးဟောင်းအမွေအနှစ်များရဲ့ (၁)ခေတ်ကာလအရ တန်ဖိုးမြင့်မားခြင်း၊ (၂) သမိုင်းဆိုင်ရာအထောက်အထားများအရေးပါခြင်း၊ (၃) ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားစေခြင်းနဲ့ (၄) ဗိသုကာနဲ့အနုပညာလက်ရာများကို ထူးခြားကောင်းမွန်ခြင်းစတဲ့ အချက်များကို စိစစ်ပြီးတော့ နှစ်စဉ်ဘီမံချက်များရေးဆွဲကာ နိုင်ငံတော်ဘတ်ဂျက်နဲ့ ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ရှေးဟောင်းအမွေအနှစ်ဒေသများကို ပြုပြင်ဆောင်ရွက်တဲ့အခါမှာလည်းပဲ အဓိကအားဖြင့် နည်းနှစ်နည်းနဲ့ဆောင်ရွက်ပါတယ်။ နံပါတ်တစ်ကတော့ Structure ပိုင်းဖြစ်တဲ့ ရှေးဟောင်းအဆောက်အအုံ စေတီပုထိုးများရဲ့ အဆောက်အဦများ ပြုပြင်မွမ်းမံခြင်းဖြစ်ပါတယ်။ နံပါတ်နှစ်ကတော့ အတွင်းပိုင်းပန်းချီ၊ ပန်းပု၊ ပန်းချီလက်ရာများကို ပြုပြင်မွမ်းမံခြင်းဖြစ်ပါတယ်။ အဆောက်အဦးရဲ့ Structure ပိုင်းကိုပြုပြင်မွမ်းမံတည်ဆောက်တဲ့အခါမှာတော့ စေတီပုထိုးများကို ပြုပြင်မွမ်းမံတည်ဆောက်တဲ့အခါမှာတော့ ရှေးဟောင်းလက်ရာမပျက်အောင် တည်ဆောက်ပါတယ်။ ပြုပြင်မွမ်းမံပါတယ်။ ရှေးဟောင်းပုံများအတိုင်းထုတ်ပြီးကာမှ ရှေးဟောင်းအုတ်တွေနဲ့ညီတဲ့ အုတ်တွေနဲ့ပြန်လည်ပြီးတော့မွမ်းမံပါတယ်။ သရိုးကိုင်တဲ့နေရာမှာလည်း ရှေးဟောင်းသရိုးနည်းကိုပဲ အသုံးပြုပါတယ်။ အုတ်စီတဲ့အခါမှာလည်း ရှေးဟောင်းပုံသဏ္ဌာန်အတိုင်းပဲ အုတ်စီမှုကိုပြုပြင်မွမ်းမံလုပ်ဆောင်ပြီးတော့ ထိန်းသိမ်းလျက်ရှိပါတယ်။ အတွင်းပိုင်းမှာရှိတဲ့ အမွှန်းပန်းတွေဖြစ်တဲ့ အင်္ဂတေပန်း၊စဉ့်လက်ရာပန်း၊ နံရံဆေးရေးပန်းချီတွေကိုတော့ ဓာတုဗေဒဆေးဝါးများ အသုံးပြုပြီးတော့ သိပ္ပံနည်းကျ ချေးချွတ်ခြင်း၊ ကြံ့ခိုင်ထိန်းသိမ်းခြင်း၊ အနားသတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ကျွန်တော်တို့ ပန်းချီလက်ရာများကို ထိန်းသိမ်းတဲ့အခါမှာ ပန်းချီလက်ရာများဟာ နှစ်ကာလကြာညောင်းလာတာနဲ့အမျှ အရောင်အသွေးပြယ်တတ်တဲ့ သဘောရှိတဲ့အတွက် ရေရှည်မှတ်တမ်းတင်

ပြီး ကျန်ရှိအောင် အဲဒီပန်းချီလက်ရာများကို ဒစ်ဂျစ်တယ်နည်းနဲ့ ဓာတ်ပုံရိုက်ပြီးတော့လည်း စနစ်တကျ ထိန်းသိမ်းထားရှိလျက်ရှိပါတယ်။ ဒ့ါအပြင် ပန်းဆယ်မျိုးအနုလက်ရာများကိုလည်း ဓာတုဗေဒဆေးဝါးနဲ့ ခေတ်မီပစ္စည်းကိရိယာများ အသုံးပြုပြီးတော့ ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။ အဲဒီလို ပြုပြင်ထိန်းသိမ်းဆောင်ရွက်တဲ့ နေရာမှာလည်းပဲ ရှေးဟောင်းအမွေအနှစ် စေတီပုထိုး၊ ဘုရားကျောင်းကန်များဟာ တိုင်းတစ်ပါးသားလူမျိုးခြားများအတွက်တော့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်သက်သက်ဖြစ်သော်လည်း မြန်မာလူမျိုးများ၊ တိုင်းရင်းသားများအတွက်ကတော့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖြစ်ရုံသာမက ယုံကြည်ကိုးကွယ်ရာဘာသာတရားရဲ့ အထွဋ်အမြတ်ထားရာများလည်း ဖြစ်တဲ့အတွက်ကြောင့် ရှေးဟောင်းစေတီပုထိုးများကို ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းခြင်းအားဖြင့် ဘာသာတရားရဲ့ အထွဋ်အမြတ်အဖြစ်ပါတန်ဖိုးထားပြီးတော့ ရှေးမူမပျက်ပြုပြင်မွမ်းမံတည်ဆောက်လျက်ရှိကြောင်းကို ရှင်းလင်းပြောကြားလိုပါတယ်။ အဲဒီလိုပြုပြင်မွမ်းမံဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်အားအပြင် ပြည်သူများရဲ့စေတနာအရ လှူဒါန်းတဲ့အားကိုလည်း ရယူဆောင်ရွက်လျက်ရှိပါတယ်။ ကနေ့အခါမှာ ပုဂံဒေသမှာရှိနေတဲ့ ရှေးဟောင်းဂူ ပုထိုး ၆၃ ခုကို ပြည်သူရဲ့ လှူဒါန်းငွေသိန်းပေါင်း ၅၄၀၀ နဲ့ ပြုပြင်တည်ဆောက်လျက်ရှိပါတယ်။ ၁၁ ဆူပြုပြင်တည်ဆောက်ပြီးဖြစ်ပြီးတော့ ၁၆ဆူက ပြုပြင်တည်ဆောက်ဆဲဖြစ်ပါတယ်။ ကျန် ၃၆ ဆူကို ဆက်လက်ပြီးတော့ ပြုပြင်တည်ဆောက်သွားမှာဖြစ်ကြောင်း ရှင်းပြလိုပါတယ်။ အလားတူပါပဲ။ မန္တလေးမြို့မှာရှိနေတဲ့ သုဓမ္မာဇရပ်ကိုလည်း ပြည်သူများရဲ့အားနဲ့ ပြုပြင်တည်ဆောက်လျက်ရှိပါတယ်။ မန္တလေးမြို့မှာ မင်းတုန်းမင်းတရားကြီးလက်ထက်က ကျွန်တော်တို့ သံဃာတော်များ စာတော်ပြန်ပွဲမှာ အသုံးပြုဖို့အတွက် ရည်စူးလှူဒါန်းဆောက်လုပ်ခဲ့တဲ့ သုဓမ္မာဇရပ် ၃၃ ဆောင်ရှိပြီးတော့ ဒုတိယကမ္ဘာစစ်အတွင်းမှာ ကျွန်တော်တို့ ၁၄ ဆောင်ပျက်စီးခဲ့ပြီးတော့ ၁၉ ဆောင်ကျန်ရှိပါတယ်။ အဲဒီ ၁၉ ဆောင်ဟာလည်း နှစ်ကာလကြာမြင့်နေခြင်း၊ ရာသီဥတုဒဏ်များခံရ ခြင်းကြောင့် ဆွေးမြေ့ပျက်စီးလျက်ရှိပါတယ်။ ဒါကြောင့် အဲဒီသုဓမ္မာဇရပ် ၁၃ ဆောင်အနက် ၆ဆောင် ကို နိုင်ငံတော်ဘတ်ဂျက်နဲ့ပြုပြင်ပြီးတော့ ကျန်တဲ့ ၇ ဆောင်ကိုတော့ ကျွန်တော်တို့ စေတနာရှင်ပြည်သူ များရဲ့ အလှူငွေကျပ် ၄၅၈ သိန်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မကြာခင်ပြီးစီးမှာဖြစ်ကြောင်း ကျွန်တော် တင်ပြအပ်ပါတယ်။ အလားတူပါပဲ။ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီးတော့လည်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တာကိုရှင်းပြရမယ်ဆိုရင် အီတလီနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးဗဟိုဌာန Iccrom , UNDP ယူနက်စကိုအဖွဲ့များနဲ့

ပူးပေါင်းပြီးတော့ ပုဂံဒေသမှာရှိတဲ့ ရှေးဟောင်းအဆောက်အအုံများထိန်းသိမ်းခြင်း၊ နံရံဆေးရေး ပန်းချီများသန့်စင်ခြင်း၊ ပုဂံစေတီဘုရား များမှတ်တမ်းပြုစုဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါတယ်။ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်တဲ့နေရာမှာလည်း ပြည်တွင်းပြည်ပမှ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ကာလတို၊ ကာလရှည် ထိန်းသိမ်းမှုနည်းပညာသင်တန်းများ တက်ရောက်အောင်မြင်ခဲ့တဲ့ဌာနမှ ကျွမ်းကျင်ပညာရှင်တွေ၊ ဆက်စပ်ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်တွေ၊ နိုင်ငံတကာ အတွေ့အကြုံ ရင့်ကျက်တဲ့ ပြည်တွင်းမှဗိသုကာနဲ့အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ၊ Iccrom UNDP ယူနက်စကိုစတဲ့အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းပြီးတော့ ကျွန်တော်တို့ အကြံဉာဏ်များ ရယူပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ထို့အပြင် ဒီနှစ်မှာတော့ အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာန Archaeological Survey of India နဲ့ ပူးပေါင်းပြီးတော့ အာနန္ဒာ ဘုရားကြီးရဲ့အထွေထွေပြုပြင် ထိန်းသိမ်းခြင်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။ ထို့အတူ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံများရှိ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့များနဲ့လည်း ပူးပေါင်းပြီး တော့၊ ညှိနှိုင်းပြီးတော့ဆောင်ရွက်လျက်ရှိပါတယ်။ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ အာဆီယံနိုင်ငံများနဲ့ ပူးပေါင်းပြီးတော့လည်း ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်း ရေးဆိုင်ရာ အဆင့်မြင့်သင်တန်းများ အပြန်အလှန်တက်ရောက်ခြင်း၊ မြန်မာနိုင်ငံမှာ ရှေးဟောင်း အမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း၊ အီတလီ၊ ဩစတြေးလျနဲ့ ပြင်သစ်နိုင်ငံတို့မှ ပညာရှင်များ မြန်မာနိုင်ငံသို့နှစ်စဉ်လာရောက်၍ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ ခေတ်မီနည်းပညာများကို စာတွေ့၊ လက်တွေ့ပို့ချခြင်းစသည်တို့ဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်း World heritage List မှာ ထည့်သွင်းပြီးတော့ ကမ္ဘာ့အဆင့်၊ နိုင်ငံတကာအဆင့်ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက်လည်း ယူနက်စကိုနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်း သုံးမြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းမှာပါဝင်အောင် ဆောင်ရွက်နေတဲ့ဟာ နောက်ဆုံးအဆင့်ဖြစ်တဲ့ အမည်စာရင်းတင်သွင်းခြင်း nomination dossier အဆင့်ပဲကျန်ပါတော့တယ်။ nomination dossier တင်သွင်းပြီးလို့ရှိရင်တော့ ယူနက်စကိုမှ ဆက်လက်ဆောင်ရွက်ရမယ့် Process များပဲ ကျန်တော့မှာဖြစ်ပြီးတော့ ဒီ Process များပြီးတဲ့အခါမှာ တော့ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ မြို့ဟောင်းများဟာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်လာတော့မှာဖြစ်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ ဒါကြောင့် ရှေးဟောင်းအမွေအနှစ်များနဲ့ ရှေးဟောင်းယဉ်ကျေးမှုဒေသများကို ဥပဒေနဲ့အညီမူဝါဒများချမှတ်ပြီးတော့ နိုင်ငံတော်အစိုးရ၊

ပြည်သူများ၊ ဒေသအာဏာပိုင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက် ပြုပြင်မွမ်းမံထိန်းသိမ်းလျက်ရှိပါတယ်။ အဲဒီလို ပြုပြင်မွမ်းမံတည်ဆောက် ထိန်းသိမ်းတဲ့နေရာမှာ ပါဝင်ဆောင်ရွက်ရတဲ့ ဝန်ထမ်းများအနေနဲ့လည်း ရှေးဟောင်းယဉ်ကျေးမှု ပညာမှာ မဟာဘွဲ့၊ ပါရဂူဘွဲ့ရရှိအောင် အတွေ့အကြုံမြင့်မားအောင် ခေတ်မီနည်းစနစ်တွေကို သိရှိအောင် နိုင်ငံတကာနဲ့သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှု များနဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ရဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသများအနက်က သင့်လျော်တဲ့ဒေသများကို မိမိတို့ရဲ့စွမ်းအားနဲ့ ပြုပြင်ထိန်းသိမ်းရုံသာမက ကမ္ဘာရဲ့အမွေအနှစ်စာရင်း World heritage List ဝင်ဖြစ်လာအောင်၊ သတ်မှတ်ချက်ရရှိအောင် ကြိုးစားပြီးတော့လည်းပဲ ကျွန်တော်တို့ဆောင်ရွက်လျက်ရှိကြောင်း တင်ပြရင်းနဲ့နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ဖိတ်ကြားထားသောပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်းဖြစ်ပါတယ်။ အခုပညာရေးနှင့်သက်ဆိုင်တဲ့ မေးခွန်းတစ်ခုကိုမေးမြန်းသွား မှာ ဖြစ်ပါတယ်။ လယ်ဝေးမြို့နယ်အတွင်းရှိ မင်းပြင်၊ ဒလန့်ချွန်၊ ချောင်းခွ၊ အေးချမ်းသာကျေးရွာ များဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသဖြစ်ပါတယ်။ မင်းပြင်နှင့်ဒလန့်ချွန်ကျေးရွာများမှာ အလယ်တန်းကျောင်းခွဲများရှိပြီးတော့ ချောင်းခွကျေးရွာနှင့် အေးချမ်းသာကျေးရွာတို့တွင်လည်း မူလတန်းလွန်ကျောင်းများသာရှိပါတယ်။ ယင်းဒေသကျေးရွာများရှိ ကျောင်းသား၊ ကျောင်းသူများဟာ အလယ်တန်းကျောင်းအဆင့် အောင်မြင်ပြီးလျှင် အထက်တန်းကျောင်းရှိရာသို့ သွားရောက်ပညာ သင်ကြားရန်အခက်အခဲရှိသည့်အတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ၎င်းကျေးရွာများမှာ အထက်တန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။
(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဂျိဖုန်ဆားရ်(နောင်မွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ နောင်မွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျိဖုန်ဆားရ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးကဏ္ဍနဲ့စပ်လျဉ်းတဲ့ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နောင်မွန်းမြို့နယ်မှာ နိုင်ငံတော်ပိုင် အခြေခံပညာမူလတန်းကျောင်း ၃၈ ကျောင်းကိုဖွင့်လှစ်ပေးပါတယ်။ ၃၈ ကျောင်းအနက်မှ ၂၉ ကျောင်းဟာ ဆိုလို့ရှိရင် မိဘလုပ်ထုမှဝါးနဲ့ဆောက်လုပ်ထားတဲ့ တောင်ယာတဲပုတ်သာသာရှိတဲ့ နေရာများမှာ သင်ကြားပေးလျက်ရှိနေကြပါတယ်။ မိမိတို့ဒေသဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဆင်းရဲနွမ်းပါးတဲ့ဒေသဖြစ်နေတဲ့အတွက်ကြောင့် မိဘများအနေဖြင့် ကျောင်းဆောင်ကောင်းများကို ဆောက်လုပ်ပေးနိုင်တဲ့အနေအထားမရှိပါဘူး။ ဒါ့ကြောင့် ပညာရေးဌာနကနေ သတ်မှတ်ထားတဲ့ ဥပမိရုပ်မကောင်းတဲ့ကျောင်းမှ ဥပမိရုပ်ကောင်းတဲ့ကျောင်းကို ရောက်ရှိဖို့မလွယ်ကူကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ပညာရေးဌာနကနေပြီးမှ ရန်ပုံငွေမရသေးသောကျောင်းများနဲ့ ဥပမိရုပ်မကောင်းတဲ့ကျောင်းများကို ပညာရေးဌာနမှ ဆောင်ရွက်ပေးသွားမယ့် အစီအစဉ်ကို သိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ဝန်ကြီးများ အားလုံးကို ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်က ပြည်သူတွေကိုယ်စား ပညာရေးမေးခွန်းနှစ်ခုကိုမေးမြန်းခွင့်ပြုတဲ့အတွက် ဥက္ကဋ္ဌကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်တော့်မေးခွန်းဟာ နှစ်ခုဖြစ်နေတဲ့အတွက် အချိန်ကိုလေးစားသောအားဖြင့် အဲဒီနှစ်ခုကို ပေါင်းစပ်ပြီး မေးမြန်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်။ ကျွန်တော်သည်လည်းပဲ ပညာရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ကိုယ်ပိုင်သင်တန်းနည်းပြဆရာတစ်ဦးဖြစ်ပြီးတော့ နှစ်ပေါင်း ၂၅ နှစ်စာသင်သက်အတွေ့အကြုံနဲ့ ယခုလက်ရှိကျောင်းသူ၊ ကျောင်းသားပေါင်း ၅၀၀ ကျော်ကို Mathematic နှင့် Physics သင်ကြားနေတဲ့ ဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ ထိုအတွေ့အကြုံတွေကို

အရင်းတည်ပြီးတော့ အောက်ခြေကျောင်းပေါင်းစုံမှ ကလေးတွေကို ဘယ်လိုစာသင်ကြားနေရတာတွေ၊ ဘယ်လိုလိုအပ်ချက်တွေ ရှိနေတယ်၊ ဘယ်လိုအခက်အခဲတွေ ရှိနေတယ်ဆိုတာကို ရည်ညွှန်းပြီးတော့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ နောက်အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတွေမှာ အဓိကလိုအပ်ချက်တွေဖြစ်တဲ့ စာသင်ခန်း၊ ဆရာများ၊ စာသင်စားပွဲခုံများ၊ ထိုင်ခုံများ၊ အားကစားကွင်း၊ စာကြည့်တိုက်၊ သိပ္ပံလက်တွေ့ခန်း၊ ရုံးခန်း၊ ဆရာများနားနေခန်း၊ အစည်းအဝေးခန်း၊ မုန့်စားဆောင်၊ ကွန်ပျူတာခန်း Multimedia Room, Projector Room အဲဒီအစရှိတဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံရမှာ ဖြစ်ပါတယ်။ မြို့ကြီးအချို့မှာ အခြေခံပညာကျောင်းများမှာ လိုအပ်တဲ့အချက်အလက်တွေ ပြည့်စုံသော်လည်းပဲ ကျေးရွာဒေသများနဲ့ဝေးလံခေါင်းပါးတဲ့ နေရာတွေမှာ ထိုအချက်အလက်တွေမှာ လိုအပ်နေတာကိုတွေ့ရှိရပါတယ်။ ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း နှစ် ၃၀ နှစ်ရှည်စီမံကိန်းများ ချမှတ်ပြီးတော့ အကောင်အထည်ဖော် ပညာရေး အရှိန်အဟုန်မြင့်စေရန် ဆောင်ရွက်နေတာကိုလည်း သိရှိထားပါတယ်။ နိုင်ငံတော်မှ ချမှတ်ပေးသော ဘတ်ဂျက်ငွေအပေါ် မူတည်၍ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပညာရေးဝန်ကြီးဌာန လုပ်ကိုင်နေရတဲ့ အတွက်လည်း နည်းနည်းတော့ အခက်အခဲရှိမယ်ဆိုတာကိုတော့ နားလည်သဘောပေါက်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီလို လိုအပ်ချက်တွေ အများကြီးထဲကနေပြီးတော့ ကျောင်းတစ်ကျောင်းမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ ဆရာ၊ စာသင်ခုံ၊ ပရိဘောဂ အဲဒီအခြေခံလိုအပ်ချက်လေးတွေကို အရင်ဆုံး၊ ပထမဦးဆုံးအနေနဲ့ ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင်တော့ ကျောင်းသူ၊ ကျောင်းသားလေးတွေဟာ စိတ်ချမ်းသာစွာနဲ့ ပညာရေးကို ဆက်လက်သင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ကြည့်မြင်တိုင်ကျောင်းမှာဆိုရင် စာရင်းအတိအကျကိုတော့ အချိန်ကို လေးစားသောအားဖြင့် မဖတ်ပြတော့ပါဘူး။ စုစုပေါင်း Total Amount ကိုပဲ တင်ပြမှာဖြစ်ပါတယ်။ ကြည့်မြင်တိုင် ကျောင်းမှာဆိုလို့ရှိရင် ဆရာဦးရေဟာ လောလောဆယ် ကျောင်းအားလုံးအတွက်ကို အယောက် ၃၀ လိုအပ်နေပါတယ်။ စာသင်ခုံ၊ ပရိဘောဂတွေဖြစ်တဲ့ လေးယောက်တွဲ ခုံတန်းရှည် ၃၄၂ လုံး၊ လေးယောက်တွဲထိုင်ခုံရှည် ၃၅၂ လုံး၊ စားပွဲအလုံး ၅၀၊ ဆရာထိုင်စားပွဲပေါ့ ဆရာထိုင်ခုံ ၃၈ လုံး လိုအပ်နေပါတယ်။ အဲဒီလို လိုအပ်နေတဲ့အချက်ကို ရည်ညွှန်းပြီးတော့ မေးခွန်းတွေကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ နောက်တစ်ခါ လေ့လာတွေ့ရှိချက်အရ ကြည့်မြင်တိုင်မြို့နယ် အ.မ.က (၁၅) မှာ ဆိုရင်လည်း နံရံတွေကွဲပြီးတော့ ထုပ်လျှောက်၊ ဒိုင်းမြှားတွေဟာဆွေးမြေ့ပြီးတော့ စာသင်တဲ့အခါမှာ နေ့တိုင်းကလေးတွေဟာ ကြောက်လန့်တကြားနဲ့ စာသင်ကြားနေတာကိုတွေ့ရပါတယ်။ ကြည့်မြင်တိုင် တစ်ဘက်ကမ်း ငါးဇင် အ.မ.က(၁၈)မှာဆိုရင်လည်း ကျောင်းဆောင်တွေဟာ အောက်ခြေကနိမ့်ကျ

သွားတဲ့အတွက်ရေတွေဝင်ပါတယ်။ ရေတွေဝင်တဲ့အခါမှာ ကျောင်းဆရာ၊ ဆရာမတွေဟာ စာသင်ချိန်ကိုခေတ္တဖျက်ပြီးတော့ နီးစပ်ရာအိမ်များမှာစုရပါတယ်။ ပြီးတာနဲ့ ရေကျသွားတဲ့အချိန်မှာ နုန်းတွေ၊ သဲတွေကို ကလေးတွေဟာ မူလတန်းကလေးများသည် ပုံးများဆွဲပြီးတော့ ကျွန်တော်ကိုယ်တိုင်သွားရောက်ကြည့်ရှုပြီးတော့ အားပေးခဲ့တာလည်းရှိပါတယ်။ အဲဒီမှာ အဓိကအဆိုးဆုံးကမြွေများကလည်းစာသင်ခန်းထဲမှာဝင်ပြီးတော့ ရေကြီးတဲ့အခါမှ ကျန်ရစ်ခဲ့တာကိုတွေ့ရပါတယ်။ အဲဒီလိုအခက်အခဲမျိုးတွေကို ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ပိုင်အခြေခံပညာစာသင်ကျောင်းအချို့တွင် ဆရာ၊ ဆရာမများလုံလောက်မှုမရှိသဖြင့် စာပေသင်ကြားရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိသောကြောင့် ကျောင်းဆရာ၊ ဆရာမများ ပြည့်စုံအောင်ဖြည့်ဆည်းပေးမယ့် အစီအစဥ်ကိုသိလိုပါတယ်။ မေးခွန်းနံပါတ် (၂) ရန်ကုန်တိုင်းဒေသကြီး နိုင်ငံတော်ပိုင် အခြေခံစာသင်ကျောင်းအချို့တွင် စာသင်ခုံများ မလုံလောက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူအချို့ စာပေသင်ကြားရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် စာသင်ခုံများဖြည့်ဆည်းပေးနိုင်မည့် အစီအစဥ်များကို သိရှိလိုပါကြောင်းမေးမြန်းရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးသူရ(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလိုကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်မှာ တိုက်နယ် ငါး ခုရှိသည့်အနက် ဒိုက်ပျက်တိုက်နယ်ဟာ မြောက်ဘက်အဆုံးတွင်ရှိပြီး ရေကြည်မြို့နယ်၊ လေးမျက်နှာမြို့နယ်နဲ့ ဟင်္သာတမြို့နယ်တို့နဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ ဒိုက်ပျက်တိုက်နယ်ဟာ ကျုံပျော်မြို့နယ်နဲ့ ရာသီမရွေးသွားလာနိုင်တဲ့လမ်းကောင်းတွေမရှိဘဲ ပွင့်လင်းရာသီမှာ စက်ဘီး၊ ဆိုင်ကယ်များနဲ့ ဒိုက်ပျက်မှ ချင်းယားမြေသားလမ်း ၇မိုင်၊ ၎င်းမှ ပေ ၃၀၀ ရှိတဲ့ တကချောင်းကိုဖြတ်ကျော်ပြီး သောင်ကြီးကိုကျောက်လမ်း ၇မိုင်၊ သောင်ကြီးမှ ကျုံပျော်အထိ ကတ္တရာလမ်း ၆မိုင် စုစုပေါင်း မိုင်၂၀ ခရီးဖြစ်ပါတယ်။ မိုးတွင်းအခါမှာဆိုရင် ဒိုက်ပျက်၊ ခမောက်စု၊ အိုင်သပြေ၊ ငါးသိုင်းချောင်း၊ ရေကြည်၊ ကျုံပျော်သို့ လှည့်ပတ်သွားလာရတဲ့အတွက် မိုင်၄၀ ခန့် ဝေးတာဖြစ်ပါတယ်။ ဒိုက်ပျက်တိုက်နယ်မှာ ကျေးရွာအုပ်စု ၁၈ စုရှိပြီး၊ ကျေးရွာခွဲပေါင်း ၁၂၃ ရွာမှာ လူဦးရေပေါင်း

၃၆၆၁၆ ဦးနေထိုင်လျက်ရှိပါတယ်။ ဒိုက်ပျက်ကျေးရွာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း တစ်ခုရှိပြီး အခြေခံပညာ အထက်တန်းကျောင်းခွဲတစ်ကျောင်းရှိပါတယ်။ ၎င်းကျောင်းဟာ ၁၉၅၂ ခုနှစ်က အ.မ.ကအဖြစ်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှာ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ခံရပြီးတော့ ၁၉၉၆ ခုနှစ်မှာ အ.ထ.က ခွဲဖြစ်လာတာဖြစ်ပါတယ်။ သူ့ရဲ့အောင်မြင်မှုသမိုင်းကြောင်းကိုကြည့်ရင် ၂၀၀၇-၂၀၀၈ ခုနှစ် မှာ ၇၆ ယောက်ဖြေဆိုပြီး ၂၆.၃၂ ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ မှာ ၅၄ ယောက် ဖြေဆိုပြီးတော့ ၂၇.၄၅ ရာခိုင်နှုန်း အောင်မြင်ပါတယ်။ ၂၀၀၉-၂၀၁၀ မှာ ၆၁ ယောက် ဖြေဆိုပြီး ၂၇.၈၇ ရာခိုင်နှုန်း အောင်မြင်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၁ မှာ ၇၅ ယောက်ဖြေဆိုပြီး ၃၄.၆၇ ရာခိုင်နှုန်းအောင်မြင်တာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒိုက်ပျက်အခြေခံပညာအထက်တန်းကျောင်းခွဲမှာ ကိုယ်ပိုင်စာစစ်ဌာန မရှိတဲ့အတွက် ကျောင်းသားများဟာ ကျုံပျော်စာစစ်ဌာနကို ပတ်လမ်းကတစ်ဆင့် မိုင် ၄၀ ခရီးကိုသွားရောက်ဖြေဆိုနေပါတယ်။ မော်တော်ယာဉ်အသွားအပြန်ငှားရမ်းခများ၊ နေ့စဉ်စားသောက်စရိတ်များ၊ တည်းခိုရန်နေရာ၊ ရေမီးရရှိရေးအတွက် ကုန်ကျစရိတ်များ၊ ကျောင်းသားတစ်ဦးစီအတွက် များစွာကုန်ကျလျက်ရှိပါတယ်။ တည်းဖို့ရာမှာလည်း စုပေါင်းနေထိုင်ရခြင်းအတွက် လွတ်လပ်စွာ စာကျက်နိုင်ခြင်းမရှိသလို ဆရာ၊ဆရာမ အနေဖြင့် အနီးကပ်သင်ပြမှုလုပ်နိုင်ခွင့် အချိန်ထဲက ဈေးဝယ်ထမင်းချက် သိမ်းဆည်းတာဝန်များ အချိန်များစွာကုန်နေရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပညာရေးဌာနမှ ဒိုက်ပျက်အခြေခံပညာအထက်တန်းကျောင်းခွဲအား သီးခြားစာဖြေဌာန တစ်ခုအဖြစ်ချမှတ်ပေးနိုင်မယ့်အခြေအနေ ရှိ၊ မရှိ သိလိုပါ၍ ဖြေကြားပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက မေးခွန်းများပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဆုံးအနေနဲ့ ကျွန်တော်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြအေး ဖြစ်ပါတယ်။ အဲဒီတော့ အခုပထမဦးဆုံးအနေနဲ့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၏ ပညာရေးဆိုင်ရာ မေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်သို့တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အလယ်တန်းအဆင့်တွင် တက်ရောက်နေသော ကျောင်းသား ဦးရေ၊ ၎င်းကျောင်းကို ဝန်းရံထားသော မူလတန်းကျောင်းများတွင် တက်ရောက်နေသော ကျောင်းသား ဦးရေ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေနှင့် ကျောင်းဥပဓိရုပ်တို့ကို စိစစ်၍လည်းကောင်း အခြေအနေတို့နှင့် ကိုက်ညီသောကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ရေးအတွက် အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန၊ စီမံကိန်းနှင့်ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြ ထောက်ခံမှုရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြပြီး၊ ခွင့်ပြုပြီး အဆင့်တိုးမြှင့် ဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်းရှိ မင်းပြင်၊ ဒလန့်ချွန်၊ ချောင်းခွ၊ အေးချမ်းသာ စသည့်ကျေးရွာများ၌ အခြေခံပညာအလယ်တန်း ကျောင်းခွဲနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းများသာ ဖွင့်လှစ်ထားပါသည်။ အဆိုပါအခြေခံပညာ ကျောင်းများအား အခြေခံပညာအလယ်ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပြီးမှသာလျှင် အခြေခံပညာ အထက်တန်းကျောင်းခွဲ အဆင့်သို့လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ရေးအဆင့်ဆင့်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ကချင်ပြည်နယ်၊ နောင်မွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဂျီဖုန်ဆားရ်၏ ပညာရေးဆိုင်ရာမေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းများ၏ အဆောက်အဦများကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေ အဖြစ်လည်းကောင်း၊ နိုင်ငံတော်နှင့် မိဘများပူးပေါင်း၍သော်လည်းကောင်း၊ စေတနာရှင် အလှူရှင် များ၏လှူဒါန်းမှုဖြင့်လည်းကောင်း ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပြုပြင်ခြင်းတို့ကို နှစ်စဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဆောက်လုပ်ပြုပြင် ရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ်သန်းပေါင်း ၆၈၂.၈ သန်းဖြင့် အခြေခံပညာကျောင်းပေါင်း ၃၀ ကျောင်းကိုလည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်း စရိတ်ရန်ပုံ ငွေမှ ကျပ် ၃၉.၄၇ သန်းဖြင့် အခြေခံပညာကျောင်းပေါင်း ၁၀ ကျောင်းကိုလည်းကောင်း၊ ခွဲဝေခွင့်ပြုပြီး ကျောင်းဆောင်ဆောက်လုပ်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ်၊ နောင်မွန်း မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများ၏ ကျောင်းဆောင်များကို ခွင့်ပြုရန်ပုံငွေအတွင်းမှ ပြုပြင်ဆောက်လုပ်ပေးခဲ့ပါတယ်။ ကျန်အခြေခံပညာ မူလတန်းကျောင်း ၂၅ ကျောင်းဆောက်လုပ်ပြုပြင်ရန် ကိစ္စနှင့်ပတ်သက်၍ လာမည့် ၂၀၁၂-၂၀၁၃

ဘဏ္ဍာရေးနှစ်တွင် ရရှိလာမည့်ဘဏ္ဍာငွေအရ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ ဆောက်လုပ်ပြုပြင်ရမည့်ကျောင်းများနှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်၏ ပညာရေးဆိုင်ရာကဏ္ဍမေးခွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး၏ ဆရာနှင့်ကျောင်းသားအချိုးမှာ မူလတန်းအဆင့်တွင် ၁း၃၀၊ အလယ်တန်းအဆင့်တွင် ၁း၃၂ နှင့် အထက်တန်းအဆင့်တွင် ၁း၂၇ ရှိပါတယ်။ ဆရာ၊ ဆရာမများ ကွယ်လွန်ခြင်း၊ ဆေးခွင့်ယူခြင်း၊ မီးဖွားခြင်း၊ သင်တန်းတက်ခြင်းတို့ကြောင့် အခိုက်အတန့်အားဖြင့် ဆရာ၊ ဆရာမအင်အား လျော့နည်းမှုရှိနိုင်ပါတယ်။ ဆရာ၊ ဆရာမများ ပြည့်စုံရေးအတွက်နှစ်စဉ် သင်တန်းဆင်း ဆရာ၊ ဆရာမများဖြင့် ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း B.Ed ဆင်း ၄၃ ဦးအား၊ အထက်တန်းပြအဖြစ်လည်းကောင်း၊ PJDMAဆင်း ၂၈ ဦးအား အလယ်တန်းပြ အဖြစ်လည်းကောင်း၊ လုပ်ငန်းခွင်အကြိုဒီပလိုမာ သင်တန်းဆင်း ၃၈ ဦးတို့အား မူလတန်းပြအဖြစ် လည်းကောင်း၊ စုစုပေါင်း ၁၀၉ တို့ကို ဖြည့်ဆည်းခန့်ထားပေးပါရန် စီစဉ်နေပါကြောင်း ဖြေကြား အပ်ပါတယ်။

စတုတ္ထမေးခွန်းကိုတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်ကပဲ ပညာရေးဆိုင်ရာမေးခွန်းကို မေးထားတာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများရှိ စာသင်ခုံမလုံလောက်သည့် အခြေခံပညာကျောင်းများအတွက် မူလတန်းအောက်ဆင့်စာရေးခုံ၊ ထိုင်ခုံများ၊ မူလတန်းအထက်ဆင့် စာရေးခုံ၊ ထိုင်ခုံများ၊ အလယ်တန်းအထက်တန်းအဆင့် စာရေးခုံ၊ ထိုင်ခုံများကို ကျောင်းသားဦးရေနဲ့ တွက်ချက်၍ မြို့နယ်ပညာရေးမှူး၏ထောက်ခံတင်ပြချက်ဖြင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနကစိစစ်ပြီး ခွဲဝေပေးလျက်ရှိပါတယ်။ ခွင့်ပြုရန်ပုံငွေအတွင်းမှ ဆောင်ရွက်ပေးရခြင်းဖြစ်ပါ၍ အမှန်တကယ် စာရေးခုံ၊ ထိုင်ခုံလိုအပ်လျက်ရှိသည့် ကျောင်းများကို ဦးစားပေးအစီအစဉ်အရ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းအဆင့် သုံးယောက်ထိုင်ခုံနှင့် စားပွဲရှည် ၂၀၀၀ စုံ၊ မူလတန်းအဆင့် သုံးယောက်ထိုင်ခုံနှင့် စားပွဲရှည် ၃၀၀၀ စုံကိုလည်း ဝယ်ယူရန်စီစဉ် လျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ် ငါးကိုတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရက မေးထားပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားရမယ်

ဆိုရင် လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနအသစ် ဖွင့်လှစ်ရေးကိစ္စနှင့်စပ်လျဥ်း၍ သတ်မှတ်ချက်များထားရှိပါတယ်။ ဖွင့်လှစ်မည့် စာစစ်ဌာနတွင် စာဖြေသူကျောင်းသားဦးရေ အနည်းဆုံး ၁၀၀ ဦးရှိပါတယ်။ မေးခွန်းနှင့် ဖြေဆိုပြီး အဖြေလွှာများ လုံခြုံစွာထိန်းသိမ်းထားနိုင်ရန် ဘဏ်၊ ငွေတိုက် တပ်ရင်းတပ်ဖွဲ့နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည့်တို့ရှိရပါမည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သာရှိသော စာစစ်ဌာနများတွင် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် မီးခံတိုက်ရှိရပါမည်။ ထို့အပြင် အာဏာပိုင်အဖွဲ့အစည်းများမှ စာမေးပွဲချောမောအောင်မြင်စွာ ကျင်းပနိုင်အောင် စာမေးပွဲမေးခွန်းနဲ့ အဖြေလွှာများ၏ လုံခြုံရေးကို အပြည့်အဝ တာဝန်ယူနိုင်ကြောင်း ဝန်ခံချက်ထားရှိရပါတယ်။ စာစစ်ဌာနတစ်ခုမှာ ပြဿနာပေါ်ပေါက်လျှင် တစ်နိုင်ငံလုံးရှိ စာစစ်ဌာနများအားလုံးထိခိုက်နိုင်သဖြင့် စာစစ်ဌာနအသစ်ပေးရန်အတွက် အသေးစိတ်စိစစ်ဆောင်ရွက်ရပါတယ်။ သို့ပါ၍ ကျုံ့ပျော်မြို့နယ်၊ ဒိုက်ပျက်တိုက်နယ်၌ ရဲစခန်းတစ်ခုသာရှိပြီး အခြေခံပညာ အထက်တန်းကျောင်းခွဲတွင်လည်း တက္ကသိုလ်ဝင်ကျောင်းသား၊ ကျောင်းသူဦးရေ လက်ရှိ ၆၂ ဦးသာ ရှိပါသည်။ ထို့အတွက် အဆိုပါ အထက်တန်းကျောင်းခွဲတွင် သီးခြားစာစစ်ဌာနတစ်ခုအဖြစ် သတ်မှတ်ပေးရန် လောလောဆယ် မသင့်လျော်သေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုအစီအစဥ်(၈)မှာ ရေအားလျှပ်စစ်နဲ့ပတ်သက်လို့ သက်ဆိုင်ရာ ဝန်ကြီး မရောက်သေးဘူး။ တစ်ခါတည်းဆက်လုပ်ပါမယ့်။ ကျန်တဲ့ ပြည်ထောင်စုဝန်ကြီးနှစ်ပါးလည်း ခေတ္တ ဆက်လက်ပြီးနားထောင်ပေးပါ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို တင်သွင်းခြင်း အစီအစဥ်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေရှိသောနှုန်းထား ပြောင်းလဲရေးအဆို တင်သွင်းဖို့ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လမ်းခရီးဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်

အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ်များကို အခြေအနေနဲ့လိုက်လျောညီထွေမှုရှိသောနှုန်းထား ပြောင်းလဲရေးအဆိုတစ်ရပ်ကို လေးစားစွာ တင်ပြလိုပါတယ်။ ယခင်အစိုးရအဖွဲ့မှ နိုင်ငံတော်ကောင်စီ၏ ၁၉၇၉ ခုနှစ်၊ မေလ ၉ ရက် နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၇၉ ဖြင့်လူမှုရေးအခက်အခဲဆုံးနှင့် လူမှုရေးခက်ခဲသောအဆင့်ဟု သတ်မှတ်သောဒေသများမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့်ကို ထုတ်ပြန်သတ်မှတ်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။ ထိုအမိန့်စာအပေါ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၁၉၈၉ ခုနှစ်၊ ဧပြီလ ၂၀ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄ အရ လူမှုရေးအခက်အခဲဆုံးအဆင့် သတ်မှတ်ထားသော မြို့နယ်များရှိ အစိုးရဝန်ထမ်းများ၏ လစာနှင့်လုပ်ခများကို ပြင်ဆင်ပြောင်းလဲ သတ်မှတ်ပေးခဲ့တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၁၉၈၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်များတွင် နိုင်ငံ့ဝန်ထမ်းလစာကို အကြိမ်ကြိမ်တိုးပေးခဲ့ချိန်မှာလည်း ဝေးလံခေါင်သီတဲ့ လူမှုရေးခက်ခဲသောဒေသများ၌ နိုင်ငံ့တာဝန်များကို ခက်ခဲစွာထမ်းဆောင်နေသူများ၏ အထူးခံစားခွင့်ဖြစ်တဲ့ ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ်များကို ကျကျန်ရစ်ခဲ့သည်ကိုတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေးလံခေါင်သီ၍ ကုန်စည်ဖလှယ်မှုအားနည်းကာ ကုန်ဈေးနှုန်းကြီးမြင့်သော ထိုဒေသများတွင် တာဝန်ထမ်းဆောင်နေသော အစိုးရဌာနဆိုင်ရာဝန်ထမ်းများအတွက် ယခုရရှိခံစားနေသော လစာ၊ လုပ်ခများသည် ၎င်းဒေသများရဲ့ ကုန်ဈေးနှုန်းများနှင့် လုံးဝလိုက်လျောညီထွေမှု မရှိတော့တာတွေလေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် တောင်ပေါ်မြေပြန့် နယ်စပ်ဒေသမကျန် အရှိန်အဟုန်မပျက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများစွာဖြင့် ဆောင်ရွက်လျက်ရှိရာ တိုးတက်သော မြေပြန့်ဒေသနှင့် တစ်ပြေးညီဖြစ်စေရေးအတွက် ထိုဝေးလံ၍ လူမှုရေးခက်ခဲသော မြို့နယ်များတွင် နေထိုင်သော ပြည်သူလူထုများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်ရှစ်ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာကိုသိရှိပါတယ်။ အဆိုပါလုပ်ငန်းစဉ်ရှစ်ရပ်ကို ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံထောင့်စုံမှ အထောက်အကူပြု ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော နိုင်ငံ့ဝန်ထမ်းများသည် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ရှိပါတယ်။ လမ်းခရီးဝေးလံခေါင်သီ၍ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသတွင်နေထိုင်ကြသည့် တိုင်းရင်းသားများမှလည်း မိမိတို့၏မြို့နယ်ဒေသများကို ဆင်းရဲနွမ်းပါးမှုမှလျှော့ချပေးရေးအခန်း

ကဏ္ဍတွင် အားပေးဖော်ဆောင်ကူညီပေးနိုင်သူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်မည်ဟု အကြွင်းမဲ့ယုံကြည်လျက်ရှိကြပါတယ်။

ဌာနအသီးသီးမှ လူမှုရေးအကြောင်းအမျိုးမျိုးကြောင့် အဆိုပါဒေသသို့ ရောက်ရှိကာ မိမိတို့နှင့် သက်ဆိုင်သော နိုင်ငံ့တာဝန်လုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ရန် လူမှုရေးခက်ခဲသော မြို့နယ်များသို့ စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ရောက်ရှိလာကြသော်လည်း လက်ရှိမိမိတို့တွေ့ကြုံရသောဒေသအခက်အခဲများစွာကြောင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် စိတ်သွားတိုင်း ကိုယ်မပါဘဲ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းလိုက်နာမှုများတွင် အားလျော့မှုများရှိလာတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဝေးလံခက်ခဲသောဒေသများတွင် အများပြည်သူအကျိုးအတွက် ကိုယ်ကျိုးစွန့် နိုင်ငံ့တာဝန်ထမ်းဆောင်ကြသော အစိုးရဝန်ထမ်းများအား မြေပြန့်ဒေသတွင် တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများနှင့် တစ်ပြေးညီမဖြစ်စေဘဲ ဝေးလံခေါင်သီ၍ ခက်ခဲမှုများစွာကြုံတွေ့ရသောဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်သူများအား ထိုဒေသ၏ သွားလာနေထိုင်စားသောက်စရိတ်နဲ့ လိုက်လျောညီထွေမှုရှိသော အထူးအထောက်အပံ့စရိတ်ငွေ ပြောင်းလဲပြင်ဆင်ပေးသင့်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ နယ်စပ်ဒေသတိုင်းရင်းသားများ နေထိုင်သော လမ်းခရီးဝေးလံခေါင်သီ၍ ခက်ခဲမှုများစွာတွေ့ကြုံရသောမြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းများအား သင့်တော်သော အထူးထောက်ပံ့စရိတ်ငွေ သို့မဟုတ် ရှားပါးစရိတ် တိုးမြှင့်သတ်မှတ်ပြောင်းလဲထောက်ပံ့ပေးရေးအဆိုကို လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖုံးတိန့် တင်သွင်းသွားတဲ့အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးဇောင်းခေါင်(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် ဆော့လော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇောင်းခေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်ရဲ့ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ် သို့မဟုတ် ရှားပါးစရိတ်များကို အခြေအနေနှင့်လိုက်လျော

ညီထွေရှိသော နှုန်းထားပြောင်းလဲရေး အဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် တင်သွင်းတဲ့အဆိုကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြဖို့ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း အလျင်အမြန်အကောင်အထည်ဖော်ပေးပါရန်အဆို တင်သွင်းဖို့ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစံလှိုင်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမယ့် အဆိုကတော့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းအား အလျင်အမြန် အကောင်အထည်ဖော်ပေးပါရန်ဆိုတဲ့ အဆိုကို ကျွန်တော် တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်အတွင်းရှိ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းသည် ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင်ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် အမေရိကန်နိုင်ငံ K.T.A ကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုပြီး ၁၉၅၃ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် K.T.A ကုမ္ပဏီမှတင်သွင်းခဲ့သည့် အစီရင်ခံစာ Master Plan တွင် ပါဝင်ခဲ့သော စီမံကိန်းဖြစ်ပါတယ်။ Master Plan အရ စီမံကိန်းအား ၁၉၅၃ ခုနှစ်တွင် စတင်ပြီး ၁၉၅၇ ခုနှစ် တွင် (၂၀)မဂ္ဂါဝပ် စက်နှစ်လုံး၊ စုစုပေါင်း (၄၀) မဂ္ဂါဝပ် တပ်ဆင်ပြီးစီးမည်ဖြစ်ပြီး ၁၉၆၂ ခုနှစ်တွင် တတိယမြောက်စက်တစ်လုံး ထပ်မံတိုးချဲ့ခြင်းအားဖြင့် မဂ္ဂါဝပ် (၆၀) တပ်ဆင်ထားရှိသည့် ရေအားလျှပ်စစ်စက်ရုံ ဖြစ်သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကြီးနှင့် တစ်ပြိုင်နက်တည်း ဝါးကိုအသုံးပြုပြီး တစ်ရက်လျှင် တန်(၁၀၀)ကျစက္ကူပျော့ဖတ်စက်ရုံ တစ်နှစ်လျှင် ဂုန်လျှော်အိတ် ၆ သန်း ထွက်နိုင်မည့် ဂုန်လျှော်စက်ရုံ၊ အုတ်နှင့်အိမ်မိုးအုတ်ပြားစက်ရုံ၊ ကာဘိုက်စက်ရုံ၊ ကော့စတစ်ဆိုဒါနှင့် ကလိုရိန်း

စက်ရုံ စသည့် စက်ရုံများအပြင် စစ်တွေဆိပ်ကမ်း၌ ခေတ်မီကိရိယာများတပ်ဆင်ရေး စပါးစက်များ ရေခဲခန်းစက်ရုံများအပါအဝင် စက်မှုဇုန်ကြီးတစ်ခု စစ်တွေခရိုင်အတွင်းမှာ ဖြစ်ပေါ်လာအောင်ရေးဆွဲ ခဲ့ပါတယ်။ စီမံကိန်းတွေကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှာဖြစ်ပါတယ်။ ဒီစီမံကိန်းအတွက် ကျောက်ဖြူမြို့နယ်မှာ နေလှန်းဆားများ ထုတ်လုပ်ပြီး၊ စက္ကူစက်ရုံ၊ ကလိုရိန်းစက်ရုံနှင့် ကော့စတစ်ဆိုဒါ စက်ရုံအတွက် ကုန်ကြမ်းများပေးပို့နိုင်မှာဖြစ်ပါတယ်။ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း၊ ရဲကျွန်းတို့မှ ထုံးကျောက်များထုတ်ယူပြီး စက်မှုဇုန်ကို ပေးပို့မှာဖြစ်တဲ့အတွက် မာန်အောင်ကျွန်း၊ ရမ်းဗြဲကျွန်းမှ ဒေသခံပြည်သူများ ဝင်ငွေရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လွန်ခဲ့တဲ့အနှစ် ၆၀ ခန့်က ရေးဆွဲခဲ့တဲ့ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းအား ယခုအခါ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြန်လည်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရတဲ့အတွက် များစွာအားတက်မိ ပါတယ်။ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းနှင့်အတူ ယခင်ကရေးဆွဲခဲ့တဲ့ Master Plan ပါစက်ရုံ အများအပြားကို နိုင်ငံတော်မှ ပြန်လည်ရေးဆွဲအကောင်အထည်ဖော်နိုင်ပါက ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ စီးပွားရေး၊ လူမှုရေးမှအစ များစွာတိုးတက်လာမှာ ဖြစ်တဲ့အတွက် စိုင်းဒင်ရေအား လျှပ်စစ်စီမံကိန်းအား အလျင်အမြန်အကောင်အထည်ဖော်ပေးပါရန် အဆိုအား တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစံလှိုင် တင်သွင်းတဲ့အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ် ပါတယ်။

**ဦးဘငြေး(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ် ပါတယ်။ ကျွန်တော့်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘငြေး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစံလှိုင်ရဲ့အဆိုဖြစ်တဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် စိုင်းဒင်ရေအား လျှပ်စစ်စီမံကိန်းအား အလျင်အမြန် အကောင်အထည်ဖော်ပေးပါရန်အဆိုကို ဤလွှတ်တော်က လက်ခံ ဆွေးနွေးပေးနိုင်ပါရန် လေးလေးနက်နက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ လေးစား ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာ စံလှိုင် တင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (ကြာသပတေးနေ့) မှာ ဆွေးနွေး

ပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်းတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ၁ နာရီ ၁၅ မိနစ်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို နေ့လယ် ၁၂း၁၅ နာရီအချိန်မှာ ပြန်လည်ကျင်းပပါမယ်။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီ၊ တစ်ဆယ့်ငါးမိနစ် ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ ဟသ်ာတမဲဆန္ဒနယ်က ဦးငွေဦးတင်သွင်းခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းကို ပြင်ဆင်ချက်အဆိုနဲ့အတူ တစ်ပိုဒ်ချင်းစီဆွေးနွေးကြရာမှာ မနေ့က အစည်းအဝေးမှာ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)အထိ ဆွေးနွေးဆုံးဖြတ်အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီကနေ့မှာတော့ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ကစပြီး ဆက်လက်ဆွေးနွေးဆုံးဖြတ်အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ပါ မူလပြဋ္ဌာန်းချက်ပါစာသားအစား အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားအငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းဟူသော စာသားဖြင့်လည်းကောင်း၊ မူလပြဋ္ဌာန်းချက်မှတ်ချက်ပါစာသားအစား ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ် သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်း တစ်ခုခုထံ တရားဝင်ပေါင်နှံခြင်းကိုဆိုလိုသည်ဟူသော စာသားဖြင့်လည်းကောင်း ပြင်ဆင်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။ ဒီအပိုဒ်ခွဲကိုပဲ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်ကလည်း ပြင်ဆင်ချက်တင်ပြထားပါတယ်။ ဦးတင်မောင်ဦး ပြင်ဆင်ချက်တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး တင်သွင်းထားတဲ့ လယ်ယာမြေဥပဒေကြမ်းကို ပြင်ဆင်ချက်များအဆိုကို ဆက်လက်ပြီးတော့ ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ယခု အပိုဒ်ခွဲ ၄(ခ)ရဲ့ မူလဥပဒေဖော်ပြချက်မှာ အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း၊ မှတ်ချက် အနေနဲ့ ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ်တွင် ပေါင်နှံခြင်းကို ဆိုလိုသည်လို့ ပါရှိပါတယ်။ ဒီနေရာမှာ ပေါင်နှံခြင်းမှာ ပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ခုခုထံ တရားဝင်ဆိုသည့်စကားရပ်ကို ဖြည့်စွက် အစားထိုးပြီးတော့ ပြင်ဆင်မှုအနေနဲ့ အပိုဒ် ၄(ခ) အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း၊ မှတ်ချက်အပိုဒ်မှာ ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ် သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ခုခုထံ တရားဝင်ပေါင်နှံခြင်းကိုဆိုလိုသည်လို့ ပြင်ဆင်ခြင်း ဖြစ်ကြောင်း တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်သူ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး တင်သွင်းသွားတဲ့ ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါနဲ့ပတ်သက်လို့ ဥက္ကဋ္ဌက အဆိုကို ထပ်မံဖိတ်ကြားမှုမပြုတော့ဘဲ ဒီအပိုဒ် ၄(ခ) ကိုပဲ ဦးရဲထွန်းက ပြင်ဆင်ချက်အဆို တင်ပြထားပါတယ်။ ဦးရဲထွန်းအား တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့တင်ပြမယ့် ပြင်ဆင်ချက် အဆိုဟာ အမှန်အားဖြင့်တော့ နှစ်ပိုင်းဖြစ်ပါတယ်။ အခန်း(၃)၊ ၄(ခ)မှာ ပထမအပိုဒ်မှာ မူရင်းအားဖြင့် အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းဆိုတဲ့ အပေါ်ပိုဒ်နဲ့ မှတ်ချက်အပိုဒ်၊ မှတ်ချက်အပိုဒ်မှာ ကျွန်တော်တို့ ဒီပေါင်နှံခြင်း ဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြု ဘဏ်တွင် ပေါင်နှံခြင်းကို ဆိုလိုသည်ဆိုတဲ့နှစ်ပိုဒ်မှာ ကျွန်တော့်အနေနဲ့ ဒီ အပေါ်ပိုဒ်နဲ့ အောက်ပိုဒ်နှစ်ခုခွဲပြီးတော့ ကျွန်တော် ဒီအဆိုပြုချက် တင်သွင်းထားပါတယ်။ ဒါပေမယ့် အခု ဒီကျွန်တော်တို့ရဲ့ အစီအစဉ်မှာတော့ အားလုံးကိုပဲ ကျွန်တော်တို့က ပြင်ဆင်တဲ့သဘောမျိုး ဖြစ်နေတော့ ကျွန်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ဒါနဲ့ ပတ်သက်လို့ ကျွန်တော်ဘာ့ကြောင့် အဆိုပြုချက်တင်ရတယ်ဆိုတာကိုရှင်းပြပါမယ်။ ဒီ ဦးဌေးဦးရဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းဆိုတဲ့ စာပိုဒ်ပါရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့က ဒီ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းဆိုတဲ့စာသားက ပြဿနာမရှိပေမယ့် အားလုံးကို လယ်ယာမြေအားလုံးကို ဒီအငှားချထားတယ်ဆိုရင် ကျွန်တော်တို့ စဉ်းစားကြည့်ဖို့က ဒီအငှားချထားသူဟာ သူရဲ့အသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုမလုပ်ဘဲနဲ့ သူ့ပိုင်ဆိုင်တဲ့ လယ်ယာကို ငှားပြီးတော့ အငှားချထားတဲ့ ရရှိငွေအပေါ်မှာ သူအသက်မွေးဝမ်းကျောင်းပြုသလို ဖြစ်နေပါတယ်။ အဲတော့ ကျွန်တော်တို့ဟာ ဒီဥပဒေကြမ်းမှာ အစပိုင်းမှာ ဖော်ပြထားတဲ့ တောင်သူလယ်သမား ဆိုသည်မှာ ကိုယ်တိုင်ကာယလုပ်အားစိုက်ထုတ်ပြီးတော့ စိုက်ပျိုးရေးလုပ်သူ ဖြစ်စေ၊ သို့တည်းမဟုတ် ကိုယ်တိုင်ငွေအားစိုက်ထုတ်ပြီးတော့ ကြီးကြပ်ပြီးတော့ လုပ်ငန်းကြီး တစ်ခုလုံးကို လုပ်ကိုင်သူဖြစ်စေ အဲဒီလိုလူမျိုးတွေကိုပဲ ကျွန်တော်တို့ လုပ်ပိုင်ခွင့်ချထားပေးဖို့ ဆိုပြီးတော့ အဆိုပြုထားပါတယ်။ ဆိုလိုချင်တာက လယ်ယာစိုက်ပျိုးရေးကို တကယ်မလုပ်ဘဲနဲ့ အမည်ခံပြီးတော့ ပိုင်ဆိုင်မှုတွေကို အဲဒီလို ငှားစား၊ ကျွန်တော်တို့အရင်က အခေါ်အဝေါ်ဆိုနဲ့ ပြောမယ်ဆိုရင်တော့ မြေရှင်ပေါ့လေ။ မြေရှင်စနစ်ကို ကျွန်တော်တို့ ဆန့်ကျင်ထားတယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒီဥပဒေရဲ့ ကျွန်တော်

ပြောတဲ့ခုနအပိုဒ်မှာ ကျွန်တော် မြေယာအရင်းရှင်စနစ်ကိုတော့ ခွင့်ပြုထားပါတယ်။ မြေယာအရင်းရှင်စနစ်ဆိုတာက လယ်ယာမြေတွေအများကြီးပိုင်မယ်။ သူကိုယ်တိုင်ကနေပြီးတော့ အရင်းအနှီးစိုက်ထုတ်မယ်။ စက်ကိရိယာတွေသုံးမယ်။ အလုပ်သမားတွေ သုံးမယ်။ သုံးပြီးတဲ့အခါကျတော့ စိုက်ပျိုးရေးကို လုပ်ကိုင်မယ်။ အဲဒီဟာက ကျွန်တော်တို့ရဲ့ တိုင်းပြည်ရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေ တိုးတက်ဖို့နဲ့ ကျွန်တော်တို့ အလုပ်အကိုင်ရရှိရေးအတွက်လည်း အာမခံ ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ လက်မှုစိုက်ပျိုးရေးနိုင်ငံကနေပြီးတော့ စက်မှုစိုက်ပျိုးရေးနိုင်ငံ ဖြစ်ဖို့အတွက်လည်း တွန်းအားဖြစ်ပါတယ်။ တကယ်လို့ ဒီလိုမဟုတ်ဘဲနဲ့ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ လယ်ယာအားလုံးကို အငှားချထားခွင့်ပြုတယ်ဆိုရင် ကျွန်တော်တို့ စောစောစီးစီး နေရာဦးထား ပြီးတော့ သူကလုပ်ပိုင်ခွင့်ကျပြီးတဲ့အခါမှာ ဒါကို ကိုယ်တိုင်မလုပ်ဘဲနဲ့ တစ်ခြားလူကိုပဲ တစ်ဆင့် ငှားစားတယ်ဆိုရင် ကျွန်တော်တို့ ဒီမြေရှင်စနစ် ပြန်ပြီးထွန်းကားလာဖို့ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီပထမအပိုဒ်မှာ ကျွန်တော်တို့ အငှားချထားခြင်းဆိုတဲ့ စကားရပ်ကို ဖြုတ်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျန်တဲ့ ဒီတစ်ခြား ကိုယ်စားလှယ်များ ဖြည့်စွက်ထားတဲ့ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်းစတဲ့ဟာတွေကတော့ ပြဿနာသိပ်မရှိပါဘူး။ သူတို့ဘယ်လိုပဲထည့်ထည့် အဓိကအားဖြင့် အဲဒီအငှားချထားတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကိုယ်စားလှယ်တော်ကြီးများလည်း နည်းနည်းဝိုင်းပြီးတော့စဉ်းစားကြဖို့ပါ။ အဲတော့တစ်ခါပြောစရာရှိတာက ကျွန်တော်တို့ဟာ နိုင်ငံသားဖြစ်တဲ့ လူအသက် ၁၈ နှစ်ပြည့်ပြီးတော့ နိုင်ငံသားဖြစ်တဲ့လူကိုမှ ကျွန်တော်တို့က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုမယ်ဆိုပြီးတော့ အထက်ကအခန်းတွေမှာ ကျွန်တော်တို့ အတည်ပြုထားပါတယ်။ အဲဒီလိုဖြစ်တဲ့အခါကျတော့ နိုင်ငံခြားသားကိုတော့ ကျွန်တော်တို့က ငှားရမ်းခွင့်ပြုရပါမယ်။ နိုင်ငံခြားသားကို ကျွန်တော်တို့က လယ်ယာအသုံးချခွင့် သို့တည်းမဟုတ် လုပ်ပိုင်ခွင့် ကျွန်တော်တို့ ပေးမထားပါဘူး။ ပေးမထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာ အခုလည်းနိုင်ငံခြားက လာရောက် ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီများ ဥပမာအားဖြင့် ထင်ထင်ရှားရှား ပြရမယ်ဆိုရင် မြန်မာစီပီလိုက် စတော့ကုမ္ပဏီဆိုရင် ကြက်မွေးမြူဖို့အတွက် သူတို့လိုအပ်တဲ့ငွေတွေကို မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်တွေဆီက ငှားရမ်းပြီးတော့ အသုံးချပါတယ်။ အဲဒါကြောင့်မို့လို့ ဒီငှားရမ်းတဲ့ဟာနဲ့ ပတ်သက်လို့ နိုင်ငံခြားသားငှားရမ်းခွင့်ကိုလည်း ကျွန်တော် အောက်မှာတော့ ထပ်ပြီးတော့ အဆိုပြုထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ အပေါ်ပိုဒ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဘာကြောင့် ပြင်ဆင်သလဲဆိုတာ နားလည်အောင်ရှင်းပြတာပါ။ အဲတော့ မှတ်ချက်အပိုဒ် မှာကျတော့ ပေါင်နှံခြင်း၊

ပေါင်နှံခြင်းဆိုသည်မှာ မူလစာသားမှာက ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုး ထုတ်လုပ်မှု အတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ်တွင် ပေါင်နှံခြင်းကို ဆိုလိုပါသည်လို့ ပါဝင်ပါတယ်။ အဲဒီတော့ ဒီဟာနဲ့ပတ်သက်ရင် ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ဆိုတာ ဒီမူကြမ်းကိုရေးဆွဲတဲ့ ဦးဌေးဦး အပါအဝင်ပေါ့လေ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က လယ်ယာမြေလုပ်ကိုင်ဆောင်ရွက်နေတဲ့ တောင်သူလယ်သမားတွေ လွယ်လွယ်ကူကူနဲ့ အတိုးနှုန်းသက်သက်သာသာနဲ့ ကျွန်တော်တို့ ဒီချေးငွေ သူတို့လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေရဖို့ ကျွန်တော်တို့ ရည်ရွယ်တာပါ။ အဲဒီလို ရည်ရွယ်တဲ့ အခါမှာ ကျွန်တော်တို့က ဘဏ်စနစ်တွေမထွန်းကားသေးတဲ့အခြေအနေမှာ အစိုးရဘဏ်နဲ့ အစိုးရ အသိအမှတ်ပြုတဲ့ဘဏ်ကိုပဲပေါင်ဖို့ ကျွန်တော်တို့က ခွင့်ပြုမယ်ဆိုရင် သူတို့အခု လောလောဆယ် အပြင်မှာ အတိုးကြီးကြီးနဲ့ ချေးသုံးနေရတဲ့စနစ်က ပျောက်မယ်လို့ ကျွန်တော်မထင်ပါဘူး။ ဘာ့ကြောင့်တုန်းဆိုတော့ ဘဏ်မှာငွေချေးရတာ အတော်စနစ်ဇယားကိုက်အောင် ကျွန်တော်တို့ လျှောက်လွှာတင်ရတာ၊ လုပ်ကိုင်ဆောင်ရွက်ရတာတွေက တော်တော်လေး အခုထက်ထိ ခက်ခက်ခဲခဲ ရှိပါတယ်။ ဒါကြောင့် ဒီဘဏ်တွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ မြို့နေလူတန်းစားတွေအတွက်တောင်မှ ချေးယူဖို့ခက်ခဲနေရင် တောမှာနေတဲ့ ဒီတောင်သူလယ်သမားတွေအတွက်မှာလည်း လွယ်လွယ်ကူကူ ကျွန်တော်တို့ ဘဏ်ချေးငွေရဖို့ မလွယ်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ပေးချင်တယ်။ တောင်သူလယ်သမားတွေကမရဘူး။ ပေးကပေး၏မရဆိုတာမျိုးဖြစ်မှာစိုးတဲ့အတွက် အဲဒီထက်ပိုပြီးတော့ တောင်သူလယ်သမားတွေအတွက် အဆင်ပြေမယ့် စကားရပ်ကို ကျွန်တော် အဆိုပြုတင်ပြထားတာဖြစ်ပါတယ်။

ကျွန်တော် အဆိုပြုတင်ပြထားတဲ့မှတ်ချက်ကတော့ ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာစိုက်ပျိုး မွေးမြူထုတ်လုပ်မှုအတွက် ဒီနေရာမှာ မွေးမြူကိုဖြုတ်ချင် ရင်လည်းရပါတယ်။ ပေါင်နှံခြင်း ဆိုသည်မှာ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုအတွက် အရင်းအနှီး အလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရ အသိအမှတ်ပြုဘဏ် သို့မဟုတ် အစိုးရဘဏ်မှ သတ်မှတ်ထားသော ဘဏ်တိုးနှုန်းနှင့် စည်းကမ်းချက်များအတိုင်း စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးနိုင်သော အခန်း(၁)၊ ပုဒ်မ ၂(ဂ)ပါ စည်းကမ်းနှင့် ကိုက်ညီသော တောင်သူလယ်သမားတစ်ဦးဦး သို့မဟုတ် တောင်သူလယ်သမား အဖွဲ့အစည်း တစ်ရပ်ရပ်ထံတွင် ပေါင်နှံခြင်းကိုဆိုလိုသည်။ ကျွန်တော် ဒီလိုပြင်ရတဲ့အကြောင်းကတော့ ကျွန်တော်တို့ ဒီအပြင်မှာ တရားမဝင်ဘဏ်တိုးနှုန်းတွေက တရားမဝင်အတိုးနှုန်းတွေက အလွန်များ

ပါတယ်။ များတဲ့အခါကျတော့ တောင်သူလယ်သမားတွေမှာ ဒီဝန်ထုပ်က ဖိစီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့က နောင်မှာဆိုလို့ရှိရင် ဒီဥပဒေကြမ်းမှာလည်း ဖော်ပြထားတဲ့အတိုင်း မြေယာကော်မတီတွေ ဖွဲ့စည်းမှာဖြစ်တော့ ကျွန်တော့်အနေနဲ့ ရည်ရွယ်တာက ကျွန်တော်တို့ မြေယာကော်မတီမှာပဲ အခုအစိုးရဘဏ်ကဖြစ်စေ၊ အစိုးရအသိအမှတ်ပြုဘဏ်ကဖြစ်စေ မြေယာပေါ်မှာ ချေးပေးမယ့်အတိုးနှုန်းနဲ့ ဒီဒေသခံကုန်သည်ပွဲစားက ချေးပေးမယ်ဆိုရင်လည်း သတ်မှတ်ထားတဲ့အတိုးနှုန်းနဲ့ သတ်မှတ်ထားတဲ့ ပုံစံအတိုင်းပေါ့လေ ကျွန်တော် လက်မှတ်ထိုးပြီးတော့ မြေယာကော်မတီမှာ လာရောက်မှတ်ပုံတင်မယ် ဆိုလို့ရှိရင် ကျွန်တော်တို့ ခွင့်ပြုသင့်ပါတယ်လို့ဆိုတာပါ။ အဲတော့ ဒီမှာလည်း စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးနိုင်တဲ့သူက ဘယ်လိုလူဖြစ်သင့်သလဲ ဆိုလို့ရှိရင် အခန်း(၁)၊ ပုဒ်မ ၂(ဂ)မှာပါတဲ့ တောင်သူလယ်သမားလို့ သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့ကိုက်ညီတဲ့လူ ဖြစ်သင့်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီကျွန်တော်တို့ ဒီပေါင်နှံတာတွေက မရွေးနိုင်၊ မပြုနိုင်တဲ့အခါမှာ ဆုံးရှုံးသွားတာတွေ ရှိလာနိုင်ပါတယ်။ ဆုံးရှုံးသွားတဲ့အခါမှာ ဒီအပေါင်ခံရတဲ့ပုဂ္ဂိုလ်သည် အကယ်၍ တောင်သူလယ်သမား မဟုတ်ရင် အခု ဦးဌေးဦးရဲ့မူကြမ်းမှာ သတ်မှတ်ထားတဲ့အရဆိုရင် တောင်သူလယ်သမားဆိုသည်မှာ စက်မှုလယ်ယာ ဒါမှမဟုတ်ရင် လယ်ယာလုပ်ငန်းကို အကြီးစားလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်ကြီးလည်း ဖြစ်နိုင်ပါတယ်။ သူတို့လက်ထဲကို ရောက်သွားတယ်ဆိုရင် ဆုံးရှုံးလို့ သူတို့လက်ထဲကို ရောက်သွားတယ်ဆိုရင် ကျွန်တော်တို့ ဒီဟာပြဿနာမရှိဘူး။ တကယ်လို့ ကျွန်တော်တို့ ငွေကိုပဲစိုက်ထုတ်ပြီးတော့ ချေးငှားပေါင်နှံခြင်းကိုပြုတဲ့ ပုဂ္ဂိုလ်ရဲ့ လက်ထဲမှာရောက်သွားရင် အပေါင်ဆုံးသွားတာပေါ့လေ။ အပေါင်ဆုံးသွားပြီဆိုလို့ရှိရင် သူ့လက်ထဲမှာ အပေါင်ဆုံးရောက်သွားတာနဲ့ နောက်ရက်မှာဆိုလို့ရှိရင် ဒီမြေဟာ ဥပဒေကြောင်းအရ သူဟာ တောင်သူလယ်သမားမဟုတ်တဲ့အတွက် လုပ်ပိုင်ခွင့်ရုပ်သိမ်းခံရမယ့်သဘော ဖြစ်နေပါတယ်။ အဲတော့ ကျွန်တော်တို့က တောင်သူလယ်သမားကိုပဲ ကျွန်တော်တို့က လုပ်ပိုင်ခွင့်အပ်နှင်းတာဖြစ်ပါတယ်။ အဲဒီတော့ တစ်ခါ သူ့လက်ထဲရောက်ပြီးတဲ့အခါ နာမည်မပြောင်းဘူးပဲထားပါတော့ နာမည်မပြောင်းဘူးပဲဖြစ်စေ၊ ဘယ်လိုပဲဖြစ်စေ ကျွန်တော်တို့ သူကိုယ်တိုင်က မစိုက်ပျိုးနိုင်ဘူး။ မြေကိုလှုပ်ထားမယ် ဆိုပြန်ရင်လည်း မြေကိုကျွန်တော်တို့က လှုပ်ထားလို့ မရပါဘူး။ စိုက်ပျိုးရမှာပါ။ စိုက်ပျိုးရမှာ ဖြစ်တဲ့အတွက်ကြောင့် သူကိုယ်တိုင် စိုက်ပျိုးမယ်ဆိုရင် သူကိုယ်တိုင် စိုက်ပျိုးမယ်ဆိုသည်မှာ လူငှားနဲ့ပေါ့လေ။ လူငှားနဲ့အလုပ်သမားတွေ ငှားပြီးတဲ့အခါကျတော့ စိုက်ပျိုးမယ်ဆိုရင်တော့ဖြစ်နိုင်ပါတယ်။ ဒါကျွန်တော့်အနေနဲ့ အဆုံးထိတွက်ပြီးတော့ ကျွန်တော် ဒါကို ဒီအဆိုပြုချက်ကိုတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။အဆိုကို ထောက်ခံမယ့်သူ ရှိပါသလား။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။ လဲချားမဲဆန္ဒနယ်က ဦးစိုင်းမောင်တင် ဖြစ်ပါတယ်။ ဦးရဲထွန်းရဲ့ ပြင်ဆင်ချက်ကို ထောက်ခံပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ဥက္ကဋ္ဌကအဆိုဖတ်မပြတော့ပါဘူး။ စာထဲမှာအားလုံး အပြည့်အစုံရှိပါတယ်။ ပြင်ဆင်ပြဋ္ဌာန်းဖို့အတွက် ဦးစိုင်းသီဟကျော်၊ မိုင်းရယ်ကလည်း တင်ပြထားပါတယ်။ ဦးစိုင်းသီဟကျော် တင်ပြဆွေးနွေးပါ။

**ဦးစိုင်းသီဟကျော် (မိုင်းရယ်မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့အဆိုကို မတင်သွင်းမီမှာ တင်ပြစရာ အနည်းငယ်ရှိပါတယ်။ ခွင့်ပြုပါခင်ဗျား။ ကျွန်တော်မှ ဦးဒွေးဦး တင်သွင်းတဲ့ လယ်ယာမြေဥပဒေကြမ်း ကို ဝင်ရောက်ဆွေးနွေးခြင်းဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ပါတီတစ်ခုခုကို အတိုက်အခံလုပ်လိုခြင်း၊ ကြော်ကြားလိုခြင်း၊ အဆို အနိုင်ရလိုခြင်းမဟုတ်ဘဲ တောင်သူလယ်သမားများ ပြည်သူ့အတွက် ကောင်းမွန်တဲ့ ဥပဒေတစ်ခု ပြည်သူ့အကျိုးပြုဥပဒေကောင်းတစ်ခုဖြစ်ပေါ်လာရန် မိမိတတ်သိလေ့လာ သိရှိသမျှ ပြည်သူများရဲ့ ခံစားချက်၊ လိုလားချက် လက်တွေ့ဖြစ်ပျက်နေတဲ့ အခြေအနေပေါ် အခြေခံ ပြီး တင်ပြဆွေးနွေးရခြင်းဖြစ်ပါတယ်။ လွှတ်တော်အနေဖြင့်လည်း တောင်သူလယ်သမားများ အပါ အဝင် ပြည်သူတစ်ရပ်လုံးအတွက် အကျိုးပြုစေတဲ့ဥပဒေကောင်းများ ပြဋ္ဌာန်းပေးနိုင်မှသာလျှင် ပြည်သူများက လွှတ်တော်ကြီးအပေါ် ယုံကြည်ကိုးစားလေးစားကြပြီး လွှတ်တော်ပုံရိပ်လည်းပိုမို ကောင်းမွန်လာမှာဖြစ်ပါတယ်။ လွှတ်တော်မှဆုံးဖြတ်ချက်များ၊ ပြည်သူရဲ့လိုအင်ဆန္ဒများကို အပြည့်အဝ ဖြည့်စွမ်းပေးနိုင်ခြင်းမရှိလျှင် ပြည်သူများက လွှတ်တော်အပေါ် အားကိုးယုံကြည်မှု လျော့ကျသွားနိုင် မှာစိုးရိမ်မိတဲ့အတွက် မှန်ကန်တဲ့စိတ်စေတနာအရင်းခံနှင့် တတ်သိသမျှဝင်ရောက်ဆွေးနွေးခြင်း ဖြစ်ပါကြောင်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကလည်း အများပြည်သူအပေါ်စိတ်ရင်း စေတနာမှန်ကန်စွာဖြင့်ပြုမူလုပ်ဆောင် အဆုံးအဖြတ်ပေးကြမယ်လို့လည်း ကျွန်တော့်အနေနဲ့ယုံကြည် မျှော်လင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ ဆွေးနွေးကြတာနဲ့ပတ်သက်ပြီး အကြံပြုတင်လိုတာရှိပါ တယ်။ ကျွန်တော်အနေနဲ့ အခုလို ဥပဒေကြမ်းအား ဝိုင်းဝန်းဆွေးနွေးအဆိုပြု တင်ပြနေရခြင်းသည် ကောင်းမွန်သော ဥပဒေတစ်ခု ဖြစ်ပေါ်လာစေရန်ဖြစ်ကြောင်း ထင်မြင်မိပါတယ်။ သို့ဖြစ်တဲ့ အတွက်ကြောင့် တစ်ဦးတစ်ယောက်တည်းရဲ့ အဆိုကိုအတည်ပြုခြင်းထက် ဖြစ်နိုင်ပါက

တင်ပြချက်များအပေါ် ကောင်းနိုးရာရာ အချက်များကိုစုစည်းပြီး အကောင်းဆုံး ဥပဒေစာပိုဒ်အဖြစ် ပြင်ဆင်ရေးသားနိုင်မယ်ဆိုရင် ကောင်းမွန်တဲ့ဥပဒေများ ဖြစ်လာမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးက သုံးသပ်နိုင်ပါရန် ကျွန်တော့်အမြင်အား လေးစားစွာ တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့အဆိုကို ဆက်လက်တင်သွင်းပါမယ်။ ကျွန်တော်တင်သွင်းမယ့် အဆိုကျတော့ ဤလယ်ယာမြေဥပဒေအခန်း(၃)၊ အသုံးချခွင့်ပြုထားသည့် လယ်ယာမြေများနှင့် ပတ်သက်သည့် အခွင့်အရေးများ အပိုဒ် ၄(ခ) ဖြစ်ပါတယ်။ မူရင်းဖော်ပြထားတဲ့အဆိုကျတော့ အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း တို့ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ အဆိုပါလယ်ယာမြေကို အားလုံး ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းဟု ပြင်ဆင်လိုပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ လက်ရှိတည်ဆဲဥပဒေများအရ လယ်ယာမြေများကို ပေါင်နှံ၊ ရောင်းချမှု မရှိဟု ပြဋ္ဌာန်းထားသော်လည်း လက်တွေ့တွင် ပေါင်နှံ၊ ရောင်းချခြင်းများ ပြုလုပ်လျက်ရှိနေပါတယ်။ ပေါင်နှံခွင့်ရရှိပြီး ရောင်းချခွင့်မရခြင်းသည် ဆီလျော်မှုမရှိဟု ယူဆပါတယ်။ အပေါင်လက်ခံသူသည် ပေါင်နှံတဲ့ပစ္စည်းရဲ့ ကာလပေါက်ဈေး တန်ဖိုးပေါ်မူတည်ပြီး ချေးငွေအမြတ်ကို ထုတ်ချေးပေးရတဲ့ သဘာဝရှိပါတယ်။ ပစ္စည်းတစ်ခု ရောင်းချလို့မရရင် ကာလပေါက်ဈေးလည်းမရှိတော့ပါဘူး။ အပေါင်ပစ္စည်းထား၍ ငွေချေးသည် ဆိုရာမှာလည်း ချေးငွေပြန်မဆပ်နိုင်ရင် အပေါင်ပစ္စည်းကို ထုခွဲရောင်းချခြင်း၊ လေလံတင် ရောင်းချခြင်းများပြုလုပ်၍ ချေးငွေမဆုံးရှုံးရလေအောင် ဆောင်ရွက်ရပါတယ်။ လယ်ယာမြေ များကို ပေါင်နှံ၍ ချေးငွေရယူပြီဆိုပါစို့။ အပေါင်ပစ္စည်းပိုင်ဆိုင်မှု ကင်းရှင်းကြောင်း ရှေ့နေအစီရင်ခံစာ၊ ကာလပေါက်ဈေးအပေါ် ရာဖြတ်အစီရင်ခံစာတို့အပေါ်မူတည်ပြီးတော့မှ ထုတ်ချေးသင့်သည်ကို ဆုံးဖြတ်ရပါတယ်။ ကာလပေါက်ဈေးရှိဖို့ရန် အရောင်းအဝယ်ရှိဖို့လိုပါတယ်။ ဒါ့ကြောင့် လယ်သမား ထံမှချေးယူငွေကို ပြန်မဆပ်နိုင်ပါက မူလအပေါင်ထားသောလယ်ယာမြေအား လေလံပြစ်ဖို့ရန် ရောင်းချခွင့်မရှိသောလယ်ယာမြေကို ဆက်လက်ဆောင်ရွက်ရန် အခက်အခဲရှိပါတယ်။ ဤကာလ လယ်လုပ်ဖို့လည်း မဖြစ်နိုင်ပါဘူး။ လယ်ယာမြေရယူပြီး သီးစားပြန်ချထားဖို့လည်းမဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခွင့်မပေးလျှင် ပေါင်နှံခြင်းလည်းအဓိပ္ပာယ်မရှိပေ။ ပိုင်ဆိုင်ခွင့်မရှိတဲ့ ပစ္စည်းတစ်ခုကို အပေါင်ထားခွင့်ပြုခြင်းသည်လည်း ဆီလျော်မှုမရှိဘူးလို့ယူဆ ပါတယ်။ ဒါကြောင့် အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ

အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းနဲ့ ခွင့်ပြုချက်ဖြင့်ရောင်းချခြင်းဟု ဖြည့်စွက်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုထောက်ခံမယ့်သူရှိပါသလား။

**ကိုယ်စားလှယ်တစ်ဦး**။ ။ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ ပြင်ဆင်ချက်ကို ထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌက အဆိုကို ထပ်မံဖတ်ကြားခြင်းမပြုပါဘူး။ စာထဲမှာအားလုံးပါရှိပြီး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်က အဆိုတင်ရန် ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးစိုင်းသီဟကျော်၊ ဦးတင်မောင်ဦး၊ ရွှေပြည်သာတို့ တင်ပြသွားတဲ့အထဲမှာ အားလုံး ကျွန်တော်၏ တင်ပြချက်နှင့်ထပ်တူညီမှုပါသဖြင့် ကျွန်တော်၏ပြင်ဆင်တင်ပြချက်ကို ရုပ်သိမ်း ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဘိုးအောင် အဆိုကို တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလယ်ယာမြေဥပဒေကြမ်းရဲ့ အခန်း(၃)အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ပါ အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်းဆိုတဲ့စကားရပ်မှာ အငှား ချထားခြင်းဆိုတဲ့စကားရပ်ကို မိမိသဘောဆန္ဒအရ ကာလတိုအငှားချထားခြင်းဆိုတဲ့ စကားရပ် နှင့် ပြင်ဆင်ဖြည့်စွက်ပေးဖို့အတွက် ကျွန်တော်အကြံပြု တင်ပြဆွေးနွေးလိုပါတယ်။ လယ်သမားများ ဟာ မိမိအသုံးချခွင့်၊ လုပ်ပိုင်ခွင့်ရှိတဲ့ လယ်မြေကို အငှားချထားတာနဲ့ အဲဒီလယ်မြေမှာ စိုက်ပျိုး လုပ်ကိုင်ခွင့်နှင့် လုပ်ငန်းကြီးကြပ်စီမံခွင့်ရှိတော့မှာမဟုတ်တော့ပါဘူး။ အဲဒီအခါမှာ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)၊ (ဃ)၊ (င) ပါ တောင်သူလယ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ညီညွတ်မှုမရှိ တော့ဘူးလို့ ကျွန်တော်ထင်မြင်ပါတယ်။ ဒါ့အပြင် ကန့်သတ်ချက်မပါတဲ့ အငှားချထားခြင်းကို ဥပဒေ အရ ခွင့်ပြုလိုက်မယ်ဆိုရင် မြေရှင်၊ ငွေရှင်ကြီးများ အမှန်တကယ် လယ်ယာမြေလုပ်ကိုင်တဲ့သူများရဲ့ လုပ်အားအပေါ် အမြတ်ထုတ်ချယ်လှယ်တဲ့ အခြေအနေများ၊ ပေါ်ပေါက်လာမှာအမှန်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ငွေကြေးအာဏာကို အကြောင်းပြုပြီးတော့ ဥပဒေကို လက်တစ်လုံးခြားလှည့်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ရှိတဲ့သူရဲ့ ဆန္ဒမပါသော အငှားချထားမှုတွေလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ လက်ရှိ

အခြေအနေမှာ အချို့နေရာဒေသတွေမှာ ကုမ္ပဏီ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက် လန ၃၉ ကို အကြောင်းပြုပြီးတော့ လယ်ယာမြေကို သိမ်းယူပြီး မူလလုပ်ပိုင်ခွင့်ရှိတဲ့သူ၊ လက်ငုတ်လုပ်တဲ့သူရဲ့ ဆန္ဒမပါဘဲနဲ့ အငှားချထားခြင်းများကိုများစွာသိမြင်နေရပါတယ်။ သာဓက တင်ပြမယ်ဆိုရင် ကျွန်တော်တို့ မူဆယ်မှာရော၊ သိန္နီမှာရော၊ ကျောက်မဲမှာရော ဒီလိုအဖြစ်အပျက်တွေရှိနေတာကို ကျွန်တော် အနည်းငယ် တင်ပြချင်ပါတယ်။ ကျွန်တော်တို့ မူဆယ်မြို့နယ်မှာဆိုရင် ပြီးခဲ့တဲ့ ၁၀ စုနှစ် ကာလအတွင်းမှာ ကြက်ဆူစီမံကိန်းကဲ့သို့သော စီမံကိန်းကိုအကြောင်းပြုပြီးတော့ ကုမ္ပဏီတွေကို ဧကရာချီချထားပေးပြီးတော့ လုပ်ကိုင်စေခဲ့ပါတယ်။ သို့သော်အဲဒီကုမ္ပဏီတွေက ချထားပေးတဲ့ လယ်ယာခြံမြေတွေမှာ အမှန်တကယ်လုပ်ကိုင်ခြင်းမရှိဘဲနဲ့ လမ်းဘေးဝဲယာ မြင်သာတဲ့ နေရာတွေမှာပဲ လုပ်ကိုင်ကြတာတွေ့ပါတယ်။ ကျန်တဲ့နေရာတွေမှာကျတော့ မူရင်းလက်ငုတ်လုပ်ကိုင်တဲ့ လုပ်ကိုင်ခဲ့တဲ့၊ လုပ်ကိုင်ခွင့်ရှိတဲ့သူများကို ပြန်ပြီးတော့ အငှားချပြီး ပြန်လည်လုပ်ခိုင်းတာမျိုး တွေ့ရပါတယ်။ အဲဒီ လိုကိစ္စတွေဖြစ်ပေါ်ခဲ့တဲ့အတွက်ကြောင့် အခုဆိုရင် ကျွန်တော်တို့ မူဆည်မြို့နယ်မှာ လယ်၊ ယာ၊ ခြံမြေကို လက်ရောက်ရယူထားတဲ့ကုမ္ပဏီနဲ့ မူရင်းလက်ငုတ်လုပ်ကိုင်တဲ့လူတွေ ပိုင်ဆိုင်မှုလုပ်ကိုင် ပိုင်ခွင့် အငြင်းပွားမှုတွေဖြစ်ပေါ်နေတာ မပြီးဆုံးသေးပါဘူး။ ဒီပုံစံအတိုင်းပါပဲ၊ သိန္နီမြို့နယ်မှာလည်း နယ်မြေခံတပ်နဲ့ အဖွဲ့အစည်းဝင်တချို့ရဲ့ စီမံကိန်းအကြောင်းအမျိုးမျိုးပြုပြီးတော့ လယ်ယာမြေများကို သိမ်းယူထားတာရှိပါတယ်။ ပြီးတော့ အဲဒီလယ်ယာမြေကိုပဲ မူလလက်ငုတ်လုပ်ကိုင်တဲ့လူများကို တစ်သီးစားစိုက်မယ်ဆိုရင် တစ်ဧကကို ကျပ်နှစ်သောင်းခွဲနှုန်းနဲ့ ခုထက်ထိ ပြန်လည်အငှားချထားခြင်း ကိုတွေ့မြင်နေရပါတယ်။ ထိုနည်းတူစွာ ကျောက်မဲမြို့နယ်မှာပြီးခဲ့တဲ့ ၁၉၉၉ ခုနှစ်တုန်းက ပညာရေး ဌာနကနေ စိုက်ပျိုးရေးသိပ္ပံဖွင့်ဖို့အတွက် သိမ်းပိုက်ခဲ့တဲ့လယ်မြေများရှိပါတယ်။ ဒါပေမယ့် အဲဒီလယ်မြေတွေကို စိုက်ပျိုးရေးသိပ္ပံမဖွင့်ဖြစ်တဲ့အတွက် နယ်မြေခံတပ်ကသိမ်းယူပြီးတော့ မူလ လက်ငုတ်လုပ်ကိုင်ခဲ့တဲ့သူများကို ပြန်လည်ပြီးတော့ အငှားချထားတာမျိုးရှိနေပါတယ်။ နှစ်စဉ်ကြေး တစ်ဧကကို တစ်သိန်းအထိပေးပြီးတော့လုပ်နေရတာ တကယ်တမ်းပြန်ပြီးတော့ စဉ်းစားရင် လယ်ယာမြေ လက်ငုတ်လုပ်ကိုင်ခွင့် ရရှိတဲ့သူတွေဟာ အင်မတန်မှ နစ်နာဆုံးရှုံးရပါတယ်။ ကျောက်မဲမှာပါပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွေ သိမ်းယူပြီးတော့ လုပ်ကိုင်ခြင်းမပြုခဲ့တဲ့ လယ်ယာမြေတွေ ရှိပါတယ်။ အဲဒီလယ်မြေတွေပေါ်မှာ အခု သဘာဝဓာတ်ငွေ့နဲ့ ရေနံပိုက်လိုင်း ဖြတ်သန်းသွယ်တန်းဖို့ လုပ်တဲ့အခါမှာ သက်ဆိုင်ရာကုမ္ပဏီကနေပြီးတော့ လျော်ကြေးပေးတဲ့အခါ လယ်ယာမြေကို လက်ငုတ်လုပ်ကိုင်ခဲ့သူမဟုတ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကပဲ လျော်ကြေးတွေကို ရယူသွားပါတယ်။ ပြီးတော့ အဲဒီလယ်ယာမြေတွေကိုလည်း မူရင်းလက်ငုတ်လုပ်ကိုင်ခဲ့တဲ့သူကို ပြန်လည်လုပ်ကိုင်

စေခြင်းမရှိပါဘူး။ ဒါ့ကြောင့်မို့လို့ ဒီလို မိမိသဘောဆန္ဒအရ မပါဘဲနဲ့ အငှားချထားခြင်းမျိုး မပေါ်ပေါက်ရလေအောင်ဟု ဥပဒေကြမ်းမှာ ဒီအငှားချထားခြင်းဆိုတဲ့ စကားရပ်ကို အနည်းငယ် တိကျသော၊ ပိုမိုတိကျသောစကားရပ်နဲ့ အစားထိုးပေးစေချင်ပါတယ်။ ဒါကြောင့်မို့လို့ စောစောက ပြောခဲ့တဲ့ အငှားချထားခြင်းဆိုတဲ့ စကားရပ်အစား မိမိသဘောဆန္ဒအရ ကာလတို အငှားချထားခြင်း ဆိုပြီးတော့ ပြင်ဆင်ဖြည့်စွက်မယ်ဆိုရင် ရှေ့နောက် စကားညီညွတ်ပြီးတော့ ပိုမိုပြီးတော့ သင့်မြတ်မယ်၊ သင့်တော်မယ်လို့ ယူဆပါတယ်။ ကာလတိုအငှားချထားခြင်းကိုလည်း နည်းဥပဒေနဲ့တိတိကျကျ သတ်မှတ် ဖော်ပြပြီးတော့ ဆောင်ရွက်စေသင့်ကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ကိုယ်စားလှယ်တစ်ဦး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဦးစိုင်းဘိုးအောင် တင်ပြသွားတဲ့အချက်အဆိုကို ထောက်ခံပါကြောင်း လေးစားစွာ တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်သိန်း၊ ရွာငံမဲဆန္ဒနယ်မှ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ကျွန်တော်ကတော့ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဥပဒေကြမ်း ပုဒ်မ ၄၊ ပုဒ်မခွဲမှာပါတဲ့ အချက်များနဲ့ ပတ်သက်ပြီးတော့ အဆိုတင်ပြချင်ပါတယ်ခင်ဗျား။

ဆိုတော့မူလဥပဒေကြမ်းပါ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)မှာ၊ ပုဒ်မခွဲမှာပါတဲ့မှတ်ချက်မှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ်များတွင် လယ်ယာမြေကို ပေါင်နှံမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြား ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာမှာ လယ်ယာမြေကို အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ်များမှာသာမက ပုဂ္ဂိုလ် အဖွဲ့အစည်းများတွင်သာ ပေါင်နှံခြင်းကို ဆိုလိုကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။ အခု ဒီနေ့ဆွေးနွေးတဲ့ ကိုယ်စားလှယ်တချို့မှာလည်း ဒီပေါင်နှံခြင်းနဲ့ပတ်သက်လာလျှင် အစိုးရဘဏ် ဒါမဟုတ် အစိုးရအသိအမှတ်ပြုဘဏ်များသာမက ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေမှာလည်း ပေါင်နှံ နိုင်တဲ့သဘော ပါရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်က ဒီပုဒ်မခွဲ(၄)မှာပါတဲ့ မှတ်ချက် အပိုဒ်ကို ဖြုတ်ပယ်ပြီးတဲ့အခါကျတော့ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုများအတွက် အရင်းအနှီးအလို့ငှာ အဆိုပါ

လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း ဆိုတဲ့ ပြင်ဆင်ချက်အဆိုကို ကျွန်တော်တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း တင်သွင်းတဲ့ပြင်ဆင်ချက်အဆိုကို ဦးသိန်းညွန့် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးသိန်းညွန့်က ထောက်ခံကြောင်း လွှတ်တော်သို့ တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခုလို မြေယာဥပဒေမူကြမ်းကို ဝိုင်းဝန်းဆွေးနွေးကြတဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းသာဂုဏ်ယူပါကြောင်းကိုလည်းပဲ ကျွန်တော့်အနေနဲ့ ဦးစွာ ပြောကြားလိုပါတယ်။ ဥပဒေဖြစ်တဲ့အတွက် တစ်ပိုဒ်ချင်း စဉ်းစားတာထက်စာလို့ရှိရင် ခြုံငုံပြီးစဉ်းစားဖို့ လိုမယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အခုဆွေးနွေးတယ်လို့ဆိုတဲ့၊ ပြင်ဆင်တယ်ဆိုတဲ့ အပိုဒ်ဟာ အပိုဒ် ၄(ခ) သို့သော်လည်းပဲ သူ့ရဲ့ခြုံငုံတဲ့ခေါင်းစဉ်ကတော့ အသုံးချခွင့်ပြု၊ အသုံးချခွင့် မူလက အသုံးချခွင့်၊ အခုတော့ လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေများနှင့်ပတ်သက်သည့် အခွင့်အရေးများဆိုတဲ့ခေါင်းစဉ်ရဲ့အောက်မှာဖြစ်ပါတယ်။ ဒါကြောင့်ဆိုလိုတာကတော့ လုပ်ပိုင်ခွင့်ပြုတဲ့ လယ်ယာမြေများနှင့်ပတ်သက်လို့ အဲဒီလုပ်ပိုင်ခွင့်ရှိတဲ့သူတွေဟာ ဘာတွေလုပ်နိုင်လည်းဆိုတဲ့ဥစ္စာကို အောက်မှာရှင်းလင်းဖော်ပြထားတာဖြစ်ပါတယ်။ အဲဒီတော့ ဦးတင်မောင်ဦး ပြင်ဆင်တင်ပြတဲ့နေရာမှာ အရင်တုန်းကတော့ ၄(ခ)မှာ အဆိုပါလယ်ယာမြေကိုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားနိုင်တယ်၊ လဲလှယ်နိုင်တယ်၊ ပေါင်နှံနိုင်တယ်လို့ အဓိပ္ပာယ်သက်ရောက်စွာဖော်ပြထားသော်လည်းပဲ ပိုပြီးပြည့်စုံအောင်အတွက် ဒီလုပ်ပိုင်ခွင့်ရှိတဲ့မြေတွေကို အငှားလည်းချထားလို့ရတယ်။ အဲဒီမှာ ကျွန်တော်တို့ လုပ်ပိုင်ခွင့်လို့ဖြည့်လိုက်တာဖြစ်ပါတယ်။ အရင်တုန်းကတော့ မြေကြီးလို့ သက်ရောက်နေပါတယ်။ အဲဒီတော့ အဲဒီမြေကြီးကို အငှားချထားနိုင်တယ်၊ လဲလှယ်နိုင်တယ်၊ ပေါင်နှံနိုင်တယ်ဆိုတဲ့သဘောမျိုး သက်ရောက်မှာစိုးတဲ့အတွက် ဒီလယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်ကို အငှားချထားနိုင်ပါတယ်၊ ပေါင်နှံနိုင်ပါတယ်။ အမွေဆက်ခံခြင်းလည်းပြုနိုင်ပါတယ်။ ပေးကမ်းခြင်းလည်း ပြုနိုင်ပါတယ်။ အပြီးအပိုင်လွှဲပြောင်းခြင်းလည်း ပြုနိုင်ပါ

တယ်ဆိုပြီးတော့ ကျွန်တော်တို့ ဖော်ပြထားတာဖြစ်ပါတယ်။ ဒါတွေလုပ်နိုင်တယ်လို့ ဖော်ပြထားတာဖြစ်ပါတယ်။ လုပ်ရမယ်လို့လည်းမဆိုလိုပါဘူး။ သင့်တော်တဲ့ ဒီလယ်ယာမြေကို လုပ်ကိုင်ခွင့်ရှိတဲ့ လယ်သမားက သူ့အနေနဲ့ သင့်တော်တယ်ထင်လို့ရှိရင် ဒီနည်းလမ်းတွေနဲ့တော့လုပ်ခွင့်ရှိပါတယ်လို့ ဆိုတဲ့သဘောကိုဖော်ပြတာဖြစ်ပါတယ်။ အဲဒီအထဲမှာ ပထမမှတ်ချက်တုန်းကပါထားတဲ့အထဲမှာ ပေါင်နှံခြင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့က ဒီအထဲမှာ ခုနက ကိုယ်စားလှယ်ကြီးများလည်း ဆွေးနွေးကြပါတယ်။ ပေါင်နှံခြင်းဆိုသည်မှာ လယ်ယာမြေစိုက်ပျိုး ထုတ်လုပ်မှုအတွက် အရင်းအနှီး အလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ်တွေမှာ ပေါင်နှံခြင်းကိုဆိုလိုပါသည် ဆိုတဲ့အတွက် ဒါကို ပြန်ပြီးဖြည့်စွက်ထားတာကတော့ ဒီဘဏ်တွေတင်သာမကဘူး။ ပုဂ္ဂိုလ် ဒါမှမဟုတ်ရင်လည်း အဖွဲ့အစည်းတစ်ခုခုဆီကိုလည်းပဲ တရားဝင်ပေါင်နှံခြင်းပြုပါတယ်။ ကျွန်တော် ဖြည့်စွက်ထားတဲ့သဘောဖြစ်ပါတယ်။ ဒါတွေဟာလည်း တစ်ထစ်ချလုပ်ရမယ်လို့ ကျွန်တော်တို့ ဆိုလိုရင်းမဟုတ်ပါဘူး။ လယ်ယာမြေကို လုပ်ပိုင်ခွင့်ရှိတဲ့လယ်သမားသည် ဒီနည်းလမ်းတွေထဲက တစ်ခုခုကိုတော့ သူ့စိတ်သဘောနဲ့ဆောင်ရွက်နိုင်တယ်ဆိုတဲ့သဘောကိုသာ ကျွန်တော်တို့ ဖော်ပြထားတာဖြစ်ပါတယ်။

အဲဒီတော့ ဒီကိစ္စနှင့်ပတ်သက်လို့ ဒီအထဲမှာအဆိုရှင်ဦးစိုင်းဘိုးအောင် ကနေပြီးတော့မှ အဆိုပါ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ မိမိသဘောဆန္ဒအရ ကာလတိုအငှား ချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်း ဒီနေရာမှာတော့ ကျွန်တော်တို့က ကာလတိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ၊ ဒါကတော့ ငှားရမ်းတဲ့သူရဲ့ဆန္ဒအတိုင်းဖြစ်တဲ့အတွက် အငှားချထားခွင့်ပေးတယ် ဆိုရင်ကိုလုံလောက်တယ်လို့ ကျွန်တော်တို့ ယူဆပြီးတော့မှ ကာလတိုတွေ၊ ကာလရှည်တွေ ကျွန်တော်တို့မဖော်ပြတာဖြစ်ပါတယ်။ အလားတူ မိမိဆန္ဒသဘောအရဆိုတဲ့ဥစ္စာ ကျွန်တော်တို့လည်းစိုးရိမ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လယ်သမားတွေဟာသူတို့ရဲ့ဆန္ဒမပါဘဲနဲ့ ဒီလယ်မြေတွေကို မသိလိုက်ဘဲနဲ့အငှားချထားတဲ့ ဖြစ်စဉ်လေးတွေလည်းရှိတာဖြစ်တဲ့အတွက် ဒီစာပိုဒ်ထဲမှာတော့မပါသော်လည်းပဲ ကျွန်တော်တို့ ဒီဥစ္စာနဲ့ပတ်သက်လို့ထပ်ပြီးတော့မှ အပိုဒ်(၁)အနေနဲ့ အပိုဒ် ၄(ဂ) မှာ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းပြုလုပ်ရာတွင် လုပ်ပိုင်ခွင့်ရှိသူ၏ ဆန္ဒသဘောတူညီချက်မပါသော ဆောင်ရွက်မှုများမဖြစ်စေရ ဆိုပြီးတော့မှပိုပြီးရှင်းအောင် ကျွန်တော်တို့ဖြည့်ထားပြီးသားဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီအပိုဒ်ကို ကျွန်တော်တို့က ဆွေးနွေးရမယ့်အချိန် မရောက်သေးတဲ့အတွက် ခုနတုန်းက ဦးစိုင်းဘိုးအောင်အနေနဲ့ ဒါကို စိတ်ပူပြီးတော့မှသူပြောကြားတယ်လို့ပဲ ကျွန်တော်မြင်ပါတယ်။ ဒါဟာလည်းပဲ တကယ်လိုအပ်တဲ့အချက်ဖြစ်ပါတယ်။

သို့သော်လည်းပဲ တစ်ပိုဒ်တည်းမှာမထားပဲနဲ့ ကျွန်တော်တို့က အနောက်မှာ လုပ်ပိုင်ခွင့်ရှိတဲ့ဥစ္စာဖြစ်တဲ့အတွက် ပထမအပိုဒ်ကိုဥပဒေဖြစ်တဲ့အတွက် ပထမဥစ္စာနဲ့ပတ်သက်လို့ ဘာတွေလုပ်နိုင်တယ်ဆိုတဲ့ဥစ္စာကို ရှင်းအောင်ရေး၊ ရေးပြီးတဲ့အချိန်ကြတော့၊ နောက်မှာ ဒီလိုလုပ်တဲ့အခါကျတော့ ဘယ်လိုစည်းကမ်းသတ်မှတ်ချက်တွေနဲ့လုပ်သင့်ပါတယ်။ လုပ်ရမယ်ဆိုတဲ့ဥစ္စာကို နောက်ပိုင်းမှာ ကျွန်တော်ထပ်ပြီးဖြည့်စွက်ထားတဲ့သဘောဖြစ်ကြောင်း ကျွန်တော်တင်ပြပါတယ်။ နိုင်ငံခြားသားနဲ့ပတ်သက်လို့ ခုနတုန်းက ဆွေးနွေးတဲ့အထဲမှာပါပါတယ်။ နိုင်ငံခြားသားတွေကို ငှားရမ်းတယ်။ လုပ်တယ်ဆိုတဲ့ ဥစ္စာနဲ့ပတ်သက်လို့ ဒါနဲ့ပတ်သက်လို့လည်းပဲ ဒါနိုင်ငံခြားသားနဲ့ပတ်သက်လို့ အခန်း(၄) လယ်ယာမြေနဲ့ပတ်သက်သော စည်းကမ်းချက်များ အဲဒီအပိုဒ်(၉)မှာ တိတိကျကျဖော်ပြထားပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီလိုမရောက်သေးပါဘူး။ မရောက်သေးတဲ့အတွက် ရှေ့မှာကျွန်တော်တို့က ဘာတွေလုပ်နိုင်သလဲဆိုတဲ့ဥစ္စာကိုသိအောင်သာ ကျွန်တော်တို့ ဖော်ပြထားခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ခုနကတုန်းက ပြင်ဆင်ဖို့တင်ပြတဲ့ ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦး တင်ပြတဲ့အချက်ရယ်၊ နောက်တစ်ခါ ဥပဒေကြမ်းကော်မတီကတင်ပြတဲ့အချက်ဟာ ထပ်တူထပ်မျှလည်းဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအတိုင်းပဲထားရှိသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးရဲ့ ဆန္ဒသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ လယ်ယာမြေဥပဒေနဲ့ပတ်သက်လို့ အပိုဒ် ၄(ခ)အပေါ်မှာ အထူးစိတ်ဝင်စားစွာနဲ့ ပါဝင်ဆွေးနွေးကြတဲ့ပုဂ္ဂိုလ်ကြီးများရဲ့ ဆွေးနွေးချက်အပေါ်မှာလည်းပဲ အထူးပဲလေးစားဂုဏ်ယူမိပါတယ်လို့ ပဏာမဦးစွာတင်ပြလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ကျွန်တော်တို့ မူလအဆိုဥပဒေကို အဆိုပြုမူကြမ်းတင်သွင်းတဲ့ ဦးဌေးဦးရဲ့၊ ဒီနိုင်ငံတော်ရဲ့၊ လယ်သမားများရဲ့ အကျိုးကိုရှေ့ရှုပြီးတော့မှ ပြုစုတင်ပြတဲ့ဥပဒေအပေါ်မှာ ပို၍ပို၍ ပြည်စုံခိုင်မာအောင်အတွက်အကြံဉာဏ်ကောင်းများ ဆွေးနွေးတင်ပြချက်တွေကအတော့်ကို ကျွန်တော်တို့ စိတ်ဝင်စားစရာလည်းကောင်းသလို ရှေ့ဆက်ဆောင်ရွက်ရမယ့်ဥပဒေများကို ပြုစုမယ်ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ Inclusive အားလုံးက အကျုံးဝင်ပြီးတော့မှ ခိုင်မာတဲ့ဥပဒေတစ်ရပ်ဖြစ်အောင်အတွက် ကျွန်တော်တို့ ဆောင်ရွက်သင့်တယ်ဆိုတဲ့အချက်ကိုလည်းပဲ စောစောကတင်ပြ

သွားတဲ့ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်ရဲ့ တင်ပြချက်ကလည်းပဲ အတော့်ကို မှတ်သားဖွယ်ရာ အနေနဲ့အလေးထားပြီးတော့မှ ကျေးဇူးတင်ရှိကြောင်းလည်းပဲပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအပေါ်မှာခြုံငုံပြီးတော့မှ တင်ပြလိုတဲ့အချက်ကတော့ ဦးဌေးဦးကလည်းပဲ အတော့်ကို ဒီဥပဒေကိုစပြီးရေးဆွဲကတည်းက တစ်ဖက်ကနေလေ့လာပြီးတော့မှ အပိုဒ်လိုက်၊ အပိုဒ်လိုက်၊ ကဏ္ဍအလိုက်စုံအောင် ပြုစုတင်ပြထားပြီးသား ဖြစ်တာနဲ့အညီ ဦးဌေးဦး ကိုယ်တိုင်လည်းရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအပေါ်မှာ ပြည့်စုံအောင်အတွက် ရေးဆွဲဆောင်ရွက်နေခြင်းဖြစ်သော်လည်း မူလအဆိုပြုတင်ပြထားတဲ့ ဦးဌေးဦးရဲ့ တင်ပြချက်အပိုဒ် ၄(ခ)နဲ့အတူ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က တင်ပြတဲ့အချက်ဟာပို၍ ပြည့်စုံသွားတယ်လို့ ကျွန်တော်ဒီလိုပဲ နှိုင်းယှဉ်လေ့လာတွေ့ရှိမိပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါလယ်ယာမြေကိုအားလုံး ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း၊ မှတ်ချက်။ ပေါင်နှံခြင်းဆိုသည်မှာလယ်ယာ စိုက်ပျိုး ထုတ်လုပ်မှုအတွက် အရင်းအနှီးအလို့ငှာ အစိုးရဘဏ် သို့မဟုတ် အစိုးရအသိအမှတ်ပြုဘဏ် သို့မဟုတ် ပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ခုခုထံ တရားဝင်ပေါင်နှံခြင်းကိုဆိုလိုသည်ဆိုတဲ့ဖော်ပြချက်က ဒါလက်ရှိ ပကတိအခြေအနေအရ လုံလောက်ပြည့်စုံတဲ့စာသား၊ အချက်အလက်များနှင့် ကိုက်ညီ ပါကြောင်း ကျွန်တော့်အနေနဲ့ ဖြည့်စွက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုပြင်ဆင်ချက်နှင့်ပတ်သက်လို့ ပြန်လည်ရုပ်သိမ်းလိုသူများရှိက ရုပ်သိမ်းနိုင်ပါတယ်။ ရုပ်သိမ်းစရာမရှိဘူးဆိုလို့ရှိရင်တော့ မဲခွဲဆုံးဖြတ်ပါမယ်။ ဒါ့ကြောင့် ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေး ကြပါ။ ရပါပြီ။ အားလုံးထိုင်နိုင်ပါပြီးခင်ဗျား။ ပြောင်းပြန် ပြန်ပြီးတွက်ပါမယ်။ ဦးတင်မောင်ဦး အဆိုကို ထောက်ခံသူများမတ်တပ်ရပ်ပေးပါ။ (၃၅၃)ဦး။ ကန့်ကွက်လိုတဲ့ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေး ပါ။ သုံးယောက်ရှိပါတယ်။ ကြားနေများရှိရင် မတ်တပ်ရပ်ပေးပါ။ (၁၉)ယောက်။ ထိုင်နိုင်ပါပြီ။ ဦးရဲထွန်းရဲ့ အဆိုကိုထောက်ခံတဲ့သူများ မတ်တတ်ရပ်ပေးပါ။ အရေအတွက်အတိအကျမဖော်ပြနိုင် သေးသော်လည်း ဦးရဲထွန်းအရေးနိမ့်ပါတယ်။ ထိုင်နိုင်ပါပြီခင်ဗျား။ ဦးရဲထွန်းကိုထောက်ခံတာ ရှစ်ယောက်။ ဦးရဲထွန်းရဲ့ အဆိုကိုကြားနေမယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ ကိုးယောက်။ ကန့်ကွက်က(၃၅၈)ဦး။ ဦးစိုင်းသီဟကျော်အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ် ပေးပါ။ ထောက်ခံ (၁၉)၊ ကန့်ကွက် (၃၅၁)၊ ကြားနေ (၅) ဦး။ မျက်မြင်အားဖြင့် ဦးတင်မောင်ဦးရဲ့ အဆို

ကနိုင်ပါတယ်။ ဦးစိုင်းသီဟကျော်အဆို ထောက်ခံမဲ (၁၉) မဲ၊ ကန့်ကွက် (၃၅၁) မဲ၊ ကြားနေ (၁၉)မဲ ဖြစ်၍ရှုံးပါတယ်။ ဦးစိုင်းသီဟကျော်အဆိုကို ကြားနေမယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးပါ။ အပေါင်းအနှုတ်သာ လုပ်ထားပါ။ အဖြေကတော့ ရှင်းပါတယ်။ ဦးစိုင်းကျော်မြင့်ရဲ့ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်များ ရပ်သိမ်းသွားပြီ၊ ပြိုင်ပွဲကထွက်သွားပြီ၊ ဦးစိုင်းဘိုးအောင်အဆိုကို ထောက်ခံတဲ့ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးကြပါ။ ထောက်ခံ (၁၅)ယောက်။ ထိုင်နိုင်ပါပြီ။ ကြားနေမယ့်ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပေးပါ။ ခြောက်ယောက်။ ကန့်ကွက် (၃၅၄)ယောက်၊ ဦးအောင်သိန်း၊ ရွှာငံမဲဆန္ဒနယ်ရဲ့ အဆိုကိုထောက်ခံတဲ့ပုဂ္ဂိုလ်များ မတ်တပ်ရပ်ပေးပါ။ လေးယောက်။ ထိုင်နိုင်ပါပြီ။ ကြားနေမယ့်ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပေးကြပါ။ လေးယောက်ဖြစ်ပါတယ်။ ကန့်ကွက် (၃၆၇)မဲ၊ အများအားလုံးအမြင်အရ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးတင်သွင်းတဲ့ ပြင်ဆင်ချက် အဆိုဟာ အနိုင်ရရှိကြောင်းနဲ့ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ)သည် ဦးတင်မောင်ဦး ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာပိုဒ် ၄(ဂ)မှာ ပထမဦးစွာ ဦးစိုင်းသီဟကျော်က ပြင်ဆင်မည့်အဆိုကို တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြင်ဆင်လိုတဲ့ အဆိုက ဒီအခန်း(၃)၊ အပိုဒ်(၄)၊ အပိုဒ်ခွဲ(ဂ) ဖြစ်ပါတယ်။ ကျွန်တော် ပြင်ဆင်ဖို့တင်သွင်းထားတဲ့အချက်ကတော့ အပိုဒ်ခွဲ(ခ)အရ ဆောင်ရွက်မှုနဲ့စပ်လျဉ်း၍ အမြတ်ခွန် ကင်းလွတ်ခြင်းဆိုတဲ့အစား အမြတ်ခွန်ကိုပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်မှာ ဒါကို ပယ်ဖျက်ပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အဲဒီအမြတ်ခွန်ဆိုတဲ့အစား အခွန်ဆိုပြီးတော့ ပြင်ဆင်ပြောင်းလဲထားခြင်းဖြစ်ပါ တယ်။ ကျွန်တော်ဘာဖြစ်လို့ အခွန်လို့ပဲထည့်သွင်းရတာလည်းဆိုတော့ ဒီအပိုဒ်ခွဲ(ခ)မှာ ဖော်ပြထား တာက လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းဆိုပြီးတော့ ခုနက ဦးတင်မောင်ဦးရဲ့အဆိုကို အတည်ပြုပြီးသွားပြီဖြစ်ပါတယ်။ အဲဒီ နေရာမှာ ကျွန်တော် တင်သွင်းထားတဲ့ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းဆိုတဲ့စကားရပ်မပါတော့တဲ့အတွက် ကြောင့်မို့လို့ တကယ်လို့သာ ရောင်းချခွင့်ရှိခဲ့မယ်ဆိုရင်တော့ ကျွန်တော်တင်တဲ့အခွန်ဆိုတဲ့စကားလုံး ဟာသိပ်ပြီးတော့ပြည့်စုံမှာမဟုတ်ပါဘူး။ ပြန်လည်ရုပ်သိမ်းမှာပါ။ ဒါပေမယ့် အခုက ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းဆိုတဲ့ စကားရပ်မပါခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လယ်သမားတွေ ဆောင်ရွက်မယ့် ဒီလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ အငှားချထားခြင်း၊

လဲလှယ်ခြင်း၊ ပေါင်နှံခြင်းဆိုတဲ့ ကိစ္စရပ်တွေကိုဆောင်ရွက်တဲ့အခါမှာ အခွန်ပေးဖို့မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ အဲဒီနေရာကို အပိုဒ်ခွဲ(ခ)အရ ဆောင်ရွက်မှုနဲ့စပ်လျဉ်း၍ အခွန်ကင်းလွတ်ခြင်းဆိုပြီးတော့ ကျွန်တော့်အနေနဲ့ တင်သွင်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်လူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်မှ စိုင်းလှကျော် ဖြစ်ပါတယ်။ ခုနအဆိုကို ကျွန်တော် ထောက်ခံပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးကောင်းထက်စံ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီအပိုဒ်မှာ အပိုဒ် ၄(ဂ)မှာ အပိုဒ်ခွဲ(ခ)အရ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အမြတ်ခွန်ကင်းလွတ်ခြင်းဆိုတဲ့စာသားအစား အပိုဒ်ခွဲ (ခ)အရ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ကင်းလွတ်ခြင်းဆိုတဲ့စာသားကို အစားထိုးဖို့ရာအတွက် ပြင်ဆင်ခြင်းအဆိုတင်သွင်းဖို့ ကျွန်တော်ဆောင်ရွက်ခဲ့ပါတယ်။ ဘာလို့ဆောင်ရွက်ခဲ့ရသလဲဆိုလို့ရှိရင် ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် ဒုတိယနေ့အစည်းအဝေးမှာ အတည်ပြုခဲ့တဲ့ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း ပုဒ်မ ၅ မှာ အမြတ်ခွန်ဥပဒေပုဒ်မ ၁၉ အရ ခွင့်ပြုသည့်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် ဝင်ငွေခွန်ဥပဒေအရ ခွင့်ပြုသည့်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအဖြစ် ဆက်လက်အကျိုးသက်ရောက်စေရမည်လို့ပါရှိတာကို တွေ့ခဲ့ရတဲ့အတွက်ကြောင့်မို့လို့ဖြစ်ပါတယ်။ အဲဒါနဲ့ဆက်စပ်ပြီး ဝင်ငွေခွန်ဥပဒေကို လေ့လာတဲ့အခါမှာလည်း ဒီဝင်ငွေခွန်ဥပဒေပုဒ်မ ၅ မှာ ဒီအခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေနဲ့ အခြားခံစားခွင့်တွေနဲ့ စပ်လျဉ်းပြီးတော့မှ ခွင့်ပြုပေးနိုင်တဲ့ အကြောင်းဖော်ပြထားတာတွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်နောက်ဆုံး သုံးသပ်ကြည့်တဲ့ အခါကျတော့ ကျွန်တော်ကိုးကားရမယ်ဆိုတဲ့ ဒီအမြတ်ခွန်ဥပဒေကို ပြန်လည်ရုပ်သိမ်းသည့် ဥပဒေကြမ်းဟာ အခု ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ဥပဒေကြမ်းလည်းဖြစ်နေပြီးတော့မှ ဥပဒေတစ်ခု အဖြစ်ရောက်ရှိခြင်းမရှိသေးတဲ့အတွက်ကြောင့်မို့လို့ ဒါကို ကိုးကားပြီးတော့ ကျွန်တော်က ပြင်ဆင်ချက်အဆိုတင်သွင်းမယ်ဆိုရင် မဆီလျော်ဘူးလို့ယူဆတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်ရဲ့ တင်သွင်းချက်ကို အခုမတင်သွင်းတော့ပါဘူးခင်ဗျား။ လေးစားပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့ သဘောထားကို သိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဆုံးအပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)မှာ ပြောင်းလဲသွားတဲ့ ပြောင်းလဲပြီးအတည်ပြုသွားတဲ့အချက်တွေနဲ့ပတ်သက်လို့ သတိပြုမိဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းခေါ် ဦးမင်းထွန်း အနေနဲ့ အပေါင်လုပ်တဲ့အချိန်မှာ ပေါင်တဲ့အချိန်မှာ ခုနတုန်းက ဝင်ငွေခွန်ကင်းလွတ်ခွင့်လိုချင်တယ် ဆိုတဲ့သဘောမျိုးနဲ့ တင်ပြသွားတာဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ပြင်ဆင်တဲ့ အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ)မှာ အားလုံးခြုံငုံပြီးတော့မှ လုပ်ပိုင်ခွင့်ရှိတဲ့အထဲမှာ အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်းဆိုပြီးတော့မှ ကျွန်တော်တို့ အားလုံးပါ သွားပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီအားလုံးနဲ့အကျုံးဝင်တဲ့အတွက် ဒီ ၄(ခ)အရ ဆောင်ရွက်မှုနဲ့စပ်လျဉ်း ပြီးအမြတ်ခွန်ကင်းလွတ်ခြင်းဆိုတာ ရှိသင့်တယ်လို့ ကျွန်တော်အနေနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအပေါ်မှာ မူတည်ပြီးတော့မှ မူလစာသားအတိုင်းပဲထားရှိမယ်ဆိုရင် ပိုမိုပြည့်စုံမယ်လို့ ကျွန်တော့်အနေနဲ့ယူဆတဲ့အတွက် ဒါကို ကျွန်တော့်အနေနဲ့ ပြင်ဆင်ပြီးတော့မှ တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုဦးဌေးဦး ဆိုလိုတာက ပြင်ဆင်စရာမလိုဘူး။ မူလအတိုင်းပဲ ထားရှိဖို့ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးဌေးဦးရဲ့ ရှင်းလင်းတင်ပြချက်များဟာ ပြည့်စုံလုံလောက်မှုရှိတဲ့အတွက် မူလအတိုင်းပဲ ထားရှိရန် အတွက် သဘောတူထောက်ခံအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့ တင်ပြချက်မူလပြဌာန်းချက်အတိုင်းပဲဆိုတာကို ထောက်ခံတဲ့ ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေးကြပါ။

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။ ကန့်ကွက်မယ့်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပေး ကြပါ။ ကန့်ကွက် ၁၄ ယောက်။ အားလုံးထိုင်နိုင်ပါပြီ။ ကြားနေရှိရင် မတ်တတ်ရပ်ပေးပါ။ ၁၀ ယောက်။ ဒါ့ကြောင့်မို့လို့ ဦးဌေးဦး မူလတင်သွင်းထားတဲ့ လယ်ယာမြေဥပဒေအဆိုပြုမူကြမ်းပါ အပိုဒ် ၄ (ဂ)အား အတည်ဖြစ်ကြောင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစီးဇယားအမှတ်စဥ် (၁၇) ဖြစ်ပါတယ်။ စာပိုဒ်က အပိုဒ် ၄(ခ)အောက်တွင် နှစ်ချက် အသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်မရှိပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီ ဦးတင်မောင်ဦးက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီကနေ့ တင်သွင်းသည့်အဆိုသည် ၄(ခ)မှာပါတဲ့ အရင်းအနှီးနှင့်ဆက်စပ်မှုရှိတဲ့ အတွက်ကြောင့် အရင်းအနှီးနဲ့ပတ်သက်လို့ ဆွေးနွေးသွားချက်များကို အနည်းငယ်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးအနေအထားကို ပြန်ကြည့်မယ်ဆိုရင် ယနေ့ ဝန်ကြီးဌာနကနေ တွန်းအား ပေးပြီးတော့ ဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ ဒီနေရာမှာ အဓိကကတော့ အရင်းအနှီး ဖြစ်ပါတယ်။ ဒီ Capital Fiter နဲ့ပတ်သက်လို့ နိုင်ငံတော်ကနေပြီးတော့ တွန်းအားပေးပြီးတော့ ဆောင်ရွက်နေတဲ့ကာလဖြစ်ပါတယ်။ သမိုင်းကြောင်းအရ ကျွန်တော်တို့ ဘိုးဘွားများသည် လယ်ယာမြေမှာ စပါး၊ ပဲ ကြိုပေးပြီးတော့ ငွေကြေးရယူပြီးတော့မှ လယ်လုပ်ငန်းလုပ်ခဲ့ကြတာတွေ့ရ ပါတယ်။ ဒီလုပ်ငန်းများသည် အမှန်တကယ်တော့ စိုက်ပျိုးရေးအတွက် အရင်းအနှီးမဟုတ်ဘဲနဲ့ စားဝတ်နေရေးအတွက် ဖြည့်ဆည်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် ရာသီဥတုဆိုးရွား၍ဖြစ်စေ၊ သီးနှံမအောင်မြင်၍ဖြစ်စေ ဒီလိုကာလမျိုးမှာ မိမိပိုင်ဆိုင်တဲ့ လယ်ယာမြေများ ဆုံးရှုံးတဲ့အနေအထား ထိရောက်ရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယနေ့နိုင်ငံတော်က လုပ်နေတဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးကဏ္ဍတွန်းအားပေးနေတဲ့အချိန်မှာ အရင်းအနှီးသည် အဓိက ကျကြောင်းဖြည့်စွက်တင်ပြလိုပါတယ်။ ဒီအတွက်ကြောင့် ယနေ့ ဦးဌေးဦးတင်ပြထားတဲ့ လယ်ယာမြေ ဥပဒေကြမ်းမှာ ၄(ခ)ရဲ့အောက်မှ ၄(ဂ)၊ (ဃ)တွေနဲ့ ဖြည့်စွက်တင်ပြသွားမှာဖြစ်ပါတယ်။ ဖြည့်စွက်ချက် အနေနဲ့ ၄(ဂ)မှာ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်းတို့ပြုလုပ်ရာတွင် လုပ်ပိုင်ခွင့်ရှိသူ၏ ဆန္ဒသဘောတူညီချက်မပါသော ဆောင်ရွက်မှုများမဖြစ်စေရဟုဖြစ်ပါတယ်။ နောက်တစ်ပိုဒ်ဖြစ်တဲ့ ၄(ဃ)အနေနဲ့ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်းတို့သည် သတ်မှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖြစ်ရမည်ဟု ဖြည့်စွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(ဒီမောဆိုးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုး

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး တင်သွင်းသွားသောအဆိုကို ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ဥက္ကဋ္ဌအနေနဲ့ ထပ်မံဖတ်ကြားခြင်းမပြုပါဘူး။ မိမိစာရင်းထဲမှာတော့ အမှတ်စဉ် ၁၈၊ အပိုဒ် ၄(ခ)အောက်တွင် အသစ်ဖြည့်စွက်ခြင်း။ ဒါကို ဦးရဲထွန်းက ပြင်ဆင်ချက်အဆိုကို တင်ပြထားပါတယ်။ မှန်တယ်ဆိုလို့ရှိရင် ပြင်ဆင်ချက်အဆိုကို တင်သွင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီအပိုဒ် ၄ (ဂ)ကို (ဃ)အဖြစ်ပြောင်းရန်ဆိုပြီးတော့ ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ အဲဒီ လိုတင်သွင်းလိုက်တဲ့ရည်ရွယ်ချက်က ၄ (ခ)မှာ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အငှားချထားခြင်းဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့အငှားချထားတဲ့ကိစ္စဟာ မြေရှင်စနစ်ကိုအားပေးရာရောက်တယ်။ မူလ တောင်သူလယ်သမားကို လုပ်ပိုင်ခွင့်ပေးတဲ့ပုဒ်မနဲ့ ဆန့်ကျင်ဘက်ဖြစ်နေလို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီအဆို အောင်မြင်ခဲ့လို့ရှိရင်တော့ ပိုင်ဆိုင်တဲ့၊ လုပ်ပိုင်ခွင့်ရထားတဲ့မြေတွေကို နိုင်ငံခြားသားကိုတော့ဖြင့် အစိုးရရဲ့ခွင့်ပြုချက်နဲ့ အငှားချထားနိုင်တယ်ဆိုပြီးတော့ ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ အခု ၄(ခ)မှာ ကျွန်တော့်ရဲ့ အဆိုရှုံးသွားတဲ့အတွက်ကြောင့်မို့လို့ ဒီအချက်ဟာ နောက်ပိုင်းမှာလည်း နိုင်ငံခြားသားနဲ့ ပတ်သက်လို့ အခန်း (၄)အပိုဒ် ၉ မှာ ဖော်ပြထားပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် ဒီအဆိုဟာ ဒီအချက်ဟာ ကျွန်တော် ထည့်သွင်းဖို့မလိုတော့ဘူးလို့ ပြန်လည်ရုပ်သိမ်းပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟင်္သာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ တင်ပြချက်တွေဟာ ပြည့်စုံမှန်ကန်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွှေပြည်သာမဲဆန္ဒနယ် ဦးတင်မောင်ဦးရဲ့ ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရန်အတွက် တင်ပြချက်ဟာ

ဦးတင်မောင်ဦးအနေနဲ့ တစ်ဦးတည်းသာမကဘဲနဲ့ ပြည်သူ့လွှတ်တော်တစ်ခုလုံးကို ကိုယ်စားပြု ပြီးတော့မှ ဖွဲ့စည်းပေးထားတဲ့ ဥပဒေကြမ်းကော်မတီဝင်များ ညှိနှိုင်းတိုင်ပင်ပြီးတော့မှ ဒါကို ပြဋ္ဌာန်း ထားတယ်လို့လည်းပဲ ဒီလိုပဲပြုစုတင်ပြတယ်လို့သဘောရပါတယ်။ တင်ပြချက်တွေကလည်းပဲ ဖြည့်စွက်ရန်လိုအပ်တဲ့ အချက်များဖြစ်တဲ့အတွက်ကြောင့် သဘောတူညီထောက်ခံပါကြောင်းတင်ပြ အပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)ရဲ့ အောက်တွင် အသစ်ဖြည့်စွက်သော အပိုဒ် (ဂ)နှင့် (ဃ) တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် မူလအပိုဒ်ခွဲ (ဂ)၊(ဃ)၊(င) တို့သည် အပိုဒ်ခွဲ (င)၊(စ) နှင့်(ဆ)တို့အဖြစ် ပြင်ဆင်သတ်မှတ်ကြောင်းအတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၁၉၊အပိုဒ် ၄၊ (ဃ) အပိုဒ် ဖြစ်ပါတယ်။ ပြင်ဆင်မည့် ပြဋ္ဌာန်းချက်ကို ဦးတင်မောင်ဦး ရွှေပြည်သာကအဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်ရဲ့မူလပြဋ္ဌာန်းချက်မှာ ပါရှိတာကိုတင်ပြပါမယ်။အပိုဒ် ၄(ဃ)အဆိုပါ လယ်ယာမြေအသုံးချခွင့်ကိုအမွေဆက်ခံခြင်း။ ယင်းအမွေဆက်ခံခြင်းနှင့်ပတ်သက်၍ တည်ဆဲအခြား တရားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ တရားရုံးများက စီရင်ဆုံးဖြတ်ပိုင် ခွင့်မရှိစေရဟု ပါရှိပါတယ်။ ဒီဥပဒေမူကြမ်း အပိုဒ် ၄ (ဃ)မှာပါရှိတဲ့အချက်ဟာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် ပတ်သက်ပြီးတော့ လယ်ယာမြေကို အတူလုပ်ကိုင်သူများကိုသာ အမွေဆက်ခံခွင့်ပြုရာကနေ ယခု အမွေဆက်ခံခွင့်ရှိသူအားလုံး ကိုဆက်ခံခွင့်ရရှိစေဖို့အတွက် အပိုဒ်ခွဲ (စ)နဲ့ အစားထိုးတင်ပြခြင်း ဖြစ်ပါတယ်။ပြင်ဆင်ဖြည့်စွက်တဲ့ အပိုဒ် ၄(စ)အနေနဲ့ အဆိုပါ လယ်ယာမြေလုပ်ကိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှုဖြစ်ပါက တည်ဆဲ တရားဥပဒေအရ သက်ဆိုင်ရာတရားရုံးက စီရင်ဆုံးဖြတ်ရမည်ဟု ပြင်ဆင်ဖြည့်စွက်ထားကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခြားပြင်ဆင်မည့် ပြဋ္ဌာန်းချက်အဆိုပြုချက်မရှိပါဘူး။ဒါကြောင့်မို့ ဦးဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့မြေယာဥပဒေကို ပြင်ဆင်တဲ့အချိန်မှာ မူလမြေယာဥပဒေမှာ အမွေဆက်ခံခွင့်ဆိုတာရှိပါတယ်။သို့သော်လည်းပဲ အဲဒီမှာဖော်ပြထားတဲ့ အမွေ ဆက်ခံခွင့်ဟာ လယ်ယာမြေကိုအတူလုပ်ကိုင်တဲ့ ပုဂ္ဂိုလ်တွေကိုပဲ ဆက်ခံခိုင်းတာဖြစ်ပါတယ်။

အတူမလုပ်ကိုင်သော အမွေဆက်ခံခွင့်ရှိသူတွေကို ဆက်ခံခွင့်ပြုမထားပါဘူး။ တရားရုံးအနေနဲ့ အဲဒီတုန်းက အမွေအမှုကို စစ်ဆေးစီရင်တဲ့အချိန်မှာ အမွေဆိုင်မှုအငြင်းပွားမှုတွေ ဖြစ်လာတဲ့အချိန်မှာ တရားရုံးအနေနဲ့ ဆုံးဖြတ်တာကတော့ အားလုံးကိုခြုံငုံပြီး ဆုံးဖြတ်တာဖြစ်ပါတယ်။ သို့သော်လည်းပဲ အရင်ဥပဒေမှာကတော့ အတူလယ်ယာလုပ်ကိုင်နေတဲ့သူကိုပဲ ဆုံးဖြတ်ရတာ ဖြစ်တဲ့အတွက် အရင်ဥပဒေမှာတော့ တရားရုံးရဲ့အဆုံးအဖြတ်ဟာ အကျုံးမဝင်ဘူးဆိုပြီးတော့မှ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ အခုလက်ရှိအခြေအနေမှာတော့ အမွေပေးပိုင်ခွင့်ရှိတဲ့အတွက် တကယ်လို့ အမွေဆက်ခံမှုနဲ့ပတ်သက်လို့ အငြင်းပွားမယ်ဆိုရင် တရားဥပဒေအရ အဆုံးအဖြတ်ကို ခံယူနိုင်ဖို့အတွက် ပြင်ဆင်ရခြင်းဖြစ်တယ်လို့ ကျွန်တော် နားလည်ပါတယ်။ ဒါ့ကြောင့် ဦးတင်မောင်ဦး ပြင်ဆင်တဲ့ ပြင်ဆင်ချက်ဟာ လျော်ကန်သင့်မြတ်တယ်လို့ ကျွန်တော့်အနေနဲ့ ထောက်ခံကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးကရော သီးခြားဆွေးနွေးရန် ရှိပါသလား။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ကျွန်တော့်အနေနဲ့ ဦးတင်မောင်ဦးနဲ ဦးဌေးဦးရဲ့ တင်ပြချက်အပေါ်မှာ သဘောတူထောက်ခံပါတယ်။သို့ရာတွင် အရှည်ကိုမျှော်တွေးပြီးတော့မှ ဖြည့်စွက်ပြီးတော့မှ လွှတ်တော်အနေနဲ့သုံးသပ်နိုင်ဖို့အတွက် ဖြည့်စွက်တင်ပြလိုပါတယ်။ ဒီအမွေဆက်ခံခြင်း ဥပဒေအပါအဝင်မြေယာဆိုင်ရာအမှုကိစ္စများ၊ အငြင်းပွားမှုများအပေါ်မှာ ကာလတစ်လျှောက်လုံးမှာ ပတ်ဝန်းကျင်မှာ နိုင်ငံနှင့်အဝန်းဖြစ်ပေါ်နေတဲ့ အမှုတွေအပေါ်မှာနှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင်လည်းပဲ တရားရုံးများက ပြီးပြတ်အောင် စီရင်ဆုံးဖြတ်ခြင်းမရှိဘဲနဲ့ အချိန်ကာလကို လွန်ပြီးတော့မှ ဒီအမှုတွေကသက်ဆိုင်ရာ ဒီမိသားစုတစ်စုတည်းမှာဘဲ ရန်သူလိုဖြစ်ပြီးတော့မှ တစ်လျှောက်လုံး တစ်ယောက်နှင့်တစ်ယောက် သေသည့်တိုင်အောင် မပြီးပြတ်တဲ့ အမှုတွေလည်းများစွာရှိပါတယ်။ ထို့အတူပဲအမှုတွေက အမှုအခင်းတွေက သက်သေအထောက်အထားများဟာ ကာလကြာတာနဲ့အမျှ ပြောင်းလဲသွားပြီး တော့မှ မည်သူကမည်သူကိုဆိုတဲ့ တရားခံတွေတောင်မှပြောင်းပြန် ပြန်သွားတဲ့ အနေအထားမျိုးတွေလည်း ကျွန်တော်တို့ဘဝမှာ မြောက်များစွာတွေ့ရှိခဲ့ရပါတယ်။ ဒါလွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း အားလုံး ပဲပတ်ဝန်းကျင်မှာ တွေ့ရှိကြမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုတရားရုံးတွေက စီရင်ဆုံးဖြတ်တဲ့ အခါမှာ ကာလအပိုင်းအခြားကန့်သတ်ပေးထားဖို့ မည်သည့်ကာလအတွင်းမှာ နှစ်လအတွင်းမှာ ပြီးပြတ်အောင် စီရင်ရမည်။သုံးလအတွင်းမှာ ပြီးပြတ်အောင်စီရင်ရမည်။ စသဖြင့် သင့်လျော်တဲ့ကာလ အပိုင်းအခြားကိုလည်း တိတိကျကျ ပြဋ္ဌာန်းပေးထားခြင်းအားဖြင့် အမွေဆက်ခံမှုအပါအဝင် မြေယာလုပ်ပိုင်ခွင့်နဲ့

ပတ်သက်လို့ အငြင်းပွားမှုတွေ ဖြစ်ပေါ်လာလို့ရှိရင် တိကျတဲ့ပြည်သူလူထုအတွက် အမှုအခင်းဆိုင်ရတဲ့ ပုဂ္ဂိုလ်များအတွက် တိကျတဲ့အချိန်ကာလ အပိုင်းအခြားထဲမှာ အာမခံနိုင်မှုရှိမယ့် အကြောင်းကို ဖြည့်စွက်ပြီးတော့ တင်ပြလိုခြင်းဖြစ်ပါတယ်။ အထူးပဲကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားနဲ့ တင်ပြချက်က အခု ဦးတင်မောင်ဦး ပြင်ဆင်မယ့်ပြင်ဆင်ချက်ကိုသဘောတူတယ်။ သို့ရာတွင် နောင်အရှည်သဖြင့် စဥ်းစားတဲ့အခါမှာ အချိန်ကာလ သတ်မှတ်ပြီးတော့ တရားရုံးများက ဆုံးဖြတ်ပေးဖို့ အဲဒီအပိုင်းဆိုလို့ရှိရင် ဥပဒေပြီးတဲ့ အခါမှာ နည်းဥပဒေမှာ ဖော်ပြလို့ရမယ်ဆိုလို့ရှိရင်တော့ နည်းဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနကပဲ လုပ်ရမယ်လို့ ထင်ပါတယ်။ အဲဒီအခါမှာ ဝန်ကြီးတို့အနေနဲ့ ဒါကိုတိတိကျကျ ဖော်ပြဆောင်ရွက်မယ် ဆိုရင် ဖြစ်မယ်လို့ထင်ပါတယ်။ ဒါ့ကြောင့်မို့လို့ဒီနေ့ ဦးတင်မောင်ဦး ရွှေပြည်သာမဲဆန္ဒနယ်ရဲ့ အဆိုပြုတင်ပြချက်ကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါ တယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄၊ အပိုဒ် (ဃ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် အပိုဒ်ခွဲ (စ)အဖြစ် ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၀ ၊အပိုဒ် ၄(င)ဖြစ်ပါတယ်။ မူလပြင်ဆင်ချက်ကို ဦးတင်မောင်ဦး ရွှေပြည်သာက ပြင်ဆင်လိုကြောင်း တင်ပြထားပါတယ်။ဦးတင်မောင်ဦးမှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။မူလဥပဒေမူကြမ်းရဲ့အပိုဒ် ၄(င)မှာ လယ်ယာမြေအသုံးချခွင့်ကာလကို နှစ်ရှည် သီးနှံစိုက်ပျိုးလျှင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ သတ်မှတ်သည့် စည်းကမ်းဖောက်ဖျက်ခြင်း မရှိပါက နှစ်ပေါင်း ၆၀ ထိရရှိမည့်ခွင့်ပြုသည့်သက်တမ်းကာလကုန်ဆုံးပြီးနောက် သက်တမ်းတိုးခွင့် လျှောက်ထားနိုင်သည်။ ရာသီသီးနှံစိုက်ပျိုးလျှင် သတ်မှတ်သည့်စည်းကမ်းများကို ဖောက်ဖျက်ခြင်း မရှိသရွေ့အသုံးချခွင့်ရှိသည်ဟုပါရှိပါတယ်။ မူလဒီဥပဒေကြမ်းအပိုဒ် ၄(င)မှာ နှစ်ရှည်သီးနှံ စိုက်ပျိုး လျှင် စတင်ခွင့်ပြုသည့်နေ့မှစ၍ သတ်မှတ်သည့် စည်းကမ်းဖောက်ဖျက်ခြင်းမရှိပါက နှစ်ပေါင်း ၆၀ ထိရရှိမည်။ခွင့်ပြုသည့်သက်တမ်းကာလ ကုန်ဆုံးပြီးတဲ့နောက်မှာ သက်တမ်းတိုးခွင့် လျှောက်ထား နိုင်တယ်လို့ ဖော်ပြပါရှိရာကနေ လယ်ယာမြေမှာ နှစ်ရှည်သီးပင်စိုက်ပျိုးခွင့်မရှိတဲ့အတွက် အဆိုပါ စာသားကို ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ ကျန်ရှိတဲ့ ရာသီသီးနှံတွေကို စိုက်ပျိုးမယ်ဆိုရင် လယ်ယာမြေ လုပ်ကိုင်ခွင့်ကာလကို သတ်မှတ်တဲ့စည်းကမ်းချက်များကို ဖောက်ဖျက် ခြင်းမရှိသရွေ့ လုပ်ပိုင်ခွင့်ရရှိ မယ်ဆိုတဲ့စာသားဟာ ပိုမိုရှင်းလင်းကျစ်လစ်စေမှာဖြစ်တဲ့ အတွက်ကြောင့် ပြင်ဆင်သွားမှာဖြစ်ပါတယ်။

အဲတော့ အပိုဒ် ၄ (င)အစားအပိုဒ် ၄(ဆ)အနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ကာလကို သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လုပ်ပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ထားကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးရဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေပြည်သာမဲဆန္ဒနယ်၊ ဦးတင်မောင်ဦးရဲ့အဆိုကို ညောင်တုန်းမဲဆန္ဒနယ်၊ ကျွန်တော်ဦးအောင်မြသန်းက ထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့ သဘောထားကိုသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာမြေတွေမှာ သာမန်အားဖြင့် နှစ်ရှည်သီးနှံ စိုက်ပျိုးခွင့်မရှိပါဘူး။ ဒါကြောင့်နှစ်စဥ်သီးနှံစိုက်ပျိုးလျှင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ သတ်မှတ်သည့် စည်းကမ်းဖောက်ဖျက်ခြင်းမရှိပါက နှစ်ပေါင်း ၆၀ အထိရရှိမည်။ ခွင့်ပြုသည့်သက်တမ်းကာလ ကုန်ဆုံးပြီးနောက် သက်တမ်းတိုးခွင့် လျှောက်ထားနိုင်သည်ဆိုတဲ့ စာသားကိုပယ်ဖျက်ခြင်းဟာ သင့်တော်မှန်ကန်မှုရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ကာလကိုသတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လုပ်ပိုင်ခွင့်ရှိသည်ဟု တင်ပြထားခြင်းမှာလည်း လုပ်ပိုင်ခွင့်ရှိသော သက်တမ်းအားသတ်မှတ် ဖော်ပြထားခြင်းဖြစ်တဲ့အတွက် သင့်လျော်မှန်ကန်မှုရှိကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးတင်မောင်ဦး ရဲ့အဆိုတင်သွင်းချက်အပေါ်မှာ သဘောတူထောက်ခံပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ပြင်ဆင်မည့် ပြဋ္ဌာန်းချက်အဆိုသည် အတည်ဖြစ်ကြောင်းနှင့် အပိုဒ် ၄၊ အပိုဒ် (င)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် အပိုဒ်ခွဲ (ဆ)အဖြစ်ပြင်ဆင်သတ်မှတ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမှတ်စဥ် ၂၁ ၊အပိုဒ် ၄(င)အောက်တွင် အသစ်ဖြည့်စွက်ခြင်း၊ မူလပြဋ္ဌာန်းချက်မရှိပါဘူး။ ပြင်ဆင်ပြဋ္ဌာန်းမည့်ပြဋ္ဌာန်းချက်ကို ဦးစိုင်းသီဟကျော်က တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အခန်း(၃)အပိုဒ် ၄ ရဲ့ မူလပြဋ္ဌာန်းချက်များအပြင်၊ ထပ်မံပြီးတော့အပိုဒ်ခွဲ(ဇ) အဖြစ် ထပ်မံဖြည့်စွက်လိုပါတယ်။ ဖြည့်စွက်လိုမယ့်စာသားကတော့ အဆိုပါလယ်ယာမြေပေါ်တွင် လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ မိမိနှစ်သက်သော သီးနှံများကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုး ထုတ်လုပ်နိုင်ခွင့်ရှိသည်လို့ဖြစ်ပါတယ်။ ဒီအပိုဒ်ထည့်သွင်းရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ လယ်သမားများ၊ တောင်သူလယ်သမားများ အားလုံး ၎င်းတို့နှစ်သက်သောသီးနှံများ၊ ဈေးကွက်ပေါ်မှာ မူတည်ပြီးတော့ တွက်ခြေကိုက်မယ့် သီးနှံများကို ၎င်းတို့နှစ်သက်သလို ထုတ်လုပ်ဖို့ခွင့်ပြုသင့်တယ်လို့ ကျွန်တော့်အနေနဲ့ယူဆတဲ့ အတွက်ကြောင့်မို့လို့ ဒီစာပိုဒ်ကိုထည့်သွင်းရခြင်းဖြစ်ပါတယ်။ တကယ်လို့ နိုင်ငံတော်အနေနဲ့ပဲဖြစ်ဖြစ်၊ ဝန်ကြီးဌာနအနေနဲ့ပဲဖြစ်ဖြစ် စိုက်ပျိုးစေလိုတဲ့ သီးနှံများပင်ရှိတယ်ဆိုရင်လည်းပဲ စည်းရုံးတဲ့နည်းဖြင့်သော်လည်းကောင်း၊ ပံ့ပိုးကူညီတဲ့နည်းများဖြင့်သော်လည်းကောင်း တောင်သူလယ်သမားများ စိတ်ပါဝင်စားလာတဲ့အထိ ညှိနှိုင်းတိုင်ပင်၊ ဆွေးနွေး၊ စည်းရုံး သွေးဆောင်ပြီးမှ လုပ်ဖို့သင့်တော်မယ်လို့လည်း ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ၎င်းတို့ကလုံးဝမနှစ်သက်၊ မလုပ်လိုတဲ့ လုပ်လို့လည်း မဖြစ်နိုင်တဲ့ကိစ္စမျိုးကို မဖြစ်ပေါ်စေရန်အတွက် ဤဥပဒေကို ကျွန်တော်ထည့်သွင်း ရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသီဟကျော်ရဲ့အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေခင်ဗျား။ ကျွန်တော်ကတော့ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဖြည့်စွက်တင်ပြတဲ့ အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီနေ့တင်ပြဆွေးနွေးကြတဲ့ အကြောင်းအရာဟာဥပဒေဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေထဲမှာ ဒွိဟဖြစ်နိုင်တဲ့အချက်အလက်မျိုးပါရှိဖို့မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ဦးစွာတင်ပြလိုပါတယ်။ သီးနှံတွေစိုက်ပျိုးတဲ့နေရာမှာ အဓိကအလေးထားသင့်တဲ့ အချက်သုံးချက်ရှိပြီး ဖြစ်ပါတယ်။ အဲဒါကတော့ တစ်အချက်ကတော့ အောင်မြင်ဖြစ်ထွန်းတဲ့ သီးနှံဖြစ်ဖို့လိုပါတယ်။ နှစ်အချက်ကတော့ စီးပွားရေးအရ စိုက်ပျိုးတဲ့တောင်သူတွေဟာ တွက်ခြေကိုက်

သင့်ပါတယ်။ ဒါဒုတိယ အချက်ဖြစ်ပါတယ်။ တတိယအချက်ကတော့ နိုင်ငံတော်ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ဒီနေ့ကျင့်သုံးနေတဲ့ နည်းလမ်းတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မိုင်းရယ်မဲဆန္ဒနယ်က ဦးစိုင်းသီဟကျော်ပြောသလို မိမိနှစ်သက်တဲ့ သီးနှံတွေကို လွတ်လပ်စွာရွေးချယ်ပြီး၊ စိုက်ပျိုးမယ်ဆိုရင် ကျွန်တော်တို့ ခွင့်ပြုလို့မရတဲ့သီးနှံတွေလည်း ရှိနေပါသေးတယ်။ ဒါကြောင့် ဥပဒေတွေထဲမှာ ဒီသီးနှံတွေကိုသာ စိုက်ပျိုးခွင့်ပြုထားတယ်ဆိုပြီးတော့မှ ဥပဒေအရပြောကြမယ်ဆိုရင် ဆုံးဖြတ်ရခက်နိုင်တဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့် မိုင်းရယ်မဲဆန္ဒနယ်က ဦးစိုင်းသီဟကျော် စိုးရိမ်တဲ့အချက်နဲ့ပတ်သက်လို့ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ဖြေရှင်းပြီးတော့မှ ဒီဥပဒေထဲမှာတော့ မထည့်သင့်ဘူးလို့ပဲ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးအနေဖြင့် အဆိုရှင်ဦးစိုင်းသီဟကျော် စိုးရိမ်သလိုမဖြစ်အောင် ကျွန်တော်တို့တစ်တွေ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတော်ပြည်သူများရဲ့အကျိုးအတွက်ကို သီးနှံများပေါ်မှာ တွက်ခြေကိုက်အောင် ဒေသနဲ့ကိုက်ညီအောင် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားပြီးတော့မှ ဆောင်ရွက်ပေးမယ့်အကြောင်းလည်းပဲ ကျွန်တော့်အနေနဲ့ ပထမဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဆန်စပါးစားသုံးတဲ့နိုင်ငံဖြစ်ပါတယ်။ကျွန်တော်တို့နိုင်ငံအတွက်ဒီဆန်စပါးဟာ ကျွန်တော်တို့အတွက် မရှိလျှင်လုံးဝမဖြစ်နိုင်တဲ့ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် Political cropလို့လည်း ပြောလို့ရပါတယ်။ ဒါကြောင့်မို့လို့ တောင်သူတွေအနေနဲ့ ဒီဥပဒေမှာ ဒီအချက်ကို ထည့်ထားမယ်ဆိုရင် ဒီဝိဝါဒကွဲပြီးတော့မှ မိမိနှစ်သက်တဲ့ သီးနှံများကို လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုးထုတ်လုပ်နိုင်ခွင့်ရှိသည်ဆိုလျှင် ကျွန်တော်တို့မှာ ဥပမာပေါ့ ကျွန်တော်ညီအစ်ကိုလို ပွင့်ပွင့်လင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ သူက မူးယစ်ဆေးဝါးနဲ့ဆက်စပ်တဲ့ သီးနှံမျိုးကိုများ ရွေးချယ်မယ်ဆိုရင် ဥပမာပေါ့ ဒါဟာဆိုရင် ရွှေတြိဂံဧရိယာမှာ ကျွန်တော်ငယ်စဉ်က နှစ်တော်တော်ကြာကြာ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တစ်ဘက်နိုင်ငံမှာ ဆေးပေါင်းရုံရှိတဲ့အတွက် သူတို့ရဲ့လယ်ကွင်းတွေထဲမှာ ဆေးရွက်ကြီးတွေစိုက်ဖို့အတွက် ရွှေတြိဂံမန်တုံတို့၊ ပါခါတို့ အဲဒီဒေသတွေမှာစိုက်ဖို့အတွက် စည်းရုံးရတဲ့အခါမှာ လယ်သမားတွေကို ဆန်စပါးစိုက်ဖို့ ဆန်စပါးကလည်း မဖူလုံသေးတဲ့ကာလဖြစ်ပါတယ်။ ကျွန်တော်တို့က အတင်းကို ဒီသက်ဆိုင်ရာ အဲဒီခေတ်ကတော့ ဆိုရှယ်လစ်ခေတ်ကတော့ ပါတီကောင်စီကနေဆင်းပြီးတော့မှ တော်တော့်ကိုစည်းရုံးတဲ့ နည်းလမ်းတွေနဲ့

ဒီဆေးရွက်ကြီးတွေ ပိုက်ဆံရလွယ်တဲ့ဟာကို မစိုက်ဖို့အတွက်တော့ တော်တော့ကို ကျွန်တော်တို့ တိုက်တွန်းပြီးတော့မှ ဆောင်ရွက်ခဲ့ရတဲ့ဟာတွေရှိပါတယ်။ အလားတူဒေသအသီးသီးမှာလည်းပဲ ဒီအတိုင်းပဲရှိပါတယ်။ ဥပမာ ဝါစက်ရုံကြီးကို နိုင်ငံတော်အတွက်မျှော်မှန်းပြီးတော့မှ ချည်စက်ရုံကြီးတွေ တည်ဆောက်ထားတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့က သူတွက်ခြေကိုက်တယ်။ သူစိုက်ချင်တာ စိုက်မယ်ဆိုတာမျိုးသွားပြီးတော့မှ ဝိဝါဒကွဲမယ်ဆိုရင် နိုင်ငံတော်ရဲ့စီမံကိန်းကြီးဟာ တော်တော့ကို ရင်းနှီးမြှုပ်နှံထားတာကြီးကပျက်ယွင်းသွားနိုင်ပါတယ်။ ဆန်စပါးအပါအဝင်နိုင်ငံတော်ရဲ့ စီမံကိန်း သီးနှံတွေအတွက် စိုက်ဖို့လိုအပ်တဲ့နေရာတွေမှာ ကျွန်တော်တို့အပိုင်းကလည်းပဲ လယ်ယာစိုက်ပျိုးရေး နဲ့ ဆည်မြောင်းဝန်ကြီးဌာနကလည်းပဲ တောင်သူတွေအတွက် တကယ့်ကို တွက်ခြေကိုက်အောင် အလေးထားပြီးတော့မှ ပြည်သူ့ရဲ့အသံကို နားထောင်ပြီးတော့မှ ဆောင်ရွက်ပေးမှာပဲသေချာပါတယ်။ ဥပမာ ကြံသီးနှံဆိုရင်တစ်ဧကကို တစ်တန်ကို ၃၀၀၀၀ နဲ့ တောင်သူတွေတွက်ခြေကိုက်အောင် ကျွန်တော်တို့လုပ်ပေးရမယ်။ ဆန်စပါးသီးနှံဆိုရင်လည်းပဲ တောင်သူတွေဘယ်လို တွက်ခြေကိုက်မလဲ။ သီးနှံဘယ်လိုအထွက်တိုးအောင်လုပ်ပေးမလဲ။ Market Price ကိုတောင်သူတွေ ဝေမျှဝေခံစား နိုင်အောင် ဘယ်လိုလုပ်ပေးမလဲလို့ ကျွန်တော်တို့အတော့်ကို အလေးအနက်ထားပြီးတော့မှ နိုင်ငံတော် အနေနဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့ ဝိဝါဒကွဲနိုင်တဲ့ ဦးဒွေးဦး တင်ပြသွားခဲ့သလိုပါပဲ။ ဒီအပိုဒ်ကိုထည့်လိုက်ခြင်းအားဖြင့် တောင်သူတွေမှာ ဒီဥပဒေပေါ်မှာ ဒွိဟဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတော်အပိုင်းအနေနဲ့ လက်ရှိဈေးကွက် စီးပွားရေးအခြေအနေပေါ်မူတည်ပြီးမှ အတတ်နိုင်ဆုံးတောင်သူတွေ တွက်ခြေကိုက်အောင် အဖက်ဖက်ကတွက်ချက်စီမံပြီးတော့မှ လုပ်ပေးရင်းနဲ့နေမှာဖြစ်တဲ့အတွက်ကြောင့်မို့ ဒီဥပဒေကို သီးခြားထည့်သွင်းဖော်ပြရန် မလိုအပ်တဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ အလေးအနက် ဆွေးနွေး တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသီဟကျော်ရဲ့ သဘောထား သိလိုပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလိုမျိုးပဲ ဦးဒွေးဦးနဲ့ ပြည်ထောင်စု ဝန်ကြီးတို့ ရှင်းလင်းပြောကြားသွားတာကို ကျွန်တော့်အနေနဲ့ နားလည်သဘောပေါက်ပါတယ်။ အခုကျွန်တော် တင်သွင်းတဲ့အပိုဒ်ဟာ ကျွန်တော်ဟာ ဥပဒေပညာရှင်တစ်ယောက်မဟုတ်တဲ့အတွက် အခုလိုမျိုး ဒီစာပိုဒ်ကို ဒီလိုရေးသားပြီးတော့ ထည့်သွင်းရတာ ဖြစ်ပါတယ်။ ဒီအပိုဒ်ကို ထည့်သွင်းပေး ရတဲ့ အကြောင်းအရင်းဟာလည်းပဲ ကျွန်တော်တို့တွေ့ကြုံခဲ့ရတဲ့ အောက်ခြေက တောင်သူလယ်သမား များအားလုံးရဲ့ စိတ်ဆန္ဒတောင်းဆိုချက်၊ အနှစ်နှစ်အလလကမျှော်လင့်ချက်တွေ အပေါ်မှာအခြေခံပြီး

တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအပေါ်မှာ ဘယ်လိုသဘောထားရှိပါသလဲဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကပဲ လွှတ်တော်ဥက္ကဋ္ဌကြီးကပဲ သုံးသပ်ပေးပါလို့ပဲ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌရဲ့အဆုံးအဖြတ်ကတော့ ဦးစိုင်းသီဟကျော်အဆိုကို ကန့်ကွက်သူများ မတ်တတ်ရပ်ပေးပါ။ (၃၄၅)ဦး။ ထောက်ခံမယ့်သူများ မတ်တတ်ရပ်ပေးပါ။ (၂၄)ယောက်။ ထိုင်နိုင်ပါပြီခင်ဗျား။ ကြားနေပုဂ္ဂိုလ်များ မတ်တတ်ရပ်ပေးကြပါ။ (၆)ယောက်။ ဒါကြောင့် ဦးစိုင်းသီဟကျော်ရဲ့ အဆိုကို ကန့်ကွက်တဲ့ အရေအတွက်များတဲ့အတွက် ဦးစိုင်းသီဟကျော်ရဲ့ ပြင်ဆင်ချက်အဆို အတည်မဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၄၊သည် မူလအပိုဒ်ခွဲများအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကိုနေ့လယ် ၂း၁၅ နာရီအချိန်တွင် ပြန်လည်စတင်ပါမယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၅ မှ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဃ)အထိ ပြင်ဆင်ချက်တင်ပြထားမှုမရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ အပိုဒ် ၇၊ အပိုဒ်ခွဲ(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ပထမဦးစွာ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က ပြင်ဆင်ချက်အဆိုကိုတင်ရန်ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူလ အပိုဒ်ခွဲ ၇ ရဲ့(င)မှာ လယ်ယာမြေကို ရောင်းချခြင်း၊ ပေးကမ်းခြင်းမပြုရလို့ ဖော်ပြ

ထားတာဖြစ်ပါတယ်။ မူလဥပဒေမူကြမ်းရဲ့ ၇(င)ကို လက်ရှိပြင်ဆင်တဲ့ဥပဒေအတွက် အပိုဒ်ခွဲ ၄(ခ)မှာ လုပ်ပိုင်ခွင့်အား အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင် လွှဲပြောင်းခြင်းတို့ကို ခွင့်ပြုထားပြီးဖြစ်တဲ့အတွက် မူလအပိုဒ်ခွဲ(င)ကို ပယ်ဖျက်သင့်ကြောင်း တင်ပြခြင်း ဖြစ်ကြောင်းတင်ပြပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး တင်သွင်းသွားတဲ့ ပြင်ဆင်ချက်အဆိုသည် ဥပဒေကြမ်းနှင့်ဆီလျော်ကိုက်ညီတဲ့ အဆိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထောက်ခံပါကြောင်း ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးညီညီမြင့်မှ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုမှာ အပိုဒ် ၇၊ အပိုဒ်ခွဲ(င)ပါ မူလပြဋ္ဌာန်းချက်အား ပယ်ဖျက်ရန်နှင့် မူလအပိုဒ်ခွဲ (စ)၊ (ဆ)၊ (ဇ)တို့အား အပိုဒ်ခွဲ (င)၊ (စ)၊ (ဆ)ဖြင့် ပြင်ဆင်သတ်မှတ်ရန်ဖြစ်သည်။ ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်ကလည်း ဒီအတိုင်းပဲ အဆိုတင်ပြထားပါတယ်။ ဆက်လက်ပြီး အပိုဒ် ၇၊ အပိုဒ်ခွဲ(င)၊ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်က အဆိုကိုတင်သွင်းရန် ဖြစ်ပါတယ်။

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း(သီပေါမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီအပိုဒ် ၇(င)ကို လယ်ယာမြေကို ရောင်းချခြင်း၊ ပေးကမ်းခြင်းမပြုရဆိုတဲ့ မူလ ပြဋ္ဌာန်းချက် ကိုပြင်ဆင်ချက်အဆိုပြုထားတဲ့ စာသားက လယ်ယာမြေအသုံးချခွင့်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် တောင်သူလယ်သမားအချင်းချင်း လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်းပြုနိုင်သည်ဆိုပြီးတော့ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ရှင်းလင်းပြလိုတာက ကျွန်တော်တို့ပြီးခဲ့တဲ့ကာလတွေမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကပဲဖြစ်စေ၊ မြေယာဥပဒေ အသစ်ထပ်မံမပြုရသေးတဲ့ ဒီနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးမှုကောင်စီလက်ထက်က ဖြစ်စေ၊ ကျွန်တော်တို့တစ်တွေ တစ်လျှောက်လုံးခံယူထားတဲ့ နားလည်ထားတဲ့အသိက မြေယာရဲ့ ပင်ရင်းပိုင်ရှင်ဟာ နိုင်ငံတော်ဖြစ်တယ်ဆိုတဲ့အတွက်ကြောင့် ပိုင်ဆိုင်ခွင့်မပြုသင့်သော်လည်း လုပ်ပိုင်ခွင့်အားလွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်၊ အမွေဆက်ခံခွင့်များကို ဥပဒေစည်းမျဉ်း စည်းကမ်းနှင့်အညီ တရားဝင်ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေမူကြမ်း၊ နည်းဥပဒေမူကြမ်းတို့အား ရှင်းလင်းချက်များနှင့်အတူ ပြင်ဆင်အတည်ပြုဆောင်ရွက်နိုင်ပါရန် ပူးတွဲပေးပို့တင်ပြအပ်ပါသည်လို့

ဦးဌေးဦးက ကျွန်တော်တို့ကို ဩဂုတ်လ ၁၅ ရက်နေ့နဲ့ ဖြန့်ဝေထားတဲ့ ဥပဒေကြမ်းရဲ့ နိဒါန်းမှာပေါ့လေ နိဒါန်းမှာ အဆိုပြုတင်ထားချက်ကို ကျွန်တော်က သဘောတူထောက်ခံတဲ့အနေနဲ့ ဒီစာသားကို မလိုအပ်တော့တဲ့အတွက် ပယ်ဖျက်ပြီးတဲ့အခါကျတော့ အစားထိုးဖို့တင်ပြခြင်းဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်သတိပြုမိတာက ဒီဥပဒေကြမ်းကော်မတီ သို့မဟုတ် ဦးတင်မောင်ဦးတို့ အဆိုပြုတဲ့ အထဲတွေမှာ ဒီစကားလုံးကို အထူးပြုပြီးတော့ အထူးသတိထားပြီးတော့ ရှောင်တာကိုတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီလိုရှောင်တာဟာ သိပ်အဓိပ္ပါယ်မရှိဘူးလို့ယူဆပါတယ်။ ဘာကြောင့်လည်း ဆိုတော့ ကျွန်တော်တို့ဟာ မြေယာရဲ့မူလပင်ရင်းပိုင်ရှင်ဟာ နိုင်ငံတော်ဖြစ်တယ်ဆိုတဲ့ဟာကို ဒီဥပဒေပါ ပြဋ္ဌာန်းချက်သုံးချက်အရလည်းကောင်း၊ နိုင်ငံတကာမှာလည်းကောင်း ကျွန်တော်တို့ ဒါနိုင်ငံတော်က မူရင်းပိုင်ရှင်ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ မှတ်ချက်ကောက်ယူလို့ရပါတယ်။ အဲ့ဒါကတော့ နံပါတ်(၁) ကျွန်တော်တို့ကို လုပ်ပိုင်ခွင့်ပေးထားတဲ့ တောင်သူလယ်သမားတွေကို လုပ်ပိုင်ခွင့်ပေးထားတဲ့ ဒီမြေပေါ်မှာ၊ မြေပေါ်မှာ ကျွန်တော်တို့ လုပ်ကိုင်အသုံးချခွင့်ရှိသော်လည်း မြေအောက်မှာရှိတဲ့ သယံဇာတတွေကို ကျွန်တော်တို့တောင်သူလယ်သမားတွေက မပိုင်ပါဘူး။ နံပါတ်(၂)က နိုင်ငံတော်က လိုအပ်လို့သိမ်းယူတဲ့အခါမှာ ကျွန်တော်တို့ငြင်းပိုင်ခွင့်မရှိပါဘူး။ ဥပမာ လမ်းဖောက်မယ်။ ရထားလမ်းဖောက်မယ်။ အဲတစ်ခုခု ကျွန်တော်တို့ စက်ရုံစီမံကိန်းတွေရှိမယ် ဆိုလို့ရှိရင် တောင်သူလယ်သမားဟာ သူ့မြေကိုဖယ်မပေးနိုင်ပါဘူးလို့ ငြင်းပိုင်ခွင့်မရှိပါဘူး။ သင့်တော်တဲ့လျော်ကြေးများ ပေးပြီးတဲ့အခါကျတော့ သိမ်းယူဆောက်လုပ်တာကို နိုင်ငံတကာမှာ တွေ့ရပါတယ်။ ဥပမာအားဖြင့် တရုတ်ပြည်မှာဆိုလို့ရှိရင်လည်း ဒီလိုပဲနစ်နာကြေးတွေပေးပြီးတော့ သူတို့အစိုးရနိုင်ငံတော်ရဲ့ လိုအပ်တဲ့မြေတွေကိုသိမ်းယူပြီး လုပ်တာရှိပါတယ်။ နံပါတ်(၃)အချက်အနေနဲ့ ကတော့ ကျွန်တော်တို့ ဒီသတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို မလိုက်နာလို့ရှိရင် ဥပမာ စိုက်ပျိုးဖို့ ကျွန်တော်တို့ ခွင့်ပြုထားတဲ့ဒီမြေယာတွေကို မလိုက်နာဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ပြန်သိမ်းမယ်ဆိုတဲ့ အပိုဒ်လည်းပါပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီမြေယာဟာ နိုင်ငံတော်ကပိုင်တယ် ဆိုတဲ့ဟာအပေါ်မှာ ကျွန်တော်တို့က စိုးရိမ်ကြောင့်ကြမှုဖြစ်ပြီးတော့ လယ်ယာမြေကို ရောင်းချခြင်း၊ ပေးကမ်းခြင်းမပြုရ ဆိုတဲ့စကားလုံးကိုထည့်ပြီးတော့ တစ်ခါအသုံးချခွင့်ကိုလည်း ရောင်းချခွင့်၊ လုပ်ပိုင်ခွင့်ပေါ့လေ ခုနကတင်သွားတဲ့ ကျွန်တော်တို့ ဒီပြင်ဆင်ချက်အတည်ပြုတဲ့စာသားအရဆိုရင် လုပ်ပိုင်ခွင့်ပေါ့။ လုပ်ပိုင်ခွင့်ကို ကျွန်တော်တို့ တောင်သူလယ်သမားအချင်းချင်း ဒီဥပဒေမှာ သတ်မှတ်ထားတဲ့ တောင်သူလယ်သမားအချင်းချင်း လွှဲပြောင်းရောင်းချတာ၊ ပေးကမ်းတာပြုနိုင်

တယ်လို့ ပြဋ္ဌာန်းရင်ပိုအဆင်ပြေမယ်လို့ ယူဆပါတယ်။ ဘာကြောင့်တုန်းဆိုတော့ ဒီစကားလုံးကို ရှောင်လိုက်တာနဲ့ ကျွန်တော်တို့တတွေဟာ နောင်မှာ ဒီလုပ်ပိုင်ခွင့်အရောင်းအဝယ်တွေပေါ်မှာ ရရှိမယ့် ရောင်းခွန်နဲ့ ကျွန်တော်တို့ ဝယ်ခွန်ဆိုတဲ့ဟာတွေ ကျွန်တော်တို့ နိုင်ငံတော်က ဆုံးရှုံးဖို့ရှိပါတယ်။ နောက် ဘဏ်ကလည်း ကျွန်တော်တို့ ဘဏ်ကိုတောင် ပေါင်နိုင်တဲ့ပစ္စည်းတစ်ခု၊ ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့် တစ်ခုကို ဘဏ်ကလည်း ပြန်ပြီးတော့ လေလံပစ်တာတွေ ကျွန်တော်တို့ ရောင်းချတာတွေ ရှိမှာပါ။ အဲလိုဖြစ်တဲ့အခါကျတော့ ဒီရောင်းချတယ်ဆိုတဲ့ လုပ်ပိုင်ခွင့်ကို ရောင်းချတယ်ဆိုတဲ့စကားလုံးဟာ ရှောင်လွှဲလို့မရပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ဒီစကားလုံးကို ကျွန်တော်တို့ နိုင်ငံတော်က မူရင်းပိုင်ရှင်ဖြစ်တယ်ဆိုတဲ့ ယူဆချက်နဲ့ ကျွန်တော်တို့ ကွဲကွဲပြားပြား နားလည်ပြီးတော့ ဒါကို ထည့်ပြီးတော့ ပြဋ္ဌာန်းစေချင်ပါတယ်။ ဒီလိုနည်းအားဖြင့် နိုင်ငံတော်က ရရှိမယ့် ရောင်းခွန်၊ ဝယ်ခွန် များလည်း ရလာနိုင်ပါတယ်။ တရားဥပဒေရေးရာ အရှုပ်အရှင်းများကိုလည်း ရှင်းရှင်းလင်းလင်း ကျွန်တော်တို့ ရှင်းလင်းနိုင်မှာဖြစ်ပါတယ်။ တကယ်လို့ ဒါကိုမပြဋ္ဌာန်းဘူးဆိုရင် ကျွန်တော်တို့ တတွေဟာ အချင်းချင်းလွှဲပြောင်းတဲ့ကိစ္စမှာလည်း ကျွန်တော်တို့အပြင်မှာ ငွေပေး၊ ငွေယူက လျှို့ဝှက် ပြီးတော့ တိုးတိုးတိတ်တိတ်လုပ်ရပါမယ်။ ပြီးလို့ရှိရင် လွှဲပြောင်းတာကို တစ်ခါ မြေယာကော်မတီမှာ လုပ်ရတာတွေ ဖြစ်လာပါမယ်။ ဒါ့ကြောင့်မို့လို့ ဒီအဆိုကို ကျွန်တော် တင်သွင်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ကိုယ်စားလှယ်တစ်ဦး** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရဲထွန်း တင်သွင်းလိုက်တဲ့အဆိုကို ထောက်ခံအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးစိုင်းသီဟကျော်ပြင်ဆင်မည့် အဆိုအတွက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော် (မိုင်းရယ်မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းသီဟကျော်ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်း ဖို့ အဆိုပြုထားတဲ့ အပိုဒ်ဟာ ခုနကကျွန်တော် အထက်အပိုဒ်တွေမှာ တင်သွင်းသွားခဲ့တဲ့ အခန်း ၃ အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)မှာ ခွင့်ပြုချက်ဖြင့် ရောင်းချခြင်းဆိုတဲ့စကားရပ်ကို ထည့်သွင်းဖို့အဆိုပြုရာမှာ

လွှတ်တော်က သဘောမတူတဲ့အတွက် ကျွန်တော်ရဲ့အဆိုအား ဆက်လက်တင်သွင်းရန် မရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဌေးဦးရဲ့သဘောထား သိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကျွန်တော်တို့ဥပဒေဟာလုပ်ပိုင်ခွင့်ကို အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း ပြုနိုင်ဖို့အတွက် ပြဋ္ဌာန်းဖို့ ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် အရင်ဥပဒေမှာပါနေတဲ့ လယ်ယာမြေကို ရောင်းချခြင်း၊ ပေးကမ်းခြင်း မပြုရဆိုတဲ့စာပိုဒ်ဟာ ကျွန်တော်တို့ဥပဒေနဲ့ ဆီလျော်ကိုက်ညီခြင်း မရှိပါဘူး။ ဒါကြောင့် ပယ်ဖျက်တဲ့ ဥစ္စာကိုပဲ ကျွန်တော်အနေနဲ့ ထောက်ခံတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်အနေဖြင့် နိုင်ငံတော်ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပါရှိတဲ့အတိုင်းပဲ နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုတွေက နိုင်ငံတော်ကပဲ ပိုင်ဆိုင်တယ်ဆိုတာ အတိအလင်းပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒီအပေါ်မှာ ဒီမူလဥပဒေတင်ပြချက်အထဲမှာ လယ်ယာမြေကို ရောင်းချခြင်း၊ ပေးကမ်းခြင်း မပြုရဆိုတဲ့ စာပိုဒ်ကိုဖျက်သိမ်းဖို့အကြောင်းတရားရယ်၊ လယ်ယာမြေအသုံးချခွင့်ကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် တောင်သူလယ်သမားအချင်းချင်း လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်းပြုနိုင်သည် ဆိုတဲ့ ဒီဖြည့်စွက်တဲ့အချက်နှစ်ခုကို နှိုင်းယှဥ်ချိန်ထိုးကြည့်တဲ့အခါကျတော့ ကျွန်တော်တို့ ဥပဒေရဲ့အပိုဒ် ၄(ခ)ပါ အချက်ကိုလည်းပဲ လုံလောက်တယ်လို့ ကျွန်တော်တို့ သတ်မှတ်မယ်ဆိုရင်လည်းပဲ ဖြစ်နိုင်သလို အခြားတစ်ဖက်ကလည်း လက်ရှိပကတိအခြေအနေတွေမှာ အမှန်တကယ်လုပ်ပိုင်ခွင့်နဲ့ ပတ်သက်လို့သော်လည်းကောင်း၊ ပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့သော်လည်းကောင်း၊ တကယ့်မြေပြင်မှာ ပကတိဖြစ်ပျက်နေတဲ့အခြေအနေမှာကို ကျွန်တော်တို့ ပြန်ဆန်းစစ်ကြည့်မယ်ဆိုရင် အမှန်တကယ် ရောင်းချနေကြတာတွေ၊ ပေးကမ်းနေကြတဲ့လက်တွေ့ပကတိအခြေအနေတွေလည်းပဲ ရှိနေတဲ့အတွက် ကြောင့် ကျွန်တော်တို့ ဒီအပေါ်မှာအခြေခံပြီးတော့မှ ဒီစကားရပ်ကို ထည့်သွင်းသင့်၊ မထည့်သွင်းသင့် ဆိုတာကို ကျွန်တော်တို့ ဒီလွှတ်တော်ကပဲ အဆုံးအဖြတ်ပေးနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးရဲထွန်း ပြင်ဆင်ချက်၊ ပြဋ္ဌာန်းချက်ကို ပြင်ဆင်မယ့်ပြဋ္ဌာန်းချက်ကို ထောက်ခံတဲ့သူများ မတ်တတ်ရပ်ပေးပါ။ ၂၁ ယောက် ။ ထိုင်နိုင်ပါပြီခင်ဗျား။ ကြားနေမယ့်ပုဂ္ဂိုလ်များ မတ်တပ်ရပ်ပေးပါ။ ၁၁ ယောက်ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျန်တဲ့ကန့်ကွက်မဲက (၃၄၃) မဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးရဲထွန်းတင်ပြတဲ့အဆိုဖြစ်တဲ့ လယ်ယာမြေအသုံးချခွင့်ကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသည့် တောင်သူလယ်သမားအချင်းချင်း လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း ပြုနိုင်သည်ဆိုတာ အတည်မဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၆၊ အပိုဒ် ၇(စ)၊ ပြင်ဆင်ဖို့အတွက် ဦးတင်မောင်ဦး၊ ရွှေပြည်သာကတင်ပြထားပါတယ်။ အဆိုပြုတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေရဲ့မူလအပိုဒ် ၇(စ)ကို တင်ပြပါမယ်။ အပိုဒ် ၇(စ) လယ်ယာမြေနှင့်စပ်လျဉ်း၍ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းနှင့် အမွေဆက်ခံခြင်း စသည်တို့ကို ဆောင်ရွက်သည့်အခါ သတ်မှတ်သည့်ဝန်ဆောင်မှု အခွန်အခပေးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနရုံးတွင် မှချမှတ်ပုံတင်ရမည်ဟု ပါရှိပါတယ်။ ဒီအပိုဒ် ၇(စ)အစား ပိုမိုပြည့်စုံပြီးတော့ ကျစ်လစ်စေဖို့အတွက် လက်ရှိဥပဒေမူကြမ်းကို အပိုဒ် ၇(င)အဖြစ် ပြင်ဆင်တင်ပြသွားမှာ ဖြစ်ပါတယ်။ အပိုဒ် ၇(င) လယ်ယာမြေနှင့်စပ်လျဉ်း၍ အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်းစသည်တို့ကို ဆောင်ရွက်သည့်အခါ သတ်မှတ်သည့်ဝန်ဆောင်မှု အခွန်အခပေးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနရုံးတွင် မှချမှတ်ပုံတင်ရမည်ဟု ပြင်ဆင်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးရဲ့အဆိုကို ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးသိန်းထွန်းက ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းက ပြင်ဆင်မယ့် ပြဋ္ဌာန်းချက်တင်ပြထားပါတယ်။ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုတင်သွင်းဖို့ ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်အဆိုဟာ အပိုဒ် ၇(င)မှာ အဆိုရှိုးသွားတဲ့ အတွက်ကြောင့်မို့လို့ အသုံးချခွင့်၊ လွှဲပြောင်းရောင်းချခွင့်ဆိုတဲ့ စကားရပ်ထည့်ထားတဲ့ ဒီအဆိုဟာ ဆက်လက်တင်သွင်းရန်မလိုတော့ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသီဟကျော် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော် (မိုင်းရယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုကို ဆက်လက်တင်သွင်းလိုခြင်း မရှိတော့ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်း၊ ရွာငံက ပြင်ဆင်မည့် ဥပဒေကြမ်းတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းဖြစ်ပါတယ်။ ဒီပြင်ဆင်ပြဋ္ဌာန်းချက် နဲ့ပတ်သက်လို့ ကျွန်တော်တင်ပြမယ့်ကိစ္စက အပေါ်ကစာကိုယ်အနေနဲ့ကတော့ အဲဒီအတိုင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အသုံးအနှုန်းအနေနဲ့ပြောရရင် သက်ဆိုင်ရာဦးစီးဌာနရုံးတွင် မုချမှတ်ပုံတင် ရမည်ဆိုတာ၊ မုချဆိုတဲ့ စကားအစား သတ်မှတ်သည့်အချိန်ကာလအတွင်းဆိုတဲ့ အသုံးအနှုန်းတစ်ခုသာပြင်ဆင်ဖို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ မုချဆိုတဲ့စကားဟာ မုချလို့သုံးထားတဲ့စကားသည် အနှစ်သာရအားဖြင့် မလွဲဧကန်အသေအချာ၊ အတိအကျလုပ်စေချင်တဲ့သဘောလို့ ကျွန်တော်ကယူဆပါတယ်။ ဒါပေမယ့် အဲဒီမုချဆိုတဲ့စကားကို ကျွန်တော်ဖတ်ရှုခဲ့သမျှ ဥပဒေစာအုပ်ထဲမှာ မုချဆိုတဲ့ စကားလုံးဟာအတွေ့နည်း ပါတယ်။ အဲဒါကြောင့်မို့လို့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ တာဝန်တွေထမ်းဆောင်တဲ့အခါမှာလည်း တစ်လအတွင်း၊ နှစ်လအတွင်း၊ သုံးလအတွင်း အဲလိုမျိုးလည်း သေချာစေချင်တဲ့အတွက် မုချဆိုတဲ့ အသုံးအနှုန်းအစားကို သတ်မှတ်ပြီးအချိန်ကာလအတွင်းဆိုတာနဲ့ အသုံးအနှုန်းပြောင်းဖို့အတွက် ကျွန်တော် ပြင်ဆင်ချက်တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းရဲ့အဆိုကို ထောက်ခံဖို့ ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မုချတော်လှန်ရေးအောင်ရမယ်ဆိုတဲ့ကြွေးကြော်သံပဲ ကြားဖူး

ပါတယ်။ ဥပဒေမှာ မုချဆိုတဲ့စကားလုံး မကြားဘူးတဲ့အတွက် ရွာငံမဲဆန္ဒနယ်က ဦးအောင်သိန်းရဲ့ အဆိုကို သယ်န်းကျွန်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးသိန်းညွန့်က လေးလေးနက်နက်ထောက်ခံပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ နာမည်တွေတော့ ရသွားပြီ။ ဦးဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟင်္သာတမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းရဲ့ တင်ပြချက်မှာ သဘောထားချင်းအတူတူတော့ဖြစ်ပါတယ်။ သို့သော်လည်းပဲ အသုံးအနှုန်းအရက သတ်မှတ်ထားတဲ့ကာလအတွင်းနဲ့ မုချဆိုတဲ့ကိစ္စလွဲတာဖြစ်ပါတယ်။ မှတ်ပုံတင်စေချင်တဲ့ သဘောကတော့ တရားဝင်အသိအမှတ်ပြုခြင်းဖြစ်တဲ့အတွက် အငြင်းပွားမှုတွေဖြစ်လာလို့ရှိရင် ဒီဥပဒေရဲ့ အကာအကွယ်ကို ရရှိဖို့အတွက် ထည့်ထားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ကတော့ မုချဆိုတဲ့မူလအဆိုကိုပဲ ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဒီမုချဆိုတဲ့ အသုံးအနှုန်းနဲ့ သတ်မှတ်သည့်အချိန်ကာလအတွင်း မှတ်ပုံတင်ရမည်ဆိုတဲ့ ဒီအသုံးအနှုန်းနှစ်ခု အပေါ်မှာ အကယ်၍မုချဆိုတဲ့စကားလုံးကို သုံးမယ်ဆိုရင်လည်း နည်းဥပဒေပြဋ္ဌာန်းတဲ့အချိန်မှာ သတ်မှတ်ကာလကို ကျွန်တော်တို့နည်းဥပဒေပိုင်းဆိုင်ရာမှာ ထည့်သွင်းဖော်ပြပေးလို့လည်းပဲ လိုက်လျောညီထွေဖြစ်ပါတယ်။ သို့အတွက်ကြောင့် လွှတ်တော်ကနေပြီးတော့မှ မုချဆိုတဲ့အသုံးအနှုန်း ကို အတည်ပြုပြီး သို့မဟုတ် သတ်မှတ်သည့်အချိန်ကာလအတွင်း မှတ်ပုံတင်ရမည်ဆိုတဲ့ အသုံးအနှုန်း ကို အတည်ပြုဖို့အတွက်ကို ဆုံးဖြတ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အခုက အကြောင်းအရာအဓိပ္ပါယ်အပေါ်မှာ ကွဲလွဲချက်မဟုတ်ဘဲနဲ့ စကားလုံး အပေါ်မှာပဲ ကွဲလွဲခြင်းဖြစ်ပါတယ် ။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ပြည်ထောင်စုဝန်ကြီး က တောင်းခံတဲ့အတွက် မုချသမားများ မတ်တပ်ရပ်ပေးကြပါခင်ဗျား။ စကားလုံးမှာပဲ ကုလားကြီးနဲ့ အရာကြီးပါ။ မုချအတွက် ကြားနေမယ့် ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးကြပါ။ ၁၁၉ ထိုင်နိုင်ပါပြီ။

ကန့်ကွက်က ၉၄၊ ထောက်ခံ ၁၆၂၊ ကြားနေက ၁၁၉၊ ဒါကြောင့် မှချကအနိုင်ရသွားကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အပိုဒ် ၇၊ အပိုဒ်ခွဲ(ခ)သည် မူလအပိုဒ်ခွဲများအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းမပူနဲ့။ သက်ဆိုင်ရာဝန်ကြီးဌာနက နည်းဥပဒေပြဋ္ဌာန်းတဲ့အခါမှာ မှချကနေပြီးတော့ ခုနကပြောင်းသွားနိုင်တယ်။ အမှတ်စဉ် ၃၀၊ အပိုဒ်၇(ဆ) ဦးရဲထွန်းက အဆိုပြု တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း(သီပေါမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ် ၇(ဆ)မှာ ကျွန်တော်မူလက တင်ပြခဲ့စဉ်က လယ်ယာမြေပေါ်မှာ မွေးမြူရေးလုပ်ငန်းကိုပါ ခွင့်ပြုလိမ့်မယ်လို့ ကျွန်တော်မူလက ထင်ခဲ့မိပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီတောင်သူလယ်သမားကို အဓိပ္ပါယ်ဖွင့်တဲ့နေရာမှာ တောင်သူလယ်သမားဆိုတာ စိုက်ပျိုးရေးလုပ်ငန်းကိုကော၊ မွေးမြူရေးလုပ်ငန်းကိုကော လုပ်ကိုင်တဲ့သူဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို တွေ့ရှိတာရယ် နောက်ပြီးတော့ Farming လို့ခေါ်တဲ့ လယ်ယာလုပ်ငန်းနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့ မွေးမြူရေးကိုပါ ဒီအနောက်နိုင်ငံတွေမှာ ခေါ်ဆိုထားတာရယ်ကြောင့် ဒီလယ်ယာမြေဥပဒေကို ပြဋ္ဌာန်းတဲ့အခါမှာ မွေးမြူရေးလုပ်ငန်းကိုလည်း ပါဝင်လိမ့်မယ်လို့ ကျွန်တော်ယူဆခဲ့တာပါ။ အခုပြီးခဲ့တဲ့အခန်းတွေကို ဆွေးနွေးတဲ့အချိန်မှာ မွေးမြူရေးလုပ်ငန်းကို သီးခြားခွင့်ပြုမိန့်တောင်းပြီးတော့ လုပ်ဆောင်ရမယ်လို့ ဦးဌေးဦးက ရှင်းပြသွားတဲ့အတွက် ကျွန်တော်ဒီအဆိုကို ရုပ်သိမ်းပြီးတော့ မူလအဆို လယ်ယာမြေပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရဆိုတဲ့စကားရပ်ကို ထောက်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးအောင်သိန်း၊ ရှောင်ကပြင်ဆင်ချက်အဆို တင်ပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရှောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ တောင်ပိုင်း၊ ရှောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်အခု ပြင်ဆင်ပြဋ္ဌာန်းမယ့်ကိစ္စသည် မူလဥပဒေမှာမပါဘဲနဲ့ အသစ်ဖြည့်စွက်တဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ကျွန်တော်ဒီပြဋ္ဌာန်းချက်ကို ဘာဖြစ်လို့အဆိုတင်သွင်းရလည်းဆိုရင် အခုလောလောဆယ် ကျွန်တော်တို့ နယ်တွေမှာ ဒီဦးပိုင်ပဲလျှောက်လျှောက်၊ ပုံစံ ၁၀၅ ပဲလျှောက်လျှောက်၊ မြေစာရင်းရုံးကို သွားတဲ့အခါမှာ

ကျွန်တော်တို့မှာ တိကျခိုင်မာတဲ့သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်တွေကို တောင်သူလယ်သမားအများစုက မသိကြပါဘူး။ အဲဒါဆိုသက်ဆိုင်ရာမြေစာရင်းဦးစီးဌာနတို့ ဝန်ထမ်းတွေပြောသမျှသာလျှင် ကျွန်တော်တို့က အခွန်အခပေးဆောင်နေရတဲ့သဘော ဖြစ်ပါတယ်။ အဲဒါကြောင့် နောက်တစ်နေ့ ဒီလို ပြဿနာမျိုးတွေမဖြစ်ရအောင် ကျွန်တော်တို့တောင်သူလယ်သမား တွေကလည်း မိမိထမ်းဆောင်ရမယ့် တာဝန်တွေကို သေသေချာချာ သိရအောင်ဆိုတဲ့ သဘောမျိုးနဲ့ ကျွန်တော်က အပိုဒ် ၇(ဆ)အဖြစ် မြေခွန်နဲ့အခြားအခွန်အခများမှတ်ပုံတင်ခြင်းနဲ့ ဝန်ဆောင်မှုအဖိုးအခနှုန်းထားများကို အမိန့်ကြော်ငြာ စာဖြင့် ပြဋ္ဌာန်းသတ်မှတ်ပေးရမည်ဆိုတဲ့ပြဋ္ဌာန်းချက်ကို ကျွန်တော် ဖြည့်စွက်တင်ပြရခြင်း ဖြစ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သောဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမဲဆန္ဒနယ်က ဦးအောင်သိန်းတင်သွင်းတဲ့ ပြင်ဆင်ချက် အဆိုကို သယ်န်းကျွန်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးသိန်းညွန့်အနေဖြင့် ထောက်ခံကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့သဘောထား သိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်းရဲ့မြေခွန်နဲ့ အခြားအခွန်အခများ မှတ်ပုံတင်ခြင်းနဲ့ဝန်ဆောင်မှု အခွန်အခနှုန်းထားများကို အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသတ်မှတ်ပေးရမည်ဟု တင်ပြထားခြင်းနှင့်ပတ်သက်လို့ ဥပဒေတစ်ခုပြဋ္ဌာန်းပြီးလို့ရှိရင် ဒီဥပဒေနဲ့ပတ်သက်တဲ့ နည်းဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာချက်တွေ ဆက်လက်ထုတ်ပြန်ရစမြဲ ဖြစ်ပါ တယ်။ ဒါကြောင့် ဒီမှာသီးခြားထည့်သွင်းပေးဖို့လည်း မလိုပါဘူး။ အလားတူသဘောမျိုးသက်ရောက်တဲ့ အခန်း(၁၃)အထွေထွေအပိုင်းမှာလည်း ပါရှိပြီးဖြစ်တဲ့အတွက် အခုထပ်မံထည့်သွင်းဖြည့်စွက်ဖို့ မလိုအပ်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ဥပဒေ များ ပြဋ္ဌာန်းပြီးစီးတဲ့အချိန်မှာ ဝန်ကြီးဌာနအနေနဲ့ ဥပဒေနဲ့လိုက်လျောညီထွေအောင် နည်းဥပဒေ အမိန့်နဲ့ ညွှန်ကြားချက်များ၊ ကြေညာချက်များကို ကြော်ငြာစာများကို ဆက်လက်ပြီးတော့မှ ထုတ်ပြန်

ပေးသွားရမယ့်လုပ်ငန်းစဥ်ရှိတဲ့အတွက်ကြောင့်မို့လို့ ထပ်မံပြီးတော့မှဖြည့်စွက်ရန် မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးအောင်သိန်း မဲခွဲလိုက်မလား။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ ဒီဥပဒေတင်တဲ့ ဟင်္သာတမဲဆန္ဒနယ်က ဦးဒွေးဦးရော၊ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးရော နောက်တစ်နေ့ကျရင် ကျွန်တော်တို့ ပြည်သူတွေအများ သိအောင်ထုတ်ပြန်ပေးမယ်ဆိုတာ သိရတဲ့အတွက် ကျွန်တော် ဖြည့်စွက်တင်ပြခြင်းကို ကျွန်တော် ရုပ်သိမ်းပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၇၊ အပိုဒ်ခွဲများသည်မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၈ မှ အပိုဒ် ၉၊ အထိ ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၃၂၊ အပိုဒ် ၁၀၊ ပြင်ဆင်မည့်ပြဋ္ဌာန်းချက်ကို ဦးတင်မောင်ဦးက တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေရဲ့ မူလအပိုဒ် ၁၀ မှာ အငြင်းပွားမှု အရှုပ်အရှင်းဖြစ်ပေါ်နေသောကာလအတွင်း သို့မဟုတ် လယ်ယာမြေအသုံးချခွင့် မရမီ ကာလအတွင်း လယ်ယာမြေနဲ့စပ်လျဥ်း၍ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ခွဲစိတ်ခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းနှင့် အမွေဆက်ခံခြင်း စသည်တို့ကို ဆောင်ရွက်ခွင့် မပြုရဟု ဖော်ပြထားရှိပါတယ်။ မူလဥပဒေကြမ်းမှာပါရှိတဲ့ လယ်ယာမြေအသုံးချခွင့်ဆိုတဲ့စကားရပ်ကို လယ်ယာမြေလုပ်ပိုင်ခွင့်လို့ ပြင်ဆင်ပြီးကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ခွဲစိတ်ခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း၊ ပေါင်နှံခြင်းတို့ကို အစီအစဥ်အတိုင်း အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း ၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းဟုဖော်ပြပြီးတော့ ဥပဒေကို ပိုမိုကျစ်လစ် စေဖို့အတွက် ပြင်ဆင်မှာဖြစ်ပါတယ်။ ဒါကြောင့်ပြင်ဆင်ဖြည့်စွက်တဲ့ ဥပဒေရဲ့အပိုဒ် ၁၀ မှာ အငြင်းပွားမှုအရှုပ်အရှင်း ဖြစ်ပေါ်နေသောကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ကိုင်ခွင့်မရမီ ကာလအတွင်း လယ်ယာမြေနဲ့စပ်လျဥ်း၍ အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊

ပေးကမ်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်းစသည်တို့ကို လုံးဝမပြုရဟု ပြင်ဆင်ကြောင်းတင်ပြပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ တောင်ပိုင်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ပြင်ဆင်မည့်ပြဋ္ဌာန်းချက် ဦးတင်မောင်ဦး၊ ရွှေပြည်သာ တင်ပြချက်အား ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဦးဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်္ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးတင်မောင်ဦးရဲ့ ပြင်ဆင်တင်ပြချက်ကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်အနေနဲ့ ဦးတင်မောင်ဦးရဲ့ တင်ပြချက်အပေါ်မှာ ထောက်ခံပါတယ်။ သို့ရာတွင် ဒီအရှုပ်အရှင်းဖြစ်ပေါ်နေသောကာလအတွင်းဆိုတဲ့ ဒီစကားလုံး၊ စကားရပ်ဟာ ကျွန်တော်တို့ အမြဲတမ်းပဲအရှေ့ပိုင်းက တင်ပြသွားတဲ့ ဒီမြေယာအရှုပ်အရှင်းများ ဖြစ်ပေါ်လာရင် တရားဥပဒေအရ စီရင်မှုလုပ်ငန်းတွေကို ပြီးပြတ်အောင်ဆောင်ရွက်ရမယ့် ကာလသတ်မှတ်ချက်နှင့် ဆက်စပ်နေပါတယ်။ ဒီအရှုပ်အရှင်းဖြစ်ပေါ်နေတဲ့ကာလအတွင်း မည်သည့်လုပ်ငန်းမှ ဆက်လက်ပြီး လုပ်ကိုင်လို့မရတဲ့ ဒီဥပဒေရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ မလိုတဲ့လူတွေဟာ ပြဿနာပေါ်နေအောင် မြေယာတစ်ခုကို လွှဲပြောင်းမယ်၊ ပေးကမ်းမယ်၊ အမွေဆက်ခံမယ်ဆိုတဲ့ ဒီအမှုကို မပြီးပြတ်အောင် လည်းလုပ်တတ်တဲ့ သဘောသဘာဝရှိတဲ့အတွက်ကြောင့်မို့လို့ ပထမကနဦးက ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပဲ ဒီပုဒ်မထဲမှာတော့ သီးခြားဖော်ပြရန်မလိုသော်လည်းပဲ လွှတ်တော်အနေနဲ့ ဒီလိုအမှုအခင်းတွေ ဖြစ်ပေါ်လာလို့ရှိရင် ဘယ်ကာလအတွင်းမှာ ပြီးပြတ်အောင်ဆောင်ရွက်ပေးရမည်ဆိုတဲ့ နောင်သောအခါမှာ ဒီဥပဒေများပြဋ္ဌာန်းတဲ့အခါမှာ ထည့်သွင်းသုံးသပ်ပေးနိုင်ဖို့အတွက် ဒီမှာ ကျွန်တော်ဖြည့်စွက်ပြီး တင်ပြခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးရဲ့ အဆိုပြုချက်နဲ့ပတ်သက်ပြီးတော့ ရေတွက်လို့လွယ်အောင် ကန့်ကွက်တဲ့သူရှိရင် မတ်တတ်ရပ်ပေးပါ။ မရှိတဲ့အတွက် ပြင်ဆင်မည့်ပြဋ္ဌာန်းချက် အဆိုအတည် ဖြစ်ကြောင်းနှင့် အပိုဒ် ၁၀ သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ်၃၃၊ အပိုဒ် ၁၁ ဖြစ်ပါတယ်။ ဦးစိုင်းကျော်မြင့် ပြင်ဆင်မည့် ပြဋ္ဌာန်းချက်အဆိုတင်ဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဆိုတဲ့ ခက်မသုံးဖြာမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးကို ဆောင်ရွက်ရသည်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်ဖြစ်သော ဗဟိုတိုင်းဒေသကြီးပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စုအဖွဲ့တို့၏ အဖွဲ့ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်အဆင့်ဆင့်ကို လွှတ်တော် ကိုယ်စားလှယ်များ သိရှိရန်လိုအပ်သည့်အပြင် ဥပဒေရေးဆွဲ ပြဋ္ဌာန်းရန်လည်းလိုအပ်ပါတယ်။ အဲဒါကြောင့်နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဤဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ အောက်ပါလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်ဟု ပြင်ဆင်အဆိုပြုထားပါသော်လည်း၊ အဖွဲ့ဖွဲ့တိုင်းလွှတ်တော်သို့ တင်ပြနေရပါက လွှတ်တော်အစည်းအဝေးမရှိသည့်အချိန်၌ အခက်အခဲများနှင့်ကြုံတွေ့နိုင်သည် ကိုသတိပြုမိပါသဖြင့် ကျွန်တော်၏အဆိုကို ဆက်လက်ဆွေးနွေးရန်မလိုအပ်တော့ပါကြောင်း ရုပ်သိမ်း ပါကြောင်းတင်ပြအပ်ပါသည်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အပိုဒ် ၁၁သည် မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၃၃၊ အပိုဒ်၁၂ ပြင်ဆင်မည့်ပြဋ္ဌာန်းချက်ကို ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်က တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အပိုဒ် ၁၂(က) ပြဋ္ဌာန်းချက်ကိုဦးစိုင်းဘိုးအောင်မှ ဆွေးနွေးအဆိုပြုသွားမည့်အချက်များနှင့် သဘောချင်းတူညီပါ၍ ကျွန်တော်၏အဆိုကို ရုပ်သိမ်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ်၁၂ (က)ပြင်ဆင်မည့်ပြဋ္ဌာန်းချက်အဆိုကို ဦးတင်မောင်ဦးက တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ မူလဥပဒေ အပိုဒ်၁၂(က)မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ အတွင်းရေးမှူးဖြင့်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာနအကြီးအကဲများက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရမည်ဟု ဖော်ပြပါရှိပါတယ်။ ဒီအပိုဒ်နဲ့ပတ်သက်လို့ဖွဲ့စည်းမှုမှန်ကန်စေဖို့နှင့် တိကျစွာဆောင်ရွက်နိုင်ဖို့အတွက် ပြင်ဆင်တင်ပြသွားမှာဖြစ်ပါတယ်။ အပိုဒ် ၁၂(ဃ)၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန အကြီးအကဲ များက အဖွဲ့ဝင်များအဖြစ်လည်းကောင်းပါဝင်သော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်း ရမည်ဟုပြင်ဆင်ထားကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဦးရဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်၊ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးစိုးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ၊ရွှေပြည်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦး အဆိုပြုတင်သွင်းတဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်းခြင်း ဆိုင်ရာနှင့်ပတ်သက်၍ထောက်ခံပါကြောင်းလေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။အားလုံးကိုကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဘိုးအောင်၊ မူဆယ်မဲဆန္ဒနယ်က ပြင်ဆင်မည့်ပြင်ဌာန်းချက်အဆိုအား တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလယ်ယာမြေဥပဒေကြမ်းအပိုဒ်၁၂ (က)မှာ ကွက်လပ်အဖြစ်ချန်ထားတဲ့ ကွက်လပ်နေရာနှစ်နေရာမှာ ကျွန်တော်အောက်ပါအတိုင်း ဖြည့်စွက်ပြီးတော့တင်ပြအဆိုပြုချင်ပါတယ်။ အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)ပါ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ဖွဲ့စည်းရာမှာ အဓိကတာဝန်ရှိတဲ့ပုဂ္ဂိုလ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်နဲ့ စီမံအုပ်ချုပ်ရေးအပိုင်းမှာတာဝန်ရှိတဲ့ပုဂ္ဂိုလ်၊ ပြည်ထဲရေး

ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အတွင်းရေးမှူးအဖြစ် တာဝန်ယူဖွဲ့စည်းသင့်ကြောင်း အဆိုပြုတင်ပြလိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ မြေအသုံးချမှုပုံစံအရဆိုရင်လယ်ယာမြေ ကျွန်းမြေအပသော မြေလွတ်၊ မြေရိုင်းအစရှိတဲ့ စိုက်ပျိုးရေးနဲ့သက်ဆိုင်တဲ့မြေများကို အဓိကစီမံခန့်ခွဲရတဲ့သူဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကဖြစ်ပြီးတော့ အခြားမြေကိစ္စနဲ့ အဓိကဆက်စပ်ပတ်သက်နေတဲ့ မြို့မြေ၊ ကျေးရွာမြေများကိုအဓိက စီမံခန့်ခွဲရတာကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကနေဖြစ်ပါတယ်။ ဒါ့အပြင် မြေယာကိစ္စအဝဝကိုဆုံးဖြတ်ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ ကိုင်တွယ်ဖြေရှင်းခြင်းသည်သာ ပိုမိုတိကျအဆင်ပြေမယ်လို့ ထင်မြင်ယူဆတဲ့အတွက်ကြောင့်မို့လို့ အတွင်းရေးမှူးနေရာမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို အဆိုပြုတင်ပြခြင်းဖြစ်ကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဘိုးအောင်အား ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)။** ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်တင်သွင်းတဲ့အဆိုကိုနမ့်ခမ်းမဲဆန္ဒနယ်မှ ကျွန်တော်ဒေါက်တာစိုင်းကျော်အုန်းက ထောက်ခံပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကိုတကယ်တမ်းတာဝန်ခံပြီး ကိုင်တွယ် အသုံးချရမည့်ဌာနက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဒီဥစ္စာကိုဖွဲ့စည်းရမှာပဲဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနထဲမှာ Political Post ယူထားတဲ့ဝန်ကြီးနဲ့ ဒုဝန်ကြီးက အချို့တင်ပြသလို အတွင်းရေးမှူးအနေနဲ့မရှိသင့်ပါဘူး။ သူတို့သည်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအနေနဲ့ပဲ ရှိသင့်ပါတယ်။ ဒါကြောင့် ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးက ဝန်ကြီးကို ဥက္ကဋ္ဌအနေနဲ့ သော်လည်းကောင်း၊ ဒုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအနေနဲ့ထားခြင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့၊ နောက်တစ်ယောက်ကတော့ အရေးအပါဆုံးဖြစ်တဲ့ အတွင်းရေးမှူးဖြစ်ပါတယ်။ အတွင်းရေးမှူးကတော့ ဒီမြေယာကိစ္စများကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ စဥ်ဆက်မပြတ်ဆောင်ရွက် လုပ်ကိုင်နေတဲ့ဌာန အဲဒီကရဲ့ အကြီးအကဲပဲဖြစ်သင့်ပါတယ်။ ဒီနေရာမှာ အများအမှတ်မှားနေကြတဲ့ကိစ္စရှိပါတယ်။ မြေယာကိစ္စတွေကို တကယ်တမ်း ထဲထဲဝင်ဝင်မှတ်တမ်းမှတ်ရာနဲ့သေချာထားတဲ့ဌာနသည် ကြေးတိုင်နှင့်မြေစာရင်း

ဦးစီးဌာနပဲဖြစ်ပါတယ်။ အဲဒါသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ အောက်မှာပဲ ရှိပါတယ်။ ခုနတုန်းက ဒီဥစ္စာလေးတွေနဲ့ဆက်စပ်ပြီးတော့မှ ဒီမြေတွေကိုအခြားနည်းနဲ့သုံးစွဲမယ် ဆိုလို့ရှိရင်တော့ တခြားသောခုနပြောတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပေါ့။ အဓိကက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဆိုတာ လန-၃၉ ပေးတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အဲတော့ ပြည်ထဲရေးဝန်ကြီးဌာနတို့ ကျန်တဲ့ဌာနတို့နဲ့ဆက်စပ်ပြီးဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီမြေယာလုပ်ငန်းတွေကို တကယ်တမ်းကိုင်တွယ်ဖြေရှင်းနေရတဲ့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးဖြစ်ထားရှိခြင်းက လုပ်ငန်းတွေကို အဆင်ပြေနိုင်ပြီးတော့မှ ဒီဌာနအနေနဲ့ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်မယ့် အခြေအနေရှိတဲ့အတွက် ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦး ဖြည့်စွက်ပြီးတင်ပြထားတဲ့ပြင်ဆင်ချက်ကို ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထား သိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဒီနေ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ တာဝန်များကိုထမ်းဆောင်ရတဲ့အခါမှာ မိမိဌာနအနေနဲ့ နိုင်ငံတော်ကနေ ပြီးတော့မှ ချမှတ်ထားတဲ့ဥပဒေ၊ နည်းဥပဒေများနဲ့ တိတိကျကျလိုက်နာပြီးတော့မှ အကောင်အထည် ဖော်ဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းများတစ်ဖက်က တိကျမှန်ကန်စွာနဲ့ဆောင်ရွက်ဖို့လိုသလို တစ်ဖက်ကလည်းပဲ အချိန်တိုတောင်းတဲ့ကာလအတွင်းမှာပဲ ပြီးပြတ်အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ ဒီအတွက်ကြောင့် မိမိဝန်ကြီးဌာနအနေနှင့်လယ်ယာမြေစီမံခန့်ခွဲမယ့် လုပ်ပိုင်ခွင့်တွေနဲ့ ပတ်သက်လို့ စီမံဆောင်ရွက်အကောင်အထည်ဖော်တဲ့အခါမှာ ဝန်ကြီးအကြောင်းကြောင်းမို့လို့ ပြည်တွင်းပြည်ပတာဝန်တွေနဲ့ ခရီးစဉ်များရှိပြီးတော့မှ အချိန်ကာလကင်းကွာနေတဲ့အချိန်မှာ လုပ်ငန်းတွေကိုစဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်နိုင်မှုအနေနဲ့ ဒီလုပ်ငန်းတွေအပေါ်မှာ စဉ်ဆက်မပြတ် အတွေ့အကြုံရှိပြီးတော့မှ စဉ်ဆက်မပြတ် ဆောင်ရွက်နေတဲ့ ဒုတိယဝန်ကြီးသာလျှင် ဒုတိယဥက္ကဋ္ဌ အနေနဲ့သော်လည်းကောင်း၊ ဥက္ကဋ္ဌတာဝန်အနေနဲ့သော်လည်းကောင်း၊ ဆက်လက် တာဝန်ထမ်းဆောင်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဌာနတစ်ခုအတွင်းကပဲ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများကိုခန့်အပ် တာဝန်ပေးအပ်ခြင်းကသင့်လျော်ပါကြောင်းနဲ့ ကျန်တဲ့သက်ဆိုင်ရာအစိုးရဌာန၊ အကြီးအကဲဌာနများမှ အဖွဲ့ဝင်များလည်း အသီးသီးပါဝင်မှာဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းများဟာပိုမိုသွက်လက် ထက်မြက်စွာ ဆောင်ရွက်နိုင်မယ့်အခြေအနေရှိပါတယ်။ သို့အတွက်ကြောင့် ဦးတင်မောင်ဦးရဲ့ တင်ပြချက်အပေါ်မှာ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်ရဲ့ ပြင်ဆင်မည့်ပြဋ္ဌာန်းချက်ကို ထောက်ခံတဲ့သူများရှိရင် မတ်တတ်ရပ်ပေးပါ။ ကဲ ထောက်ခံတဲ့သူမရှိတဲ့အတွက် ဦးစိုင်းဘိုးအောင် အရေးနိမ့်သွားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးတင်ပြတဲ့ ပြင်ဆင်မည့် ပြဋ္ဌာန်းချက်အား အတည်ဖြစ်ကြောင်းနှင့် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)သည် ဦးတင်မောင်ဦး ပြင်ဆင်သည့် အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၇၊ အပိုဒ် ၁၂ (ခ)ပြင်ဆင်မည့်ပြဋ္ဌာန်းချက်များကို ဦးတင်မောင်ဦး ရွှေပြည်သာမဲဆန္ဒနယ်က တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၁၂(ခ)မှာပါရှိတဲ့ ပိုဒ်မခွဲ(က)အစား အပိုဒ်ခွဲ(ဃ)အနေနဲ့ စကားရပ်ကို ပြင်ဆင်ခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြင်ဆင်ဖြည့်စွက်မယ့်အနေနဲ့ အပိုဒ် ၁၂(ခ)မှာ အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းထားသော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင် ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအားဖိတ်ခေါ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ဦးတင်မောင်ဦး ရွှေပြည်သာမဲဆန္ဒနယ်ရဲ့ အပိုဒ်ခွဲ(က)အရ ပြင်ဆင်ချက်ကို ထောက်ခံပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဋ္ဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဋ္ဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးရဲ့ တင်ပြချက်ကိုထောက်ခံကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ တင်ပြ ချက်အပေါ် သဘောတူထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ရွှေပြည်သာမဲဆန္ဒနယ်မှ ပြင်ဆင်မည့် ပြဋ္ဌာန်းချက်ကို ကန့်ကွက်သူရှိပါက မတ်တတ်ရပ်ပေးကြပါ။ မရှိတဲ့အတွက် ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦး ပြင်ဆင်မည့် ပြဋ္ဌာန်းချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၃၈၊ အပိုဒ် ၁၂ အောက်တွင် အသစ်ဖြည့်စွက်ခြင်း မူလမပါပါဘူး။ အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ပြင်ဆင်မယ့်ပြဋ္ဌာန်းချက်ကို ဦးတင်မောင်ဦးက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့မူလ အခန်း ၅ မှာ အပိုဒ် ၁၂ ထိပဲဖော်ပြထားရှိတာ တွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်း ဥပဒေရဲ့လိုအပ်ချက်အရ အပိုဒ် ၁၃ အနေနဲ့ ဖြည့်စွက်မှာဖြစ်ပါတယ်။ အပိုဒ် ၁၃ ၊အပိုဒ်ခွဲ(ခ)၊(ဂ)၊(ဃ) နှင့် (င)မှာ အဖွဲ့များအား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည့် အဆိုပါစီမံခန့်ခွဲမှုအဖွဲ့များအား အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ဖြည့်စွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဦးရဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးတင်မောင်ဦးရဲ့အဆိုကို ကျွန်တော် သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်ကထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးငွေဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးငွေဦး(ဟသ်ာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးရဲ့ ဖြည့်စွက်ချက်ကို သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ မူလအဆိုတင်သွင်းခဲ့တဲ့ဥပဒေမူကြမ်းကို ပိုမိုပြည့်စုံအောင် ဖြည့်စွက်ပြင်ဆင်ထားခြင်းဖြစ်တဲ့အတွက်ကြောင့် သဘောတူညီ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကန့်ကွက်တဲ့လူရှိလို့ရှိရင် မတ်တတ်ရပ်ပေးပါ။ မရှိတဲ့အတွက် ရွှေပြည်သာမဲဆန္ဒ နယ်က ဦးတင်မောင်ဦးတင်ပြတဲ့ ပြင်ဆင်မည့်ပြဋ္ဌာန်းချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အချိန်ကြာလာလို့ထင်တယ်။ လက်ခုပ်သံနည်းနည်းအားလျှော့သွားတယ်။

**ဥက္ကဋ္ဌ**။ ။ မူလအပိုဒ် ၁၃နှင့် အပိုဒ်ခွဲ(က)သည် ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ်၁၃(ခ) ဦးတင်မောင်ဦးမှ ပြင်ဆင်မည့် ပြင်ဒ္ဒာန်းချက်အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့မူလ အပိုဒ် ၁၃(ခ)မှာ လယ်ယာမြေလွှဲပြောင်းမှုနှင့် စပ်လျဉ်းသည့် လယ်ယာမြေများကို တန်ဖိုးစိစစ်၍သတ်မှတ်ခြင်းနှင့် စာချုပ်စာတမ်းများကို သက်ဆိုင်ရာဦးစီးဌာနရုံး တွင် မှတ်ပုံတင်စေခြင်းလို့ ဖော်ပြပါရှိပါတယ်။ ဒီအပိုဒ်မှာပါရှိတဲ့ လယ်ယာမြေလွှဲပြောင်းမှုဆိုတဲ့ စကားရပ်ကို လယ်ယာမြေလုပ်ပိုင်ခွင့်လွှဲပြောင်းမှုဆိုတဲ့စကားရပ်နဲ့ အစားထိုးပြင်ဆင်မှာဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၁၃(ခ)လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းမှုနှင့်စပ်လျဉ်းသည့် လယ်ယာမြေများကို တန်ဖိုးစိစစ်သတ်မှတ်ခြင်းနှင့် စာချုပ်စာတမ်းကို သက်ဆိုင်ရာဦးစီးဌာနရုံးတွင် မှတ်ပုံတင်စေခြင်းဟု ပြင်ဆင်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးရဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန် ဖြစ်ပါတယ်။ ရွှေပြည်သာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးတင်ပြသော တင်ပြချက်ကို ထောက်ခံပါ ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟင်္သာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ တင်ပြချက်ကို သဘောတူပါကြောင်း တင်ပြ အပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဦးတင်မောင်ဦးရဲ့ တင်ပြချက်အပေါ်မှာ သဘောတူထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဦးရဲ့အဆိုကို ကန့်ကွက်မယ့်သူများရှိပါက မတ်တတ်ရပ်ပေးကြပါ။ မရှိတဲ့အတွက် ဦးတင်မောင်ဦးရဲ့အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါကြောင့်အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ခ)သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အပိုဒ်၁၄ ဦးတင်မောင်ဦးက ပြင်ဆင်မည့်ပြင်ဒ္ဓာန်းချက်အဆိုအား တင်ပြဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေရဲ့အပိုဒ်၁၄ ဤဥပဒေအရဖွဲ့စည်းထားသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ဤဥပဒေနှင့်အညီဆောင်ရွက်ချက်များကို လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာတရားရုံးသို့ တိုင်ကြားတရားစွဲဆိုရပါမည်လို့ပါရှိပါတယ်။ ဒီအပိုဒ် ၁၄ ကို နှစ်ချက်ပြင်ဆင်သွားမှာဖြစ်ပါတယ်။

ပထမအချက်ကတော့မူလအပိုဒ် ၁၄ ကို အပိုဒ် ၁၅အနေနဲ့ ပြင်ဆင်မှာဖြစ်ပြီး၊ ဒုတိယအချက်အနေနဲ့ ဥပဒေအရ ပိုမိုကျစ်လစ်ခိုင်မာစေဖို့အတွက်ရပါမည်ဆိုတဲ့ စကားရပ်အစားကို ရမည်ဟု ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ချက်မှာ အပိုဒ် ၁၅ ဤဥပဒေအရဖွဲ့စည်းထားသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ဤဥပဒေနှင့်အညီ ဆောင်ရွက်ချက်များကို လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာတရားရုံးသို့ တိုင်ကြားတရားစွဲဆိုရမည်ဟု ပြင်ဆင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးဟန်စိန်(တိုက်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တိုက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်ဖြစ်ပါတယ်။ အခုပြင်ဆင်ချက်ပေးသွားသော ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ ပြင်ဆင်ချက်အားထောက်ခံပါကြောင်းလေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟင်္သာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးရဲ့ တင်ပြချက်ကိုသဘောတူပါကြောင်း တင်ပြအပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးတင်မောင်ဦးရဲ့ တင်ပြချက်အပေါ်မှာသဘောတူပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးရဲ့အဆိုကို ကန့်ကွက်သူရှိပါက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်သူ မရှိတဲ့အတွက် ဦးတင်မောင်ဦးရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အပိုဒ် ၁၄ သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၅မှ ၁၆ အထိ ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ်၄၁ စာပိုဒ် ၁၇ ရှာင်မဲဆန္ဒနယ်မှ ဦးအောင်သိန်းက ပြင်ဆင်မည့် ပြင္ဒာန်းချက်အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်ဒီအပိုဒ်မှာ ပြင်ဆင်ချက်တင်သွင်းမယ့်ကိစ္စသည် အရင် ကျွန်တော် အရေးနိမ့်သွားပြီးတဲ့ မုချဆိုတဲ့အသုံးအနှုန်းနဲ့ သတ်မှတ်သည့်အချိန်ကာလ အသုံးအနှုန်းဖြစ်ဖို့ အဆိုတင်သွင်းထားခြင်းဖြစ်ပါတယ်။ အချိန်ကို လေးစားသောအားဖြင့် အကုန်လုံး ဆုံးဖြတ်ထားတဲ့ကိစ္စကို ကျွန်တော်လေးစားသောအားဖြင့် ကျွန်တော့်ပြင်ဆင်ချက်အဆိုကို ရုပ်သိမ်းပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်အပိုဒ် ၁၇ မူလပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၈သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ပြင်ဆင်တင်ပြထားမှုကို ရုပ်သိမ်းသွားတဲ့အတွက် မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၉ အတွက် ပြင်ဆင်ချက်မရှိတဲ့အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နည်းနည်းမြန်လာတယ်။ မြန်မှပြီးမှာပဲ။ အခန်း ၈ အမှတ်စဉ် ၄၃ ခေါင်းစဉ် ဥပဒေကြမ်းကော်မတီက ပြင်ဆင်မည့်ပြဋ္ဌာန်းချက် တင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ကိုယ်စားလှယ်တစ်ဦး ပြင်ဆင်မည့် ပြဋ္ဌာန်းချက်အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း၈ ခေါင်းစဉ်ရဲ့အယူခံခြင်းနဲ့ပြန်လည်ပြင်ဆင်ခြင်းအခန်းမှာ ပြန်လည်ပြင်ဆင်ခြင်းဆိုတဲ့စကားရပ်ကို ပယ်ဖျက်ပြီးတော့ အယူခံခြင်းဆိုတဲ့ စကားရပ်နဲ့သာ ခေါင်းစဉ်မှာ အစားထိုးဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းရဲ့အဆိုကို ကျွန်တော်အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးမှ ထောက်ခံကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီတွေရဲ့ ပြန်လည်ပြင်ဆင်ခြင်းများကို ရုပ်သိမ်းတဲ့ဥစ္စာသည် မူလအဓိပ္ပါယ်ဆိုလိုခြင်းနဲ့ ပြောင်းလဲမှုမရှိတဲ့အတွက် ကျွန်တော်အနေနဲ့ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက သဘောထားပေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ သဘောတူပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်တဲ့သူရှိက မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ကန့်ကွက်သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်မည့်ပြဋ္ဌာန်းချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၄ အပိုဒ် ၂၀(က) ဥပဒေကြမ်းကော်မတီက ပြင်ဆင်သည့် ပြဋ္ဌာန်းချက် တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေကြမ်းတစ်ခုလုံးကို စိစစ်သုံးသပ်တဲ့နေရာမှာ မူလပြဋ္ဌာန်းချက်မှာပါတဲ့ အမိန့်စီရင်ချက်ဆိုတဲ့စကားရပ်ဟာ တရားစီရင်ရေးမှာသုံးစွဲတဲ့စကားရပ် ဖြစ်နေတဲ့အတွက် ဆုံးဖြတ်ချက်ဆိုတဲ့အချက်ကို ပြောင်းလဲပြင်ဆင်ထားပါတယ်။ ဒါကြောင့်မို့ မူလပြင်ဆင်ချက်မှာပါတဲ့

၍ဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်သော လယ်ယာမြေစည်းကမ်းစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ချမှတ်သောအမိန့် သို့မဟုတ် စီရင်ချက်ကို အယူခံခြင်း၊ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်းဆိုတဲ့ စကားရပ်အစား ၍ဥပဒေအရဖွဲ့စည်းတာဝန်ပေးအပ်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ချမှတ်သောဆုံးဖြတ်ချက်ကို အယူခံခြင်း၊ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်းဆိုပြီးတော့ ပြင်ဆင်ချက်တင်သွင်းအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဦးစောလှထွန်းတင်သွင်းသောအဆိုအား ကျွန်တော်အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးမှ ထောက်ခံပါကြောင်းလေးစားစွာ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ သဘောတူကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားစွာသဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၄၅၊ အပိုဒ် ၂၀ ဥပဒေကြမ်းကော်မတီမှပြင်ဆင်မည့်ပြဋ္ဌာန်းချက်အားတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)။** ။ မူလဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဝန်ကြီးဌာနသည် မည်သည့်အချိန်အခါတွင်မဆိုလိုအပ်သည်ဟုထင်မြင်ယူဆလျှင် ၍ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ၍ဥပဒေအရပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကချမှတ်သောအမိန့် သို့မဟုတ် စီရင်ချက်ကိုအတည်ပြုနိုင်သည်။ သို့မဟုတ် ပြင်ဆင်နိုင်သည်။ သို့မဟုတ် ပယ်ဖျက်နိုင်သည်ဆိုတဲ့စကားရပ်အစား အမိန့်စီရင်ချက်ကို ဆုံးဖြတ်ချက်ဆိုတဲ့ စကားရပ်နဲ့ ပြောင်းလဲပြင်ဆင်ပါကြောင်းတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးတင်လှ(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းတင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီး ကျိုင်းတုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှက ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အနေနဲ့ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထား သိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားစွာဖြင့် သဘောတူပါကြောင်းတင်ပြပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်တဲ့သူရှိပါက မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ကန့်ကွက်သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုကိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အခန်း ၈ ခေါင်းအပိုင် ၂၀၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ် ၂၁ တို့သည် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ်၄၆ အပိုဒ်၂၂ ဦးစိုင်းသီဟကျော် မိုင်းရယ်မဲဆန္ဒနယ်မှ ပြင်ဆင်မည့် ပြဋ္ဌာန်းချက် အဆိုအားတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ကျွန်တော် မိုင်းရယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်မှ အောက်ပါပြင်ဆင်ချက်အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အခန်း ၉၊ အပိုဒ် ၂၂ တွင် မူရင်းပြဋ္ဌာန်းချက်မှာ တည်ဆဲအခြားတရားဥပဒေတွင်မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်အကျိုးအလို့ငှာပြန်လည် သိမ်းယူသည့် လယ်ယာမြေများအတွက် နစ်နာကြေးနှင့်လျော်ကြေးကို နည်းဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရမည်ဆိုတဲ့ စာပိုဒ်မှာ ကျွန်တော့်အနေနဲ့ ထပ်မံဖြည့်စွက်လိုတဲ့စကားရပ်ကတော့ တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင် ရှိစေကာမူ နိုင်ငံတော်အကျိုးအလို့ငှာ ပြန်လည်သိမ်းယူသည့် လယ်ယာမြေများအတွက် ထိုက်သင့်

သည့် နစ်နာကြေးနှင့် လျော်ကြေးကို နည်းဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရမည်ဆိုပြီးတော့ ထိုက်သင့်သည်ဆိုတဲ့စကားရပ်ကို ဖြည့်စွက်လိုပါတယ်ခင်ဗျာ။ အဲလိုဖြည့်စွက်ရတဲ့ အကြောင်းအရင်းကတော့ တောင်သူလယ်သမားများရဲ့ပိုင်ဆိုင်မှုမှာ ဒီလယ်ယာမြေလုပ်ပိုင်ခွင့်များသာရှိတဲ့အတွက် လိုအပ်တဲ့မြေများကို သိမ်းဆည်းရပါက ထိုက်သင့်သည့်နစ်နာကြေးလျော်ကြေးကို ပေးအပ်မှသာလျှင် လယ်သမားများရဲ့ ဘဝရှင်သန်နိုင်ပါလိမ့်မယ်။ လယ်ယာမြေများသိမ်းဆည်းခြင်းခံရပြီး ဘဝပျက်ခဲ့တဲ့ တောင်သူလယ်သမားများလည်း အများအပြားတွေ့ကြုံခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်ထိုက်သင့်သည့် နစ်နာကြေးနှင့်လျော်ကြေးကို ပေးအပ်ရန်ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့အဆို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်ရဲ့ အဆိုကို ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဌေးဦးရဲ့ သဘောထား သိလိုပါတယ်။

**ဦးဌေးဦး(ဟင်္သာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က ထိုက်သင့်သည့်နစ်နာကြေးနှင့်လျော်ကြေးဟု ဖြည့်စွက်တင်ပြထားပါတယ်။ ဒီတင်ပြချက်အား လျော်ကန်သင့်မြတ်မှုရှိတဲ့အတွက် ကျွန်တော့်အနေနဲ့ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထား သိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားစွာ သဘောတူထောက်ခံပါကြောင်း တင်ပြပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကန့်ကွက်လိုသူများ မတ်တတ်ရပ်ပါ။ ကန့်ကွက်သူ မရှိတဲ့အတွက် ဦးစိုင်းသီဟကျော်ရဲ့ ပြင်ဆင်မည့်ပြဋ္ဌာန်းချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် အပိုဒ် ၂၂ သည် ဦးစိုင်းသီဟကျော်၏ ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီတစ်ခါလက်ခုပ်တွေပိုကျယ်တယ်။ စာပိုဒ်အမှတ်စဉ် ၄၈ အပိုဒ် ၂၃ ဦးစိုင်းဘိုးအောင် မူဆယ်က ပြင်ဆင်မည့် ပြဋ္ဌာန်းချက်အဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြုထားတဲ့ ဥပဒေကြမ်းရဲ့အပိုဒ် ၂၃ နဲ့ ၂၄ ဟာ ၁၉၅၃ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေမှအဓိကပုဒ်မများဖြစ်ကြတဲ့ ပုဒ်မ ၃၈နဲ့ လန၃၉ လိုအများသိကြတဲ့ ပုဒ်မ ၃၉ကို ထိုဥပဒေမူကြမ်းမှာ အခန်း ၁၀ အပိုဒ် ၂၃၊ ၂၄ များအဖြစ် အနည်းငယ်ပြင်ဆင်ပြီးတော့ ထည့်သွင်းထားတာကိုတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အဆိုပြုပြင်ဆင်ထည့်သွင်းလိုတဲ့ အပိုဒ် ၂၃၊ ၂၄ အတွက်ပြင်ဆင်ဖြည့်စွက်လိုတဲ့စကားရပ်ကို တစ်ပေါင်းတစ်စည်းထဲ တင်ပြအဆိုပြုခွင့်ပေးပါလို့ ခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့နှစ်ပေါင်း၂၀ ကျော်အတွင်းမှာ ဖော်ပြပါ လန ၃၉ ကို အကြောင်းပြု၍လည်းကောင်း၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနရဲ့ ၃၀-၁၂-၁၉၈၈ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂/၈၈ ဖြင့် ဗဟိုမြေယာကော်မတီလုပ်ပိုင်ခွင့်ကို ပြည်နယ်၊တိုင်း သို့မဟုတ် မြို့နယ်စုကိုမြေစာရင်းဦးစီးဌာနမှူး၊ ခရိုင်မြေယာကော်မတီလုပ်ပိုင်ခွင့်ကို မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ ကျေးရွာရပ်ကွက်မြေယာကော်မတီလုပ်ပိုင်ခွင့်ကို ရဝတ ဥက္ကဋ္ဌသို့ စသည်ဖြင့်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကိုသာ အပ်နှင်းခဲ့တဲ့အတွက်ကြောင့်လည်းကောင်း လယ်ယာမြေစီမံခန့်ခွဲတဲ့ကိစ္စတွေမှာအာဏာပိုင်တချို့က နိုင်ငံအကျိုးအတွက်အနည်းဆုံးလိုအပ်တဲ့ ဧရိယာထက်ပိုမိုများပြားတဲ့ လယ်ယာမြေတွေကိုသိမ်းယူခဲ့တဲ့အတွက် အဖိုးတန်လယ်ယာမြေများစွာ ပျက်စီးဆုံးရှုံးပြီးတော့ အလဟဿဖြစ်ရတာသာဓကများစွာရှိပါတယ်။ အဲဒီသာဓကထဲက အချိန်ကိုလေးစားသောအားဖြင့် တစ်ခုပဲဆွဲနှုတ်ပြီးတော့တင်ပြပါ့မယ်။ ကျွန်တော်တို့ မူဆယ်မြို့နယ်မှာ မြို့ပြအိမ်ယာမြေကွက်တွေလိုအပ်တာထက်များစွာ ဖော်ထုတ်ရောင်းချခဲ့တဲ့အတွက်ကြောင့် ယခုထက်တိုင်အောင်ဆောက်လုပ်ခြင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်းမပြုနိုင်တဲ့ အိမ်မြေကွက်ပေါင်း ၂၀၁၀ ဒီဇင်ဘာလအထိအဲဒီမှာ မြေကွက်ပေါင်းက ၂၆၁၁ ကွက်ကျန်ရှိနေပါတယ်။ ထိုနည်းတူစွာပဲ တာချီလိတ်မြို့မှာစက်မှုဇုန်မြေအတွက် လယ်ယာမြေသိမ်းယူတဲ့အခါမှာ ယခုထက်တိုင် စက်မှုဇုန်မြေရဲ့ ဧက ၁၀၀ ကျော်ကိုအသုံးချခြင်းမပြုနိုင်ဘဲ လယ်ယာမြေအဖြစ် ဆက်လက်ကျန်ရှိ ထွန်ယက်စိုက်ပျိုးနေတာကိုတွေ့ရှိရပါတယ်။ အဲဒါတွေဟာ လန ၃၉ ကို အလွဲသုံးစားပြုမှုများပြားခြင်းကြောင့်လို့ ကျွန်တော်ထင်မြင်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းပါအခန်း ၂၀ အပိုဒ် ၂၃၊ ၂၄ မှာအနည်းဆုံး လိုအပ်သောမြေဧရိယာကိုသာရယူ၍ ဆိုသည့်စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း ဒါမှမဟုတ်ရင် နိုင်ငံတော်အကျိုးနဲ့ တောင်သူလယ်သမားများ အကျိုးအကောင်းဆုံးဖော်ဆောင်နိုင်မယ့် ဥပဒေစကားရပ်နဲ့

အစားထိုးအသစ်ပြန်လည်ရေးဆွဲဖို့ အလေးအနက်စဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)။** ။ ဦးစိုင်းဘိုးအောင်ရဲ့ ပြင်ဆင်ချက်အဆိုကို တာချီလိတ်မဲဆန္ဒနယ်မှ ကျွန်တော်ဦးစိုင်းသိန်းအောင်မှထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ညြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဌေးဦးရဲ့သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကျွန်တော့်အနေနဲ့မူဆယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းဘိုးအောင်ရဲ့ ဆိုလိုရင်းကို ခြုံငုံသဘောပေါက်မိပါတယ်။ ကျွန်တော်တင်ပြထားတဲ့ အပိုဒ် ၂၃ ဟာ နိုင်ငံတော်သမ္မတကြီးရဲ့ လုပ်ပိုင်ခွင့်ကိုတင်ပြထားခြင်းဖြစ်ပါတယ်။ ဒီအထဲမှာ နိုင်ငံတော်အတွက်ဖြစ်စေ၊ တောင်သူလယ်သမားအတွက်ဖြစ်စေ အကျိုးဖြစ်ထွန်းစေမည်ဟု ထင်မြင် ယူဆလျှင် လယ်ယာစိုက်ပျိုးမြေမလျော့ပါးရေးကို အလေးထားစိစစ်ပြီဆိုတဲ့ အချိန်မှာ အနည်းဆုံး ထက်ပိုမိုကျယ်ပြန့်တယ်လို့ပဲ ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။ လယ်ယာစိုက်ပျိုးမြေ မလျော့ပါးရေးကို အလေးထားစိစစ်မယ်ဆိုလို့ရှိရင် လိုအပ်သလောက်ယူတာထက် အဓိပ္ပါယ်မျိုးထက် ပိုပြီးကျယ်ပြန့်တယ်လို့တင်ပြလိုပါတယ်။ နောက်တစ်ခုကလည်းပဲ နိုင်ငံတော်သမ္မတအနေနဲ့ ဒီလို အဆင့်ဆင့်အမိန့်ပေးတဲ့အချိန်မှာ အမိန့်နဲ့ညွှန်ကြားချက်တွေကိုလည်းပဲ ဒီအမိန့်နဲ့ညွှန်ကြားချက်တွေ ကိုသာတကယ်တမ်းသိရှိကြမယ်ဆိုရင် မြေသိမ်းဆည်းရေးအမိန့်တိုင်း၊ အမိန့်တိုင်းဟာ လိုအပ် သလောက်မြေကိုပဲယူပါဆိုတဲ့အချက် ပါရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာသီးခြားအနေနဲ့ ရှေ့ဆက်ပြီး ဆောင်ရွက်ဖို့မသင့်ဘူးလိုပဲ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ တကယ်လို့ လိုအပ်မယ်ဆိုလို့ရှိရင် ခုနက ဦးစိုင်းဘိုးအောင်စိုးရိမ်တဲ့အချက်ကို ပျောက်အောင်နည်းဥပဒေ၊ အမိန့် နှင့်ညွှန်ကြားချက်တွေမှာ တိတိကျကျထည့်သွင်း ဖော်ပြပြီးတော့မှတကယ်တမ်း လိုက်နာခြင်းကသာ ပိုပြီးတော့မှ ထိရောက်မယ်လို့ ကျွန်တော်နှုတ်နဲ့ တင်ပြလိုပါတယ်။ ဒါကြောင့် ဦးစိုင်းဘိုးအောင် တင်ပြတဲ့အစား မူလအတိုင်းပဲထားရှိခြင်းက သင့်တော်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါ တယ်။ (ညြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလဥပဒေကြမ်းကိုရေးဆွဲတင်ပြတဲ့ ဦးဌေးဦးရဲ့ရှင်းလင်းတင်ပြချက်ကို ပြည်စုံလုံလောက်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ဦးစိုင်းဘိုးအောင် စိုးရိမ်သလိုမဖြစ်အောင်လည်းပဲ နည်းဥပဒေများပြဋ္ဌာန်းတဲ့အခါမှာလည်း တိတိကျကျဖော်ပြပြီးတော့မှ အလေးထား လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူလအတိုင်းပဲ ဥပဒေကိုပြဋ္ဌာန်းသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဘိုးအောင်ရဲ့သဘောထား သိလိုပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ ကိုယ်စားလှယ်တော်ကြီး ဦးဌေးဦးနဲ့ ပြည်ထောင်စုဝန်ကြီး ဆွေးနွေးတင်ပြချက်ကို ကျွန်တော် သဘောတူလက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။
(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးစိုင်းဘိုးအောင်တင်ပြတဲ့အဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၉၊ အပိုဒ် ၂၄ ဦးရဲထွန်းမှ ပြင်ဆင်မည့် ပြဋ္ဌာန်းချက်အဆို တင်ပြဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အဆိုတင်သွင်းမယ့် အပိုဒ် ၂၄ မူလပြဋ္ဌာန်းချက်မှာ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သောအာဏာပိုင်သည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် မည်သည့်လယ်ယာမြေကိုမဆို မိမိသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန်ခွင့်ပြုနိုင်သည်လို့ ဆိုထားပါတယ်။ အဲဒီစကားရပ်အစား ကျွန်တော်အဆိုပြုတဲ့ ပြင်ဆင်ချက်အဆိုကတော့ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်ကလိုအပ်၍ မြေယာသိမ်းယူမှုများ ပြုလုပ်ရသည်ရှိသော် နိုင်ငံတော်သမ္မတထံမှသာလျှင် အစပြုချက်ရှိရမည်ဖြစ်ပြီး အောက်ခြေမှစတင်ကာ အထက်အဆင့်ဆင့် သို့တင်ပြခွင့်တောင်းပြီး သိမ်းယူခြင်းမျိုးမရှိစေရလို့ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်အထွေအထူးရှင်းပြစရာမလိုတော့ပါဘူးခင်ဗျား။ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၄ ခုတွင် ဦးစိုင်းဘိုးအောင်၊ မူဆယ်ကပြင်ဆင်မည့်ပြဋ္ဌာန်းချက်အဆို တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောတုန်းက အပိုဒ် ၂၃ ခုကို ပြင်ဆင်ဖို့ အဆိုတင်သွင်းတဲ့အထဲမှာ ကျွန်တော်ခွင့်တောင်းဆိုပြီးတော့ ပြင်ဆင်ချက်ထည့်ပြီးသားဖြစ်ပါတယ်။ အဲဒီပြင်ဆင်ချက်မှာ အနည်းဆုံးလိုအပ်မယ့် ဧရိယာကိုသာရယူ၍ဆိုတဲ့စကားရပ် ဖြည့်စွက်ဖို့ဟာ စောစောပိုင်းက အပိုဒ် ၂၃ မှာ ကိုယ်စားလှယ်တော်ကြီး ဦးဒွေးဦးနဲ့တစ်ကွ ပြည်ထောင်စုဝန်ကြီးရဲ့ ရှင်းလင်းချက်ကို ကျွန်တော်လက်ခံ သဘောတူညီပြီး ဖြစ်တဲ့အတွက် အဲဒီအဆိုကိုဆက်လက်ဆွေးနွေးဖို့ မလိုအပ်တော့ဘူးလို့ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဒွေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဒွေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၄ မှာပါတဲ့ဆိုလိုရင်းဟာ လုပ်ပိုင်ခွင့်ကို လွှဲပြောင်းနိုင်ဖို့အတွက်သာဖော်ပြထားခြင်းဖြစ်ပါတယ်။လုပ်ထုံးလုပ်နည်းမဟုတ်ပါဘူး။ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း (ခေါ်) ဦးမင်းထွန်းကတင်ပြချက်တွေကတော့ မြေယာသိမ်းယူမှုများပြုလုပ်ရသည်ရှိသော် နိုင်ငံတော်သမ္မတထံမှသာလျှင် အစပြုချက်ရှိရမည်ဖြစ်ပြီး အောက်ခြေမှစတင်၍ အထက်အဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူပြီး၊ အထက်အဆင့်ဆင့်သို့ တင်ပြခွင့်တောင်းပြီး သိမ်းယူခြင်းမျိုးမရှိစေရဆိုတဲ့ လုပ်ထုံးလုပ်နည်းအပိုဒ်ကို ဒါရှင်းလင်းတင်ပြထားခြင်းဖြစ်ပါတယ်။ တကယ်တမ်းမြေယာသိမ်းဆည်းမှုတွေ ရှိတယ်ဆိုရင်လည်းပဲ တကယ့်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတကပဲ စတင်တာဖြစ်ပါတယ်။ အောက်ခြေက စတင်တာတွေရှိနိုင်သော်လည်းပဲ တကယ့်အဆုံးအဖြတ်ပြုတာကတော့ နိုင်ငံတော်အကြီးအကဲကပဲ ဆုံးဖြတ်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလိုဆောင်ရွက်တဲ့အချိန်မှာ နိုင်ငံတော်သမ္မတဟာ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတကခန့်အပ်သော အာဏာပိုင်ဟာလိုအပ်တယ်လို့ ထင်မြင်ယူဆလို့ရှိရင် မည်သည့် လယ်ယာမြေမဆို မိမိသတ်မှတ်တဲ့နည်းလမ်းအတိုင်း အသုံးချရန်ခွင့်ပြုနိုင်သည်ဆိုတဲ့စကားနဲ့ တိုက်ရိုက်မပတ်သက်ဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါကြောင့် အပိုဒ် ၂၄ ပါစာပိုဒ်ကိုမူလအတိုင်းပဲ ထားရှိသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထား သိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရဲထွန်း ခေါ် ဦးမင်းထွန်း တင်ပြချက်ဟာ ဒီအခြေအနေအရပ်ရပ်ပေါ် ယခင်အတိတ်က ဖြစ်ခဲ့တဲ့ဖြစ်ရပ်များပေါ် မှာမူတည်ပြီးတော့မှစိုးရိမ်စွာဖြင့် လယ်သမားများရဲ့အကျိုးကိုတင်ပြခြင်းဖြစ်ပါတယ်လို့ ကျွန်တော်

နားလည်လက်ခံပါတယ်။ သို့ရာတွင် ကျွန်တော်တို့ ဥပဒေမူကြမ်းကိုစတင်ရေးဆွဲ တင်ပြခဲ့တဲ့ ဦးဌေးဦး ရဲ့ ရှင်းလင်းတင်ပြချက်က ပြည့်စုံပြီးလည်းဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာ လွှတ်တော်ကိုယ်စား လှယ်တော်ကြီးများက ပြည်သူတွေရဲ့အကျိုးကိုရှေးရှုပြီးတော့ အမြဲတမ်းစောင့်ကြည့်နေမှာ ဖြစ်သလို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများကလည်းမှန်မှန်ကန်ကန်နဲ့ ပြည်သူလူထုရဲ့ အကျိုးကို စောင့်ကြည့်ပြီးတော့မှ ဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက်ကြောင့်မို့ ဒီဥပဒေပါပြဌာန်းချက် မူလက ရေးဆွဲတင်ပြတဲ့ မူကြမ်းပါအချက်ကလည်း လုံလောက်ပြီဖြစ်ပါကြောင်း ဦးဌေးဦးရဲ့ အဆိုကို ထောက်ခံတင်ပြအပ် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းရဲ့သဘောထားသိလိုပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုဝန်ကြီး ရှင်းပြတဲ့ရှင်းပြချက်ကို သဘောပေါက်တဲ့အတွက် ဦးဌေးဦးရဲ့ မူလ ပြဋ္ဌာန်းချက်ကိုသဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်အပိုဒ် ၂၃ နှင့် ၂၄ သည်မူလ ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၅၀၊ အပိုဒ် ၂၄ ပြီးတဲ့နောက်မှာ အပိုဒ် ၂၆ (က)ကိုကူးပါမယ်။ ကျန်တဲ့ ၂၄ ကနေ ၂၆ အထိ ပြင်ဆင်ချက်တစ်စုံတစ်ရာမရှိတဲ့အတွက် ဤဥပဒေရဲ့ အစိတ်အပိုင်းဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြင်ဆင်သည့်ပြဋ္ဌာန်းချက်အဆိုတင်ပြ ရန်ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရယ်မဲဆန္ဒနယ်က ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်။ အခု ကျွန်တော်တင်သွင်းမယ့်အဆိုတစ်ခုကတော့ အခန်း ၁၁၊ အပိုဒ် ၂၆ ရဲ့ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ရန်ဖြစ်ပါတယ်ခင်ဗျား။ ဘာကြောင့်လည်းဆိုတော့ ဒီမူရင်းပြဋ္ဌာန်းတဲ့ အပိုဒ်မှာ ဖော်ပြထားတာကတော့ ဒီဥပဒေအရ လယ်ယာမြေ သို့မဟုတ် သတ်မှတ်တဲ့ နည်းလမ်းအတိုင်း အသုံးချရန်ဆင့်ဆိုချက်နှင့် သက်ဆိုင်သောလယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူ မည်သူ့ကိုမဆိုနှင်ထုတ်နိုင်သည့် အာဏာဆိုပြီးတော့ဖော်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့တော့ တောင်သူလယ်သမားများ ၎င်းတို့လုပ်ပိုင်ခွင့်ရရှိထားတဲ့ လယ်ယာမြေပေါ်မှာ ထိုက်သင့်တဲ့ လွတ်လပ်စွာလုပ်ပိုင်ခွင့်ပြုသင့်ပြီး မည်သည့်အကြောင်းကြောင့်မှ လယ်ယာမြေလုပ်ကိုင်မှုအပေါ်

နှင်ထုတ်ခြင်းမပြုသင့်ပါဘူးလို့ ယူဆပါတယ်။ ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)နဲ့လည်း ဆန့်ကျင်နေတယ်လို့ ယူဆပါတယ်။ ကျွန်တော့်ရဲ့ရှင်းလင်းချက်က ရှင်းမယ်လို့လည်း ယုံကြည်ပါတယ်။ ဒီလောက်ပါပဲ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုအတွက် ပယ်ဖျက်ပေးပါရန် ကျွန်တော်ကလည်း ဦးစိုင်းသီဟကျော်နဲ့ တစ်သဘောတည်း တင်ပြထားတာရှိတဲ့အတွက် အလေးအနက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဘိုးအောင်၊ မူဆယ်ဘက်ကလည်းပြင်ဆင်မည့် ပြဋ္ဌာန်းချက်ရှိကြောင်း တွေ့ရှိရပါတယ်။ မိမိရဲ့ပြောဆိုချက် မှန်ကန်တယ်ဆိုရင် ဦးစိုင်းဘိုးအောင်အနေနဲ့ ပြင်ဆင်မည့်ပြဋ္ဌာန်းချက်အဆို တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စောစောက ဦးစိုင်းသီဟကျော်ကို ထောက်ခံတင်ပြသလိုပါပဲ။ ဦးစိုင်းသီဟကျော်နဲ့ ကျွန်တော်ရဲ့ သဘောထားထပ်တူကျတဲ့အတွက်ကြောင့်မို့ ဒီဥပဒေကြမ်းရဲ့အပိုဒ် ၂၆၊ အပိုဒ်ခွဲ(က)ပါအချက်ကိုပယ်ဖျက်ပေးဖို့ အလေးအနက် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဋ္ဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဋ္ဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြထားတဲ့စာပိုဒ်ဟာ လယ်ယာမြေစီမံခန့်ခွဲခြင်း ခေါင်းစဉ်အောက်မှာ ဖော်ပြထားတဲ့စာပိုဒ်ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်ဟာ ဖော်ပြထားခြင်းဖြစ်တဲ့အတွက် ပယ်ဖျက်ရန်မသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ဥပဒေမှာပြဋ္ဌာန်းထားတဲ့ အကြောင်းတရားကတော့ သတ်မှတ်ထားတဲ့နည်းလမ်း၊ စည်းကမ်း၊ ဥပဒေများနဲ့အညီ ကျွန်တော်တို့ လုပ်ပိုင်ခွင့်ရှိတဲ့ Right ရှိတဲ့သူမဟုတ်ပဲနဲ့ ဥပဒေ နည်းလမ်းတကျမဖြစ်တဲ့လုပ်ဆောင်ချက်တွေအပေါ်မှာ ထိထိရောက်ရောက် ကာကွယ်တားဆီးပေးနိုင်ဖို့ ဥပမာအနေနဲ့ပြောမယ်ဆိုရင် ဒီလယ်ယာမြေတစ်ခုကို ပိုင်ဆိုင်မှုအငြင်းပွားနေတဲ့အပေါ်မှာ၊ အမွေဆက်ခံပိုင်မှုအပေါ်မှာ ပိုင်ဆိုင်မှုအငြင်းပွားနေတဲ့အပေါ်မှာ လိုက်နာရမယ့် ရပိုင်ခွင့်ရှိတဲ့သူကို သက်ဆိုင်ရာကနေပြီးတော့မှ ဆုံးဖြတ်ပြီးတဲ့အခါမှာ စီရင်ပြီးတဲ့အခါမှာ မလိုက်နာပဲနဲ့ ဆန့်ကျင်ပြီး

တော့မှ ရှိနေခဲ့မယ်ဆိုရင် သူ့ကိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့မှ ဒီအမိန့်ကိုလိုက်နာရန် ပျက်ကွက်တဲ့အတွက်ကြောင့် သူ့ကိုလိုက်နာရန်အတွက်ကို လုပ်ပိုင်ခွင့်အခွင့်အာဏာပေးထားတယ်လို့ ဟိုဒင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်တော့ ဥပဒေနည်းလမ်းတကျနဲ့ စောင့်ထိန်းသူကို မလိုက်နာတဲ့သူကနေပြီးတော့မှ မဖောက်ဖျက်နိုင်ဖို့အတွက်ကို တားဆီးပေးတဲ့ ကာကွယ်ပေးတဲ့ ပြည်သူလူထုကို ကာကွယ်ပေးတဲ့ပြင်ဆင်ချက်ဖြစ်တယ်လို့ ဒီလိုပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ပယ်ဖျက်ရန်မသင့်ကြောင်း ကျွန်တော့်အနေနဲ့ဆွေးနွေးတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးစိုင်းသီဟကျော်၊ မိုင်းရယ်ရဲ့အဆိုကို ထောက်ခံတဲ့သူရှိက မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ ရှစ်ယောက်ဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီ။ ကြားနေတဲ့ပုဂ္ဂိုလ်များရှိရင် မတ်တတ်ရပ် ပေးဖို့ဖြစ်ပါတယ်။ ကိုးယောက်ဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီ။ ကိန်းဂဏန်းတွေစုပြီးတော့ ပေါင်းထားတာ နောက်ဆုံးမှာပြန်ကြေညာမယ်။ ဒါကြောင့်မို့လို့ ဦးစိုင်းသီဟကျော် တင်သွင်းတဲ့ ပြင်ဆင်မည့်ပြင်ဆင်ချက် ရှုံးနိမ့်ပြီး၊ မူလ ဦးဌေးဦးရဲ့ တင်ပြထားတဲ့တင်ပြချက်ဟာ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်အပိုဒ် ၂၆၊အပိုဒ်ခွဲ (က)သည် မူလပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၆အပိုဒ်ခွဲ(ခ)(ဂ)နှင့်အပိုဒ် ၂၇အထိ ပြင်ဆင်ချက်မရှိသည့်အတွက် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ မိမိဖြည့်စွက်ပြီးတော့ တင်ပြချင်တာက ရှေ့အပိုဒ်တွေမှာ နိုင်ငံတော်သမ္မတကနေပြီးတော့ နိုင်ငံတော်သမ္မတရဲ့ အမိန့်အာဏာရဲ့ မြေသိမ်းဆည်းပြီးဆောင်ရွက်ဖို့ အခွင့်အလမ်းပြုထားပြီးနောက်ပိုင်းမှာ ဒီဟာကိုဆက်လက်ဆောင်ရွက်ဖို့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ဝန်ကြီးဌာနက ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒီအမိန့်အာဏာကို ဥပဒေနှင့်အညီဆောင်ရွက်မှ သာလျှင် ဥပဒေနဲ့အညီလုပ်ဆောင်တာဖြစ်တဲ့အတွက် ထည့်သွင်းထားတယ်လို့ ဒီလိုပဲ သဘောပေါက်ပါတယ်။ အမှတ်စဉ် ၅၂၊ အပိုဒ် ၂၈ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်နဲ့ ဦးစိုင်းဘိုးအောင်တို့က ပြင်ဆင်ပြဋ္ဌာန်းမယ့် ပြင်ဆင်မည့်ပြဋ္ဌာန်းချက် အဆိုတင်ပြဖို့ ဖြစ်ပါတယ်။ တစ်ယောက်တင်ပြရင် လုံလောက်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနကကျွန်တော် တင်သွင်းတဲ့အဆိုနဲ့ အခုထပ်ပြီး တင်သွင်းမယ့်အဆိုရဲ့ သဘောထားချင်းဟာ ဆက်စပ်နေပြီးတော့ ပယ်ဖျက်ဖို့ကျွန်တော်တင်သွင်းထားခြင်းဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီအပိုဒ်

ကမလိုအပ်ဘူးလို့ယူဆတဲ့အတွက်ကြောင့်ပယ်ဖျက်ဖို့ ကျွန်တော်က တောင်းဆိုရခြင်းနဲ့ထည့်သွင်းရခြင်းသာဖြစ်ပါတယ်။ ဘာလို့လည်းဆိုတော့ အခန်း ၁၂ ပြစ်ဒဏ်များ အပိုဒ် ၂၉ နဲ့ ၃၀ မှာ ဖော်ပြထားတာကတော့ မည်သူမဆို ဤဥပဒေနှင့်အညီ သို့မဟုတ် ဤဥပဒေပြုသည့်နည်းဥပဒေများနှင့်အညီ ထုတ်ဆင့်သောအမိန့်တစ်ခုခုကို ဆန့်ကျင်နေလျှင်သော်လည်းကောင်း၊ လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း၊ ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ၊ စီရင်ခြင်း ခံရမည်ဆိုပြီးတော့လည်းကောင်း၊ အပိုဒ် ၃၀ မှာ မည်သူ့ကိုမဆို နည်းဥပဒေပါပြဋ္ဌာန်းချက်နဲ့အညီသော်လည်းကောင်း၊ နည်းဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီသော်လည်းကောင်း တာဝန်ဝတ္တရားများဆောင်ရွက်နေသည်ကို မိမိအလိုအလျောက် ဟန့်တားလျှင် ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်ဆိုပြီးတော့ ပြစ်ဒဏ်မှာ ဖော်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ခုနကတင်တဲ့အပိုဒ်နဲ့ အခုအပိုဒ်ကို ထပ်ပြီးတော့ထည့်သွင်းရန်မလိုဟု ယူဆတဲ့အတွက်ကြောင့်မို့လို့ တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ သို့သော်လည်းပဲ ခုနရဲ့အပိုဒ်မှာ ကျွန်တော့်အနေနဲ့ရှုံးနိမ့်သွားတဲ့အတွက်ကြောင့်မို့လို့ အခုအပိုဒ်ကို ဆက်လက်တင်သွင်းရန်မလိုအပ်တော့ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစိုင်းဘိုးအောင်ရဲ့သဘောထားသိချင်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၂၆မှာ ကျွန်တော်ရှုံးနိမ့်ခဲ့ပြီးတဲ့အတွက် ဒီအပိုဒ် ၂၆ (က)နဲ့ ဆက်စပ်နေတဲ့ အပိုဒ် ၂၈ ကိုလည်းပယ်ဖျက်ဖို့မလိုအပ်တော့ဘူးလို့ ထင်မြင်ယူဆတဲ့အတွက် ကျွန်တော့်အဆိုကိုပြန်လည်ရုပ်သိမ်းပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အပိုဒ်၂၈ ဗိုလ်မှူးကောင်းထက်စံကပြင်ဆင်မည့်ပြဋ္ဌာန်းချက်အဆိုတင်ပြဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကောင်းထက်စံ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားချစ်ခင်ရပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမယ့် ပြင်ဆင်ချက်က အခန်း (၁၂)၊ ပြစ်ဒဏ်များအခန်းမှာပါတဲ့ အပိုဒ် ၂၈၊ ၂၉၊ ၃၀ သုံးခုစလုံးနဲ့ အကျုံးဝင်တဲ့အတွက်ကြောင့်မို့လို့ တစ်ခါတည်းပဲတင်ပြပါရစေခင်ဗျား။ ကျွန်တော်ရဲ့ပြင်ဆင်ချက်ကတော့ အဲဒီအပိုဒ် ၃ ပိုဒ်မှာ ဖော်ပြထားတဲ့ ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထိငွေဒဏ်ဖြစ်စေဆိုတဲ့စကားရပ်တွေအစား ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေဆိုတဲ့စကားရပ်တွေအစားထိုးဖို့ အဆိုတင်သွင်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ဒီအဆိုကို ဘာလို့တင်သွင်းရသလဲဆိုလို့ရှိရင် ကျွန်တော်

တို့ ၁၉၇၄ ခုနှစ်ပထမအကြိမ် ပြည်သူ့လွှတ်တော်ကနေပြီးတော့ ၁၉၈၈ စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တစ်လျှောက်လုံးက ပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ၊ နောက်တစ်ခါ ၁၉၈၈ ကနေပြီးတော့မှ ၁၉၉၇ ခုနှစ်အထိ နဝတအစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့ တဲ့ ဥပဒေတွေနဲ့ ဒီ ၁၉၉၇ ကနေပြီးတော့မှ ၂၀၁၀ ခုနှစ်အထိ ဒီ နယက အစိုးရပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေ အခု လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့လွှတ်တော်တွေကို တင်သွင်းထားတဲ့ ဥပဒေမူကြမ်းတွေကို လေ့လာလိုက်တဲ့အခါမှာ ပြစ်ဒဏ်အနေနဲ့ပတ်သက်ပြီးတော့ အထိဆိုတဲ့စကားလုံးကိုသုံးတာဟာ ၂၀၀၅ခုနှစ်မှာ နောက်ဆုံးပြဋ္ဌာန်းခဲ့တဲ့ ဥပဒေမှာပဲအထိဆိုတဲ့ စကားလုံးကိုသုံးတာ တွေ့ရပါတယ်။ ဒီ ၂၀၀၆ ခုနှစ် ပြဋ္ဌာန်းဥပဒေကစပြီးတော့မှ ထက်မပိုသော စကားလုံးကိုထားခဲ့ကာ ယခု ပြည်ထောင်စုအစိုးရအဖွဲ့ကနေ ကျွန်တော်တို့ လွှတ်တော်တွေကို တင်သွင်းတဲ့ဥပဒေကြမ်းတွေမှာလည်း ဒီလိုပဲတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အခုအချိန်မှာ အထိဆိုတဲ့ စကားလုံးအစား ဒီထက်မပိုသောစကားလုံးက ပိုပြီးတော့မှဆီလျော်တယ်လို့ ထင်မြင်ယူဆတဲ့ အတွက်ကြောင့်မို့လို့ ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ပတ်သက်ပြီးတော့ ထောက်ခံသူအားဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်၊ ဗိုလ်မှူးကောင်းထက်စံရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ လေးလေးနက်နက်ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကောင်းထက်စံတင်ပြတဲ့အချက်နဲ့ မူလတင်ပြတဲ့အချက်ဟာ အဓိပ္ပာယ်ကွဲလွဲမှုမရှိပါဘူး။ သို့သော်လည်းပဲ ဗိုလ်မှူးကောင်းထက်စံတင်ပြတဲ့ ဥစ္စာကပိုပြီးတော့မှဆီလျော်တဲ့အတွက် ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဗိုလ်မှူးကောင်းထက်စံတင်ပြတဲ့အဆိုအပေါ်မှာ ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်အဆို အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀နဲ့သက်ဆိုင်တဲ့ အတွက် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကောင်းထက်စံရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဒါကြောင့်အပိုဒ် ၂၈၊အပိုဒ် ၂၉၊ အပိုဒ် ၃၀တို့သည် ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အမှတ်စဉ် ၅၆၊ အပိုဒ် ၃၁ ဦးစိုင်းကျော်မြင့်၊မိုးနဲက တင်ပြမည့် ပြင်ဆင်ရန်ချက်ကို အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အခန်း ၁၃ အထွေထွေကဏ္ဍမှာ အပိုဒ် ၃၁ (က) မှာ ဝန်ကြီးဌာနသည် လယ်ယာမြေ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟူသောအပိုဒ်တွင် အစိုးရအဖွဲ့၏ သဘောတူညီချက်ကိုသော်လည်းကောင်း၊ အပိုဒ်(ခ)မှ ဝန်ကြီး၏သဘောတူညီချက်ကိုသော်လည်းကောင်း၊ နောက်ပိုင်းမှ သတိမူမိပါသဖြင့် ကျွန်တော်၏ ပြင်ဆင်ပြင်ဆင်ရန်ချက် ၃၁(က)နှင့်(ခ)နှစ်ခုလုံးကိုရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါ့ကြောင့် အပိုဒ် ၃၁ (က)နှင့်(ခ)တို့သည် မူလတိုင်းဥပဒေ၏အစိတ်အပိုင်း ဖြစ်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၅၈၊ အပိုဒ် ၃၂ ဦးတင်မောင်ဦး၊ ရွှေပြည်သာမှ ပြင်ဆင်မည့် ပြင်ဆင်ရန်ချက်အဆိုအား တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး (ရွှေပြည်သာမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေအပိုဒ် ၃၂ မှာ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေနဲ့ ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေတို့ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။ ဤသို့ရုပ်သိမ်းသည့်အခါ အဆိုပါဥပဒေများအရ ဆောင်ရွက်ခဲ့ပြီးသောကိစ္စရပ်များပယ်ဖျက်ခြင်း၊ ပျက်ပြယ်ခြင်းမရှိစေရ၊ မပြီးမပြတ်ကျန်ရှိနေသေးသော ကိစ္စရပ်များကို ဤဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရမည်ဟု ပါရှိပါတယ်။ ဤအပိုဒ် ၃၂ အား ပြင်ဆင်မှုအနေနဲ့ ၃၃ အနေနဲ့ ပြင်ဆင်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ မူလဥပဒေထဲမှာပါရှိတဲ့ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့်ဥပဒေနဲ့ ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေပြင်ဆင်သည့် ဥပဒေတို့ဟာ မလိုအပ်တဲ့အတွက်ကြောင့် ပယ်ဖျက်မှာဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၃၃၊ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ဤသို့ ရုပ်သိမ်းသည့်အခါ အဆိုပါဥပဒေများအရ ဆောင်ရွက်ခဲ့ပြီးသော ကိစ္စရပ်များပျက်ပြယ်ခြင်း မရှိစေရ၊ မပြီးမပြတ် ကျန်ရှိနေသေးသော ကိစ္စရပ်များကို ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဟု ပြင်ဆင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။( သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး (အမရပူရမဲဆန္ဒနယ်)** ။ ။ရွှေပြည်သာမဲဆန္ဒနယ်ကဦးတင်မောင်ဦးရဲ့အဆိုကို အမရပူရမဲဆန္ဒနယ် ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် သိန်းထွန်းဦးမှ ထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ( သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းဘိုးအောင်၊ မူဆယ်နဲ့၊ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် မိုးမိတ်တို့ကလည်း ပြင်ဆင်မည့်ပြဋ္ဌာန်းချက်အဆို တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း (၁၃)၊ အပိုဒ် ၃၂ တွင် လက်ရှိတည်ဆဲ ဥပဒေ ၃ ခုကို ဤဥပဒေနဲ့ရုပ်သိမ်းလိုက်တယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီအပိုဒ် ၃၂ နဲ့ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးချင်တာကတော့ တည်ဆဲဥပဒေတစ်ခုခုကိုရုပ်သိမ်းလိုလျှင် အဲဒီဥပဒေပါ အဓိက ပြဋ္ဌာန်းချက်အားလုံးကို လုံးဝပြင်ဆင်ဖို့လိုအပ်ခြင်း သို့မဟုတ် ဥပဒေပါ ပုဒ်မများရဲ့ထက်ဝက်ကျော် ပြင်ဆင်ရခြင်းများ ရှိမှသာလျှင် ရုပ်သိမ်းရမှာဖြစ်ပြီး ထိုသို့မဟုတ်ပါက ပြင်ဆင်တဲ့ဥပဒေသာ ပြဋ္ဌာန်းရမယ်လို့သိရပါတယ်။ ဒါ့ကြောင့် ဖော်ပြပါတည်ဆဲဥပဒေများအား ရုပ်သိမ်းနိုင်လောက်အောင် လွှမ်းခြုံနိုင်မှု မရှိဘူးလို့ထင်မြင်ယူဆတဲ့အတွက် အဲဒီအပိုဒ်ကို ပယ်ဖျက်ပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းဆာ(တန့်ယန်းမဲဆန္ဒနယ်)။** ။ ဦးစိုင်းဘိုးအောင် တင်သွင်းသွားတဲ့ အဆိုကို ကျွန်တော် တန့်ယန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်းက ထောက်ခံပါတယ်။( သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဦးရဲ့ သဘောထားသိလိုပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ တင်ပြထားတဲ့ဥပဒေဟာ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေကိုလွှမ်းခြုံအောင် ရေးဆွဲပြီး တင်ပြထားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် မူလတုန်းကတော့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေနဲ့ ၁၉၆၅ ခုနှစ်၊ သီးစားချထားရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေတွေကို ဒီဥပဒေနဲ့ ရုပ်သိမ်းသည်လို့ ဖော်ပြမိခဲ့ပါတယ်။ တကယ်ကတော့ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကိုပဲ လွှမ်းခြုံတာဖြစ်ပါတယ်။ ဒါ့ကြောင့် ရွှေပြည်သာမဲဆန္ဒနယ်က အဆိုရှင်ဦးတင်မောင်ဦးတင်ပြတဲ့အတိုင်း ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းသည်ဆိုတဲ့ စာသားပါတဲ့အတိုင်း ကျွန်တော့်အနေနဲ့ အတည်ပြုပါကြောင်းတင်ပြ အပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားသိလိုပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရွှေပြည်သာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ တင်ပြချက်ဖြစ်တဲ့ ဥပဒေအပိုဒ် ၃၃၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ဤသို့ရုပ်သိမ်းသည့်အခါ အဆိုပါဥပဒေများအရ ဆောင်ရွက်ခဲ့ပြီးသော ကိစ္စရပ်များပျက်ပြယ်ခြင်းမရှိစေရ၊ မပြီးမပြတ်ကျန်ရှိနေသေးသော ကိစ္စရပ်များကို ဤဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်ရမည်ဆိုတဲ့ဖော်ပြချက်က ကျွန်တော်တို့ ပြီးခဲ့တဲ့ခေတ်နဲ့စနစ်နဲ့ မကိုက်ညီတော့တဲ့ ဤဥပဒေအဟောင်းများအားလုံးလွှမ်းခြုံပြီးတော့မှ Inclusive ကျွန်တော်တို့ ပြီးတော့မှ Over Rule ဖြစ်ဖို့လိုအပ်တဲ့အချက်ကို တိတိကျကျဖော်ပြပြီးတော့မှ ပါရှိတဲ့အတွက်ကြောင့် ဒီအပိုဒ်က လေးနက်ပါတယ်။ တစ်နိုင်ငံလုံး လွှမ်းခြုံဖို့အတွက်လည်း ဒီအချက်ကိုထည့်သွင်းဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထည့်သွင်းဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးတင်မောင်ဦးရဲ့တင်ပြချက်အပေါ်မှာ အထူးထောက်ခံ ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး တင်သွင်းတဲ့အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်အပိုဒ် ၃၂ သည် ဦးတင်မောင်ဦး၏ ပြင်ဆင်ထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိမိထံတင်ပြထားတဲ့ဇယားထဲမှာ အမှတ်စဉ် ၆၀၊ အပိုဒ် ၃၂ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်က ဆွေးနွေးရန်ဆိုပြီးတော့ ခေါင်းစဉ်တစ်ခုနဲ့ စာကြောင်းရေလေးကြောင်းပါ ပါတယ်။ မိမိတို့ စတင်ပြီးတော့ လွှတ်တော်ကိုကြေညာကတည်းက ဥပဒေများနဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ ပြင်ဆင်မှုရှိတဲ့ဟာတွေကိုသာ ဆက်လက်ဆွေးနွေးဖို့ဖြစ်ပြီးတော့ သီးခြားဆွေးနွေးရန် မပြုလုပ်ရလို့ ကြိုပြောထားတဲ့အတွက် ဒီဇယားထဲမှာ တင်ပြထားတဲ့ အပိုဒ် ၃၂ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်က ဆွေးနွေးရန်ဆိုတာ လွှတ်တော်မှာဆွေးနွေးရန်မလိုကြောင်း အသိပေးအပ်ပါတယ်။ နောင်ဆက်လက် ဆောင်ရွက်မယ့် ဥပဒေကြမ်းများနဲ့ပတ်သက်လို့လည်း ပြင်ဆင်မည့်ပြဋ္ဌာန်းချက်များကိုသာ တင်ပြပြီး တော့ အဲဒီလို ပြင်ဆင်မှုပြဋ္ဌာန်းချက်ကိုဘာကြောင့် ပြင်ဆင်ရတယ်ဆိုတဲ့အကြောင်းအရာ ရှိလို့ရှိရင် ဆွေးနွေးရုံမှတစ်ပါးကျန်တဲ့ အခုလိုတင်ပြချက်မျိုး ဇယားထဲမှာထည့်သွင်းစရာ မလိုအပ်ဘူးဆိုတာ ကိုလည်းသက်ဆိုင်ရာ တာဝန်ရှိတဲ့သူများက ဆက်လက်ဆောင်ရွက်ဖို့ဖြစ်တယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲ အလိုက် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန်ဖြစ်ပါတယ်။ ယခု လွှတ်တော်ရဲ့သဘော ထားရယူပါမယ်။ လွှတ်တော်က မိမိရဲ့အဆိုတင်ပြချက်ကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ နည်းဥပဒေခွဲ (ဃ)အရ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲ အလိုက် ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ် ၊စက်တင်ဘာလ ၂၁ ရက် ဗုဒ္ဓဟူးနေ့ ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။